ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (4-3-2015) (၈၁၃၄)

ကျောင်းဆရာ၊ အလုပ်သမား၊ အစိုးရအမှုထမ်းများအရေးကို သီးခြားမလုပ်ဘဲ အားလုံးခြုံပြီးလုပ်ရမှာပဲ။ ဆိုင်ရာအသင်းအဖွဲ့များက နည်းလမ်းတကျ တရားသဖြင့် တောင်းဆိုကြမယ်ဆိုလျှင် အစိုးရတို့က သေသေချာချာစဉ်းစားပြီး ထိုက်သင့်သလို ဆောင်ရွက်ပေးမှာပဲ။ ဒီလိုပြောလို့လည်း တောင်းသမျှပေးမယ်လို့ မဆိုလိုဘူး။ ဘယ်အစိုးရမှလည်း တောင်းတိုင်းပေးနိုင်မှာမဟုတ်ဘူး။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများအစည်းအဝေး၌ ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)*

# သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်း

**နေပြည်တော်   မတ်   ၃**

၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တာဝန်ရှိသူများ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ထူးခြားသည့် နေ့အပူချိန်များ**

ချောက်
၄၂ ဒီဂရီစင်တီဂရိတ်
ဘော်လခဲ
၄၂ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(တပ်ကုန်း)
၄၀ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)
၄၀ ဒီဂရီစင်တီဂရိတ်
ရမည်းသင်း
၄၀ ဒီဂရီစင်တီဂရိတ်

**ဥပဒေစကား ပြောကြားပါရစေ**

စာမျက်နှာ » ၆



## ကြေးမုံစာတည်းရှုထောင့် ၄-၃-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု

လူသားတို့အတွက် မဖြစ်မနေလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေး၊ နေရေး ဟူသောအရေးသုံးပါးဖြစ်ပါသည်။ ထိုအရေးသုံးပါးအနက် နေ့စဉ်အဓိကလိုအပ်ချက်မှာ "စားရေရိက္ခာနှင့် အာဟာရ"လိုအပ်ချက်ဖြစ်သည်။ ယင်းလိုအပ်ချက်ကို နယ်ပယ်အလိုက် နေ့စဉ်ဖြည့်ဆည်းလျက်ရှိသည့်အပြင် နောင်တိုးပွားလာမည့် လူဦးရေအတွက်လည်း မျှော်တွေးကြံဆလုပ်ကိုင်နေကြသည်။

ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် လူဦးရေ နေ့စဉ်တိုးပွားနေသည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ကျော်ရှိနေပြီး လာမည့် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၉၀၀၀ ကျော်လာမည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိတွင် လူဦးရေ သန်း ၅၀ ကျော်ရှိရာမှ နောင်ကာလများတွင် သန်း ၁၀၀ ကျော်လာဦးမည်ဖြစ်သည်။

တိုးပွားလာမည့် လူဦးရေအတွက် စားရေရိက္ခာနှင့် အာဟာရ လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန် လူသားများအမှီပြုသည့် သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စားရေရိက္ခာပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံတိုင်း နိုင်ငံတိုင်းကလည်း မိမိတို့တတ်နိုင်သည့် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းပြင်ဆင် အားထုတ်လုပ်ကိုင်လျက်ရှိသည်။

ထိုသို့လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် တစ်ဆက်တည်းဖြစ်သည့် ကမ္ဘာ့ရာသီဥတုပြင်းထန်စွာ ပူပြင်းခြောက်သွေ့မှု၊ လွန်ကဲစွာမိုးသည်းထန်ရွာသွန်းမှုနှင့် မိုးခေါင်မှု၊ အအေးလွန်ကဲမှုကြောင့် ဆီးနှင်းများကျရောက်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်မှု၊ ဆူနာမီလှိုင်းကျရောက်မှုစသည့် သဘာဝဘေးအန္တရာယ်တို့ကိုလည်း ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။

ယခုအခါ အဆိုပါသဘာဝဘေးအန္တရာယ်များကြုံတွေ့ရပါက စားနပ်ရိက္ခာ မလုံလောက်မှုအခက်အခဲများမှ ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတိုင်းက အလေးထားထည့်သွင်း စဉ်းစားဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သော၊ ချက်ချင်းလက်ငင်းတားဆီးမရနိုင်သော ကိစ္စဖြစ်ပါသည်။ မည်သည့်ဘေးအန္တရာယ်ရှိသည်ဖြစ်စေ မိမိတို့အနေဖြင့် မလျော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝကပေးသော မြေသယံဇာတ၊ ရေသယံဇာတပေါများကြွယ်ဝပြီး စိုက်ပျိုးရေးလုပ်ကိုင်ရန် အလွန်ကောင်းမွန်သောနိုင်ငံဖြစ်သည်။ လက်ရှိအချိန်အခါတွင် သဘာဝကပေးသော အနေအထားကောင်းများကိုအသုံးချ၍ မိမိတို့၏ရိုးသားဖြူစင်မှု၊ အလုပ်ကြိုးစားမှုတို့ဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သင့်သော အချိန်ကောင်းဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ခေတ်မီဆည်ရေသောက် လယ်ယာမြေစနစ်သို့ ပြောင်းလဲခြင်း၊ မိရိုးဖလာစိုက်ပျိုးနည်းအစား အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် စိုက်ပျိုးနည်းပညာများ ပြောင်းလဲအသုံးပြုခြင်း၊ သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရေး ပညာပေးဆောင်ရွက်ခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်များ ချထားပေးခြင်း၊ အရင်းအနှီးထုတ်ပေးခြင်း စသည့်အခြေအနေကောင်းများ ရှိနေပါသည်။

ထိုအခြေအနေကောင်းများရှိနေသောကြောင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် ဈေးကွက်ကိုယှဉ်ပြိုင်နိုင်မည့် အဆင့်မြင့် အရည်အသွေးကောင်း တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်ကြဖို့ အားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကလည်း အဘက်ဘက်က ပံ့ပိုးကူညီပေးနေသည်ကို တွေ့ရပါသည်။

သို့မှသာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာကာ အနာဂတ်အတွက် လိုအပ်လာမည့် စားနပ်ရိက္ခာများ ဖူလုံပိုလျှံလာမည်ဖြစ်ပါသည်။ ။

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Bruce Rata Shepherd အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




## စာပေမြင့်မှ လူမျိုးတင့်မည်

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃**

| | | |
|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၂၂၀၀ - ၆၇၃၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၁၃၀၀ - ၆၇၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၆၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၈၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၄၈. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၃. ၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၁. ၇၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၈၂. ၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၈၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၅၅. ၃၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၅၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၇၉၇. ၂၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၅၂. ၄၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## သံအမတ်ကြီး ဦးစိုးနွယ်အား ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကျင်းပ



**နေပြည်တော် မတ် ၃**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဒသမအကြိမ်ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရှိသာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ဩဝါဒခံယူကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဦးစိုးဝင်းတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဈေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ ဟောကြားချီးမြှင့်တော်မူသည့် ရေစက်ချအနုမောဒနာတရားကို နာယူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်စည်းဝေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

**နေပြည်တော် မတ် ၃**

မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁ ရက်အထိ မလေးရှားနိုင်ငံ ကိုတာဘာရူမြို့ Renaissance ဟိုတယ်၌ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၂၁) ကြိမ်မြောက် သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံ၏ အာဆီယံ စီးပွားရေးဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Dato' Sri Mustapa Mohamed က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီတွင် Renaissance ဟိုတယ် Merbok ခန်းမ၌ မလေးရှားနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး YB. Dato' Seri Idris Jala က တင်ပြသည့် "အာဆီယံ၏ ရှေ့ဆောင်လမ်းပြ စီမံချက်"အပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့်အတူ ပါဝင်ဆွေးနွေးခဲ့ပြီး ညနေ ၆ နာရီ ၁၅ မိနစ်တွင် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Dato' Sri Mustapa Mohamed မှ တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲသို့ တက်ရောက်သည်။ ညစာစားပွဲပြီးနောက် ည ၈ နာရီမှ ၁၀ နာရီအထိ အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးကို Renaissance ဟိုတယ် Merpati ခန်းမ၌ ကျင်းပရာ အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၇)ကြိမ်မြောက် အစည်းအဝေးမှ စီးပွားရေးဝန်ကြီးများသို့ တင်ပြသည့် အစီရင်ခံစာပါ အေအီးစီ ၂၀၂၅ မူဘောင်တွင် ထည့်သွင်းမည့် အာဆီယံ စီးပွားရေး အသိုက်အဝန်းဆိုင်ရာ အကြောင်းအရာများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ခိုင်မာတောင့်တင်းစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံ အပေါင်းတစ် ဆွေးနွေးဖက်နိုင်ငံများ၊ အပေါင်းတစ် ဆွေးနွေးဖက်များ အောက်ရှိ စီးပွားရေးကောင်စီများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် တွေ့ဆုံဆွေးနွေးမည့် ယန္တရားပုံစံများအပေါ် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီးနောက် အာဆီယံကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ရေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများနှင့် အာဆီယံ စီးပွားရေးလုပ်ငန်းရှင်များအတွက် ခရီးသွားလာခွင့်ကတ် (ASEAN Business Travel Card-ABTC) ထုတ်ပေးရေးအတွက် ကြုံတွေ့နိုင်မည့် ဘဏ္ဍာရေးနှင့် နည်းပညာ လိုအပ်ချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မတ် ၁ ရက်တွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၂၁)ကြိမ်မြောက် သီးသန့်အစည်းအဝေးကို Renaissance ဟိုတယ် Ball Room (1) ၌ ကျင်းပခဲ့ရာ အာဆီယံစီးပွားရေး အကြံပေးကောင်စီဥက္ကဋ္ဌက စီးပွားရေးဝန်ကြီးများသို့ တင်ပြသည့် အစီရင်ခံစာပါ အာဆီယံအသေးစားနှင့် အလတ်စား စက်မှုဘဏ်ထူထောင်ရန်နှင့် ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် ငွေကြေးဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူအုပ်စုဖွဲ့စည်းရန် အဆိုပြုချက်၊ အင်ဂျင်နီယာနှင့် ဗိသုကာဆိုင်ရာ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်း လုပ်ကိုင်စေရေးတွင် ကောင်းမွန်သော တိုးတက်မှုများ ရရှိစေရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် မလေးရှားနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများ၊ အေအီးစီ ၂၀၁၅ ပြည့်မီအောင်မြင်စေရေးတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း အကဲဖြတ်မှတ်တမ်းအရ ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်းများအနက် ၂၀၁၅ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးကိစ္စများ၊ ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေသည့် အကောက်ခွန်မဟုတ်သည့် အစီအမံများ/အတားအဆီးများကို ဖြေရှင်းမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းမှုများအပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၂၁)ကြိမ်မြောက် သီးသန့်အစည်းအဝေးနှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ဝန်ကြီးများမှ အတည်ပြုခဲ့သည်။

ထို့နောက် စီးပွားရေးဝန်ကြီးများသည် ညနေပိုင်းတွင် ကီလန်တန်ပြည်နယ်၏ မလေးရှားနိုင်ငံနှင့်ထိုင်းနိုင်ငံ နယ်စပ်မြို့ဖြစ်သည့် Rantau Panjang သို့သွားရောက်၍ နယ်စပ်ကုန်သွယ်မှုစခန်း၏ လုပ်ငန်းဆောင်ရွက်မှုကို သွားရောက်လေ့လာခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ ဘာနားမားသတင်းဌာန ကိုယ်စားလှယ်အား ကိုတာဘာရူမြို့ Renaissance ဟိုတယ်၌ လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုတို့ကို ရှင်းလင်းပြောကြားသည်။

အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၂၁)ကြိမ်မြောက် သီးသန့်အစည်းအဝေး မတိုင်မီ ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ၂၀၁၅ အလွန် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်လုပ်ငန်း အဖွဲ့အစည်းအဝေး၏ (၈)ကြိမ်မြောက် အစည်းအဝေးနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံ အဆင့်မြင့်စီးပွားရေး အရာရှိများ၏ အကြိုညှိနှိုင်း အစည်းအဝေးတို့သို့ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်က ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၂၇-၂-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၄၆ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၂၂ ဦး ပေါင်း သက်တမ်းတိုး ၆၈ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ရှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့် နှစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် သုံးဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေလုပ်ငန်း ၂၀ ဦးတို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦး၊ ပုံနှိပ်လုပ်ငန်း လိပ်စာပြောင်း တစ်ဦး၊ ထုတ်ဝေသူ အမည်ပြောင်း နှစ်ဦးအား လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော ထုတ်ဝေလုပ်ငန်း အမည်ပြောင်းနှင့် သက်တမ်းတိုး တစ်ဦးကို ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၇၇၆ ဦးနှင့် အသစ်လျှောက်ထားသူ ၁၀၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၇၅၃ ဦးနှင့် အသစ်လျှောက်ထားသူ ၃၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ခြောက်ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၁၉၅၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ သုံးဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ သတင်းအေဂျင်စီအသစ်လျှောက်ထားသူ တစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၁၁ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၇၃ ဦး စုစုပေါင်းပညာသင် ၁၈၄ ဦးကို ပြည်ပနိုင်ငံ ၁၄ နိုင်ငံသို့ သွားရောက်ပညာသင်ဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား
## Entertainment Channel

၄-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆:၀၀ | အဖွင့်<br>- ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၄) |
| ၆:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၆၅) |
| ၆:၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၆၆) |
| ၇:၁၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၇:၂၅ | "မဟော်သဓာ"(အပိုင်း- ၁၁) |
| ၈:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၆) |
| ၈:၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၇) |
| ၉:၄၀ | မြန်မာရုပ်ရှင်(ဖြူ/မည်း) "ပြုံးအလှပိုင်ရှင်" (ရန်အောင်၊ ဇင်မာဦး) (ဒါရိုက်တာ-မြန်အောင်မြစိန်) |

## နိုင်ငံခြားကုမ္ပဏီများ၏ သတ္တုထုတ်လုပ်ခွင့်လိုင်စင်များ သီရိလင်္ကာသမ္မတသစ်က ပြန်လည်ဖျက်သိမ်း

**ကိုလံဘို မတ် ၃**

သီရိလင်္ကာနိုင်ငံ၌ နီလာနှင့် အခြားသောကျောက်မျက်ရတနာများရှာဖွေမည့် နိုင်ငံခြားကုမ္ပဏီ ၁၆ ခုအား ယခင်အစိုးရအဖွဲ့က ထုတ်ပေးခဲ့သည့် သတ္တုတူးဖော်ရေးလိုင်စင်များကို သမ္မတသစ်က ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း သမ္မတရုံးက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပြည်တွင်းသတ္တုတူးဖော်ရေးလုပ်ငန်းကို ပိုမိုအကာအကွယ်ပေးနိုင်စေရန် ယခင်အစိုးရအဖွဲ့က ထုတ်ပေးခဲ့သော ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး လိုင်စင်များကို ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း သမ္မတ မေသရီပါလာ သီရိသေနာ၏ရုံးက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

လိုင်စင်ပြန်လည် ဖျက်သိမ်းရသော နိုင်ငံခြားကုမ္ပဏီများ၏ အမည်နာမကို သီရိလင်္ကာအစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ကြီးကြီးမားမားတည်ရှိသော သီရိလင်္ကာနိုင်ငံသည် ကမ္ဘာကျော် ကျောက်မျက်ရတနာများ ပေါ်ထွက်ရာနိုင်ငံလည်း ဖြစ်သည်။

သို့ရာတွင် သမားရိုးကျ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းမှာ လူအင်အားကို အဓိကသုံးစွဲရသော လုပ်ငန်းဖြစ်ပြီး နည်းပညာသစ်အသုံးပြုရန် ဒေသခံပြည်သူတို့က လိုလားခြင်းမရှိကြောင်း၊ အကြောင်းမှာ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းတွင် နည်းပညာသစ် အသုံးပြုမည်ဆိုပါက ဒေသခံများ အလုပ်လက်မဲ့ဖြစ်မည့်အရေးကို စိုးရိမ်ပူပန်ကြသောကြောင့်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ပီတီအိုင်။**

## ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သူအမတ်များကို ဟောင်ကောင်ရဲတပ်ဖွဲ့ ခေတ္တထိန်းသိမ်း

**ဟောင်ကောင် မတ် ၃**

ဟောင်ကောင်၌ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပပေးရန် တောင်းဆိုသည့် လူထုဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသူ အမတ်များကို ရဲတပ်ဖွဲ့က ခေတ္တထိန်းသိမ်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသူ အမတ်များအား ရဲတပ်ဖွဲ့က ခေတ္တထိန်းသိမ်းကာ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ဟောင်ကောင်တွင် လမ်းများကိုပိတ်ဆို့၍ ဆန္ဒပြမှုများမှာ ဒီဇင်ဘာလတွင် ပြီးဆုံးခဲ့သည်။ ရဲတပ်ဖွဲ့သည် သပိတ်စခန်းများကို လမ်းများပေါ်မှ ရှင်းလင်းဖယ်ရှားခဲ့သည်။

ဟောင်ကောင် ဆန္ဒပြပွဲများ၏ ခေါင်းဆောင်အများအပြားကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သော်လည်း ကျောင်းသားခေါင်းဆောင်အချို့ကို စွဲချက်တင်ခြင်းမရှိဘဲ ပြန်လည်လွှတ်ပေးခဲ့သည်။

**ပီတီအိုင်။**




## အိုင်အက်စ်တို့ကဲ့သို့ ခေါင်းဖြတ်သတ်ဖြတ်မှုများပြုလုပ်လာသည့် ဘိုကိုဟာရမ်စစ်သွေးကြွများ

**အဘူဂျာ မတ် ၃**

နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်စစ်သွေးကြွများသည် အမျိုးသားနှစ်ဦးကို သူလျှိုလုပ်သည်ဟူသောစွပ်စွဲချက်ဖြင့် ခေါင်းဖြတ်သတ်ဖြတ်သည့် ဗီဒီယိုကို အွန်လိုင်းပေါ်သို့ တင်လိုက်ခြင်းဖြင့် အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏လမ်းစဉ်ကဲ့သို့ ပြုမူလုပ်ဆောင်လာကြပြီဖြစ်သည်။

မတ် ၂ ရက်က ထွက်ပေါ်ခဲ့သည့် ဗီဒီယိုတွင် အမျိုးသားနှစ်ဦးကို လက်ပြန်ကြိုးတုပ်ကာ ဒူးထောက်ထိုင်ခိုင်းထားပြီး ၎င်းတို့နောက်တွင် ဘိုကိုဟာရမ်စစ်သွေးကြွတစ်ဦးက ဓားကိုင်ထားသည်ကို တွေ့ရသည်။ ဒူးထောက်ထားသည့် အမျိုးသားတစ်ဦးက စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်ပြီး သူလျှိုလုပ်သည့်အတွက် ပေးဆပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်ကိုတွေ့ခဲ့ရပြီးနောက် အဆိုပါအမျိုးသား၏ခေါင်းပြတ်ကို ပြသသွားခဲ့သည်။ ယင်းဗီဒီယိုသည် အစစ်အမှန် ဟုတ်၊ မဟုတ်နှင့် မည်သည့်နေ့ရက်က သတ်ဖြတ်ခဲ့သည်ကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ယင်းဗီဒီယိုပြကွက်များမှာ အိုင်အက်စ်စစ်သွေးကြွများ ခေါင်းဖြတ်သတ်ဖြတ်သည့် ဗီဒီယိုပြကွက်များကဲ့သို့ တူညီသောအချက်များတွေ့ရကြောင်း နိုင်ငံတကာအကြမ်းဖက်မှုများ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ ဘိုကိုဟာရမ်စစ်သွေးကြွများကလည်း ၎င်းတို့အနေဖြင့် အိုင်အက်စ်စစ်သွေးကြွများနှင့် ပူးပေါင်းသွားဖွယ်ရှိကြောင်း လွန်ခဲ့သည့်လက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်က ဘိုကိုဟာရမ်စစ်သွေးကြွများနှင့် အယ်လ်ခိုင်ဒါရော အိုင်အက်စ်တို့နှင့်ပါ မဟာမိတ်ပြုထားကြောင်း ပြောကြားထားသော်လည်း ယင်းအဖွဲ့ကိုယ်တိုင်က အတည်ပြုပြောကြားခြင်းမရှိသေးပေ။

ဘိုကိုဟာရမ်စစ်သွေးကြွများသည်လည်း အစ္စလာမ့်စ်နိုင်ငံထူထောင်ရန် ကြိုးပမ်းလျက်ရှိပြီး လူထောင်ပေါင်းများစွာသတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းအဖွဲ့သည် လွန်ခဲ့သည့်လများအတွင်း ကင်မရွန်း၊ ချဒ်နှင့် နိုင်ဂျာနိုင်ငံနယ်စပ်တို့ကို ကျူးကျော်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

**သည်ဂါးဒီးယန်း။**

## ချီလီနိုင်ငံတောင်ပိုင်းရှိ ဗီလာရီကာမီးတောင် ပေါက်ကွဲ ကျေးရွာများ ဘေးကင်းရာရွှေ့ပြောင်းခဲ့ရ

**ဆန်တီယာဂို မတ် ၃**

မတ် ၃ ရက်အစောပိုင်းက ချီလီနိုင်ငံတောင်ပိုင်းရှိ ဗီလာရီကာမီးတောင် ပေါက်ကွဲခဲ့ရာ ပြာနှင့်ချော်ရည်များ ကောင်းကင်ယံသို့ မှုတ်ထုတ်မှုကြောင့် အနီးဝန်းကျင်ရှိ လူများအား ဘေးကင်းရာရွှေ့ပြောင်းခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

မြို့တော်ဆန်တီယာဂို၏တောင်ဘက် ကီလိုမီတာ ၇၅၀ (၄၆၀ မိုင်)ဝန်းကျင်ရှိ ကမ္ဘာလှည့်ခရီးသွားများ နှစ်သက်ရာ အပန်းဖြေစခန်း ပူကွန်မြို့အနီးတည်ရှိသော ဗီလာရီကာမီးတောင်မှာ တောင်အမေရိကတိုက်၏ လှုပ်ရှားမှုအများဆုံးမီးတောင်များအနက် တစ်လုံးဖြစ်ပြီး နောက်ဆုံးပေါက်ကွဲမှုမှာ ၂၀၀၀ ခုနှစ်ကဖြစ်သည်။ ရုပ်မြင်သံကြားပြကွက်များတွင် မီးတောင်မှာ အရုဏ်တက်ချိန်အထိ လှုပ်ရှားမှုမရှိသော်လည်း ဒေသစံတော်ချိန် နံနက် ၃ နာရီခန့်တွင် ပေါက်ကွဲခဲ့ပြီး လိမ္မော်ရောင်ချော်ရည်များနှင့် ပြာများကို ကောင်းကင်သို့ ပန်းထွက်နေပုံပြသနေသည်။ ကြိုတင်ကာကွယ်မှုတစ်ခုအနေဖြင့် ဒေသခံပြည်သူ ၃၃၈၅ ဦးအား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီး ရော့ဒရီဂိုပင်နေလီလိုက ပြောကြားသည်။

ချီလီအစိုးရက အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရန်အတွက် မတ် ၃ ရက် နံနက်တွင် ရဲနှင့် စစ်ဘက်တာဝန်ရှိသူများ သမ္မတနန်းတော်၌ အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ ပစိဖိတ်မီးတောင်နှုတ်ခမ်းဝတွင် တည်ရှိနေသော ချီလီနိုင်ငံမှာ လှုပ်ရှားနိုင်ခြေရှိသည့် မီးတောင် ၅၀၀ အပါအဝင် အင်ဒိုနီးရှားနိုင်ငံပြီးနောက် မီးတောင်များ အများဆုံးရှိသည့် ကမ္ဘာ့ဒုတိယမြောက်နိုင်ငံဖြစ်သည်။ ၂၀၁၁ ခုနှစ်ကလည်း ပူရီဟူမီးတောင်မှ လေထုထဲ မှုတ်ထုတ်လိုက်သည့် ပြာထုကြောင့် အိမ်နီးချင်းအာဂျင်တီးနားနိုင်ငံတွင် လေကြောင်းခရီးစဉ်များ လပေါင်းများစွာကြာ နှောင့်ယှက်ခဲ့သည်။ နောက်လာမည့် အခြေအနေများကို စိစစ်တွက်ချက်ရန် ကျွမ်းကျင်သူများ ဗီလာရီကာနယ်မြေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပင်နေလီလိုက ဆိုသည်။

**ရိုက်တာ။**

❑



## လစ်ဗျားတပ်ဖွဲ့ ရေနံဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်

**ဘင်ဂါဇီ မတ် ၃**

လစ်ဗျားတပ်ဖွဲ့များသည် မော်ရိုကိုတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုများမပြုလုပ်မီ စစ်ပွဲအားအရှိန်မြှင့်သည့်အနေဖြင့် ဆီသိုလှောင်ထားသော ဆိပ်ကမ်းများနှင့် လေဆိပ်တို့ကို အင်္ဂါနေ့က တိုက်ခိုက်ခဲ့သည်။

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ ပြုတ်ကျသွားပြီး လေးနှစ်အကြာတွင်ဖြစ်ပွားသော စင်ပြိုင်အစိုးရနှစ်ခု၏ တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများတွင် ဆီလှောင်ကန်များနှင့် အခြားအရေးကြီးသော အရင်းအမြစ်များမှာ ပစ်မှတ်များဖြစ်လာခဲ့သည်။

ဝန်ကြီးချုပ် အဗ္ဗဒူလာ အယ်လ်သာနီ၏ နိုင်ငံတကာ အသိအမှတ်ပြု အစိုးရအဖွဲ့နှင့် ရွေးကောက်ခံပါလီမန်တို့က နိုင်ငံ၏အရှေ့ပိုင်းကို ထိန်းသိမ်းထားပြီး စင်ပြိုင် လစ်ဗျားတပ်ဖွဲ့က မြို့တော်ထရီပိုလီကို နွေဦးမှစတင်သိမ်းပိုက်ကာ အုပ်ချုပ်နေကြသည်။

ထရီပိုလီ၏ မဟာမိတ်တပ်ဖွဲ့များသည် ရေနံဆိပ်ကမ်းများဖြစ်သော ရတ်လူနတ်နှင့် အစ်ဆီဒရာတို့အား ဗုံးကြဲခဲ့ကြကြောင်း အယ်လ်သာနီ၏အစိုးရအဖွဲ့မှ လုံခြုံရေး တာဝန်ရှိသူက ပြောကြားသည်။

"သူတို့က ရတ်လူနတ်မှာရှိတဲ့ အရပ်ဘက်ဆိုင်ရာ လေဆိပ်နဲ့ အစ်ဆီဒရာမှာရှိတဲ့ ရေနံတွင်းတွေကို တိုက်ခိုက်တာပါ"ဟု လစ်ဗျားရေနံတွင်း အစောင့်တပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အစ်ဆီဒရာနှင့် လူနတ်တွင်ရှိသော ရေနံတွင်းများသည် လစ်ဗျားရေနံထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ကိုယ်စားပြုသည်။

**ရိုက်တာ။**



## အီရတ်တပ်ဖွဲ့များအား လေ့ကျင့်ပေးရန် ဩစတြေးလျတပ်ဖွဲ့ကို စေလွှတ်မည်

**ဆစ်ဒနီ မတ် ၃**

အီရတ်တပ်ဖွဲ့များအား စစ်ရေးလေ့ကျင့်ပေးသည့် အထူးလုပ်ငန်းတစ်ရပ်ကို နယူးဇီလန်နိုင်ငံနှင့်အတူ ထမ်းဆောင်နိုင်စေရန်အတွက် ဩစတြေးလျနိုင်ငံက အီရတ်နိုင်ငံသို့ နောက်ထပ် တပ်ဖွဲ့ဝင် ၃၀၀ ကို စေလွှတ်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းထောက်များက မတ် ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က သိမ်းပိုက်ထားသော နယ်မြေများကို ပြန်လည်သိမ်းယူနိုင်ရန် စစ်ဆင်တိုက်ခိုက်မည့် အီရတ်တပ်ဖွဲ့များအား ဩစတြေးလျတပ်ဖွဲ့က စစ်ရေးလေ့ကျင့်ပေးရာတွင် ပါဝင်ကူညီမည်ဖြစ်သည်။

စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်နိုင်ရေးအတွက် အီရတ်တပ်ဖွဲ့၏ စွမ်းပကားကို မြှင့်တင်ပေးနိုင်ရန် စစ်ရေးလေ့ကျင့်ပေးမည့် နယူးဇီလန်တပ်ဖွဲ့ဝင် ၁၄၀ ခန့်ကို အီရတ်နိုင်ငံ၌ ဖြန့်ကြက်နိုင်မည်ဖြစ်ကြောင်း နယူးဇီလန်အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံ၏ ထုတ်ပြန်ကြေညာချက်ပေါ်ထွက်လာခဲ့သည်။

အီရတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များပါဝင်သော အင်အား ၃၀၀၀၀ ခန့်က တီကရစ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရန် အကြီးကျယ်ဆုံးသော ထိုးစစ်တစ်ရပ်ကို မကြာသေးမီက စတင်ဆင်နွှဲခဲ့သည်။ တီကရစ်မြို့သည် အီရတ်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများ၏ အစိုးရခြေကုပ်စခန်းများအနက် ခြေကုပ်စခန်းတစ်ခုဖြစ်သည်။

**ပီတီအိုင်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၃**

မြန်မာ-နယူးဇီလန် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ၅၅ နှစ်ကျော် ရှိ၍ ကောင်းမွန်သော ဆက်ဆံရေး ရှိပြီး တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်အနေဖြင့် နယူးဇီလန်နိုင်ငံတွင် သင်တန်းများစေလွှတ်တက်ရောက်စေနိုင်ခြင်းဖြင့် ပူးပေါင်းဖလှယ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Bruce Rata Shepherd အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Bruce Rata Shepherd နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယူးဇီလန်နိုင်ငံ၏ နည်းပညာမြင့်မားမှု၊ ကောင်းမွန်သော မွေးမြူရေးနည်းစနစ်ရှိမှုတို့ကို အတွေ့အကြုံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်၍ နှစ်နိုင်ငံ အကျိုးရှိစွာ အသုံးချနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာတွင် အုပ်ချုပ်မှုပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာတို့၌ အတွေ့အကြုံဖလှယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုးကန့်ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် ဒေသအုပ်ချုပ်မှု အဖွဲ့အစည်းများ၊ ကြက်ခြေနီအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသ၏ တည်ငြိမ်မှုအတွက် တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်မှုအခြေအနေအရ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော် သံအမတ်ကြီးက နယူးဇီလန်နိုင်ငံအနေဖြင့် Peace Keeping လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအဖွဲ့များ စေလွှတ်ရန်ရှိပါကြောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ စစ်သံမှူးကို မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးအဖြစ်ထားရှိ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လောက်ကိုင်ဒေသရှိ ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးမှု အခြေအနေများကို သိရှိလိုပါကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲများနှင့်ပတ်သက်၍ တပ်မတော်အတွက် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုဖြစ်သည်ကို နားလည်ပါကြောင်း၊ မိမိအနေဖြင့်လည်း တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့၍ တောင်ပေါ် တောတွင်းစစ်ဆင်ရေး၏ အခက်အခဲများကို သိရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍများတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးပြောကြားသည်။

နယူးဇီလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၅၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ နယူးဇီလန်သံရုံးကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် Mr. Bruce Rata Shepherd က သံအမတ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ နယူးဇီလန်နိုင်ငံသည် ၁၉၇၆ ခုနှစ်ကတည်းက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် စတင်ဆောင်ရွက်လာခြင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် အကူအညီများ ပေးအပ်လာခြင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခြင်းများ ပြုလုပ်လာခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃**

(၅၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့် ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် (ခ)အဆင့် တတိယဆုရရှိသော အသင်း၊ (က)အဆင့် တတိယဆုရရှိသောအသင်း၊ (ခ)အဆင့်နှင့် (က)အဆင့်ပြိုင်ပွဲများတွင် အသန့်ရှင်းဆုံးဆုရရှိသောအသင်းများအား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆန်းဦးကလည်းကောင်း၊ (ခ) အဆင့်ပြိုင်ပွဲ ဒုတိယဆုရရှိသော အသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအသင်း၊ (ခ) အဆင့်နေရာအလိုက် အကောင်းဆုံးအားကစားသမားများအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အား ဒိုင်းဆုချီးမြှင့်စဉ်။ (မြဝတီ)

သက်ဆွေကလည်းကောင်း ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၊ (ခ)အဆင့်တွင် ပထမဆုရရှိသော ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဃ)အသင်း၊ (က)အဆင့်တွင် ပထမဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် (က)အဆင့် နေရာလိုက်အကောင်းဆုံးကစားသမားများအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ၊ (က)အဆင့်တွင် ပထမဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဆုဖလား၊ ကိုယ်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၉၉ ဆု၊ ငွေတံဆိပ် ၆၄ ဆုနှင့် ကြေးတံဆိပ် ၄၅ ဆု စုစုပေါင်း ဆုတံဆိပ် ၂၀၈ ဆုဖြင့် ဆုအများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအား ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၄-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်၊ ဥပုသ်နေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၁၅ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| ၆း၂၅ | "ကြည်ညိုမကုန်အံ့ဖွယ်စုံ လေးဆူဓာတ်ပုံ ရွှေတိဂုံ" |
| ၇း၀၀ | နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ဓမ္မပူဇာတေးအစီအစဉ်" |
| ၈း၅၀ | ပြည်သူတို့ရဲ့ စကားသံများ |
| ၁၀း၃၅ | "ခါနွေဆန်းစ တပေါင်းလ" |
| ၁၀း၅၀ | "မကွေးမြို့ ဒေသဖွံ့ဖြိုးရေး" |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၄) |
| ၁း၂၀ | ဂန္ထဝင်အလှ မြန်မာရာမ (အပိုင်း-၆) (ရဲသီဟကို၊ မင်းဟိန်းခန့်၊ ပိုင်ဖြိုးသု၊ စုလဲ့ရတနာ) [(ဒါရိုက်တာ-ဇော်ဇော် (Ad.Leono)] |
| ၁း၅၀ | "ပီသကြည်မြမဟာဂီတ" (အပိုင်း-၃) |
| ၂း၃၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၄း၂၀ | ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်) |
| ၇း၃၅ | "မြို့ပြတန်းတူဖွံ့ဖြိုးလာမယ့် ကျေးလက်ဒေသများ" ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ သုခမရင်ခွင်အငြိမ့်သဘင် "အနုပညာလွှင်ပြင်အငြိမ့်" (မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်-ဝက်မ၊ လန်ဒန်၊ ချမ်းချမ်း၊ ချစ်ဖူး၊ ပါဝါ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

## မြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် သုည ဒသမ ၁၆ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# ဥပဒေစကား ပြောကြားပါရစေ

ဦးဟန်ညွန့်(ဥပဒေ)

**အမျိုးသားပညာရေးဥပဒေ**

အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းရေးအတွက် ကျောင်းသားများ ဦးဆောင်လှုပ်ရှားကြသည်။ မိဘများက ကျောင်းသားများကို ကြိုဆိုသည်။ ထိန်းပေးသည်။ အမျိုးသားရေးမို့ အရေးကြီးသည်။ အစိုးရကလည်း သတိထားသည်။ အမှားမခံနိုင်။ ငြင်းခုံဆွေးနွေးမှုများ ကြီးထွားသည်။ ပြည်သူအများ ဆွေးနွေးအကြံပေးကြပြီ။ ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ပင် အမျိုးသားလွှတ်တော်က ထုတ်ပြန်ကြေညာလိုက်ပေပြီ။

**ဥပဒေကျောင်းသားစိတ်**

စာရေးသူမှာ အသက် (၆၀) ကျော်သော်လည်း ကျောင်းသားစိတ်က တစ်ရွေးသားမျှ မကုန်သေး။ ကျောင်းသားအရေးဆိုလျှင် တစ်ရေးနိုးအိပ်ရာကထပြီး လုပ်ချင်သည့် အကျင့်၊ လက်တွန့်သည့် ကျောင်းသားမဟုတ်ခဲ့။ ဥပဒေပညာ လေ့လာခွင့်၊ သင်ယူခွင့်ရခဲ့သော ဥပဒေကျောင်းသားစိတ်ဖြင့် အမျိုးသားပညာရေး အလေးပေးချင်သည်။ ခေတ်အဆက်ဆက် ပညာရေးစနစ်၊ အားနည်းချည့်နဲ့မှုများကြောင့် ကျောင်းသားများ အစမ်းသပ်ခံဘဝ ရောက်ခဲ့ရသည်မှာတော့ ဘယ်သူမှ ငြင်းနိုင်မည်မဟုတ်။ ဤသို့သော အခြေအနေ၊ ခံစားမှုများကြောင့်လည်း ပညာရေးဥပဒေပြင်ဆင်ရေး ကြွေးကြော်သံများ ဆူညံလာခြင်းမဟုတ်လား။

**ဒီမိုကရေစီပညာရေး**

**“ပညာရေးကိစ္စဟု ပြောမည့်အစား ဒီမိုကရေစီပညာရေး”**ကိစ္စဟု ပြောမှ၊ ရေးမှ ပို၍ တိကျမည်။ ဘာ့ကြောင့်လဲ။ ဒီမိုကရေစီဆန်သော ပညာရေး၊ လွတ်လပ်သောပညာရေး၊ အချုပ်အချယ်ကင်းသော ပညာရေး၊ ကျောင်းသားသမဂ္ဂ၊ ဆရာများသမဂ္ဂ ပါဝင်သော ပညာရေး။ လိုတိုရှင်း ခြုံ၍ရေးနိုင်သော စကားလုံးမှာ “အမျိုးသားပညာရေး” ဖြစ်သည်။ အမျိုးသားပညာရေးသည် ဒီမိုကရေစီပညာရေး။ ဒီမိုကရေစီပညာရေးသည် “အမျိုးသားပညာရေး” ဖြစ်သည်။ **(ပြင်ဆင်သည့် ဥပဒေကြမ်းပုဒ်မ ၃ ကို ရည်ညွှန်း)**

**မြန်မာ့ပညာရေးကို**
**ကောင်းစေချင်သော ကျောင်းသားများ**

မြန်မာ့ပညာရေးကို ကောင်းစေချင်သော ကျောင်းသားများအား လေးစားသည်။ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သော မြန်မာ့ပညာရေး၊ အဆင့်မြင့်သော မြန်မာ့ပညာရေး၊ တက်စုံရွက်စုံလွှင့်နိုင်၊ ကူးခပ်နိုင်သော မြန်မာ့ပညာရေးဖြစ်ရမည်။ ဖြစ်သင့်သည်။ ဤစေတနာဖြင့် ကျောင်းသားတို့အရေးဆိုသည်။ မိဘတို့ ဝိုင်းကူသည်။ ဆရာ ဆရာမတို့ စုပေါင်းပါဝင်သည်။ အစိုးရက အတည်ပြုဆုံးဖြတ်မည်။ တက်ညီ၊ လက်ညီ၊ ဆန္ဒညီ၊ ဥပဒေနှင့်အညီ ဖြစ်သည်။ ဥပဒေရေးမှဖြင့် ဥပဒေနှင့် မညီ၍မဖြစ်။ စာအုပ်ကြီးသမား၊ ပုဒ်ထီးပုဒ်မသမား၊ လက်တွေ့ဘဝနှင့် ကင်းကွာသော သီးခြားကမ္ဘာမဖြစ်ဖို့သာ အဓိကပါ။ ထို့ကြောင့် ဥပဒေစကား ပြောကြားပါရစေ။ ဥပဒေနှင့်အညီ ဆွေးနွေးပါရစေ။

**လွတ်လပ်လွန်းခြင်း**

ဥပဒေတစ်ရပ်သည် လွတ်လပ်ခြင်းရှိရမည်။ လုပ်သာကိုင်သာရှိရမည်။ တက်သာ ဆုတ်သာ ဖြစ်ရမည်။ ဖိနှိပ်မှု၊ ချုပ်ချယ်မှုတွေ မများစေရ။ အရည်အသွေးကောင်းရမည်။ အာမခံချက် ပါဝင်ရမည်။ ပညာရေးလွတ်လပ်ခွင့်ကို အာမခံရမည်။ အာဏာပိုင်၏ အာဏာရှင်လွှမ်းမိုးမှုဖြင့်သာ အရာရာမဆုံးဖြတ်ရ။ ဒီမိုကရေစီဆွေးနွေးတင်ပြမှုကိုလည်း စဉ်းစားပေးအပ်သည်။ **လွတ်လပ်ခြင်း**နှင့် **လွတ်လပ်လွန်းခြင်း** စကားလုံးမှာ မတူပါ။ လွတ်လပ်ခွင့်ကိုသာ ဖော်ဆောင်ပါ။

**ချုပ်ချယ်မှုများလွန်းခြင်း**

နေစရာထိုင်စရာပင်မရှိ။ အသက်ပင် ရဲရဲမရှူဝံ့။ သမဂ္ဂမဖွဲ့ရ။ ကျောင်းသားတွေ ဘာပဲလုပ်လုပ် ခွင့်ပြုချက်မရရင် ဘာမှမလုပ်ရ။ စာတွေ အလွတ်ကျက်ကြ။ စာမေးပွဲ မှန်မှန်ဖြေ။ ကျောင်းမှန်မှန်တက်။ ပြောတဲ့စကား တစ်သဝေမတိမ်းနားထောင်။ ဟိုယောင်ယောင် ဒီယောင်ယောင်မလုပ်နဲ့။ တိကျတဲ့ အဆောင်စည်းကမ်း၊ ကျောင်းစည်းကမ်းတွေ လိုက်နာကြ။ မလိုက်နာရင် ကျောင်းထုတ်ပစ်။ ဆရာဆရာမတွေ ဘာမှပြန်မပြောနဲ့။ ထားရာနေ၊ စေရာသွား။ ဤကား ချုပ်ချယ်မှုများလွန်းသည်။ အကြောက်တရားသည် ရေရှည်မခံ။ တွန်းလှန်ပုန်ကန်ချင်စိတ် ဖြစ်ပွားစေမည်။ ဥပဒေရေးသည့်အခါ စဉ်းစားစရာ။

**ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်**

ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပုဒ်မ ၁၇ တွင် **“တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်”** ဟု ဖော်ပြထားသည်။ စာရေးသူ ကြိုဆိုသည်။ သို့သော် မည်သို့နည်းလမ်း သတ်မှတ်မည်လဲ။ ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ခွင့်ကို မည်သို့ ကူညီမည်လဲ။ နည်းဥပဒေများရေးမှ စဉ်းစားမည်လား။ လက်ခံနိုင်သော အရေအတွက်၊ လက်ခံနိုင်သော တက္ကသိုလ်၊ ဝါသနာထုံသော ဘာသာရပ်၊ ဝါသနာမပါဘဲ တက္ကသိုလ်ကပေး၍ ယူရသော ဘာသာရပ်။ မကျွမ်းကျင်ဘဲ သူများခိုင်း၍ သင်ရသည့် ဘာသာရပ်။ စာမေးပွဲဖြေသည့်အခါကျမှ တဖုန်းဖုန်းကျသည့် ဖြစ်ရပ်။

**ဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ**

ဥပဒေကြမ်း၊ ပုဒ်မ ၂၂ (ဃ) သင်ရိုးညွှန်းတမ်း၊ (၈၈) တွင် **“ကျောင်းသားများဘဝတစ်လျှောက်လုံး အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ် မြော်မြင်မှုများ ရရှိစေရမည်။ လက်တွေ့ဘဝနှင့် ကိုက်ညီဆက်စပ်မှုရှိရမည်”**ဟု ဖေါ်ပြထားသည်။ အလွန်ကောင်းသည့် အချက်ပါ။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုစဉ်းစားမည်ဟု ကျွန်တော်ယုံသည်။ ဥပဒေကြမ်းထဲမှာ ယခုလို ကောင်းသည့်ပြဋ္ဌာန်းချက်တွေ အများကြီးပါ။ ပြင်ဆင်ရေးဆွဲသူများအား လေးစားပါသည်။

**နှစ်သက်ရာပါတီ ဝင်ရောက်ခွင့်ရှိသည်**

ဥပဒေကြမ်းပုဒ်မ ၂၂ (ခ)(ဃ)(ဃ)ကိုတော့ ကျွန်တော်သဘောမတူ။ ဘာကြောင့်လဲ။ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၁၀(ဆ)မှာ **“ပါတီနိုင်ငံရေး ကင်းရှင်းခြင်း”** ဟု အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်နေ၍ပါ။ ထို့ပြင် ရွေးကောက်ပွဲဥပဒေများမှာလည်း လျှို့ဝှက်မဲရုံတွင် လျှို့ဝှက်မဲပေးစနစ်ကျင့်သုံးပြီးဖြစ်သောကြောင့် မည်သည့်ပါတီကို မဲပေးပေး၊ နိုင်ငံသားတစ်ဦး၏ လွတ်လပ်ခွင့်ပေးပြီးသားဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ဤပုဒ်မကို ပြန်လည်စဉ်းစားပေးပါ။

**နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့**

ဥပဒေကြမ်း ပုဒ်မ ၁ (ခ)တွင် **“ဤဥပဒေကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်”**ဟု ဖော်ပြထားသည်။ ဤဖော်ပြချက် ကျွန်တော်သဘောမတူပါ။ ဘာ့ကြောင့်လဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၁၀၅ နှင့် မညီ၍ပါ။ နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ထိုးနိုင်သကဲ့သို့ လက်မှတ်မထိုးသည့် ကိစ္စရပ်များလည်း ပြဋ္ဌာန်းချက်ရှိ၍ ဖြစ်ပါသည်။ အကြောင်းပြချက်ပြည့်စုံလျှင်မူ ဖော်ပြနိုင်ပါမည်။ ဥပဒေပညာရှင်များ၊ ကျောင်းသားများ ပြန်လည်စဉ်းစားပေးစေချင်ပါသည်။

> **ဥပဒေတွင် အင်္ဂါရပ်စုံဖို့ အထူးအရေးကြီးသည်။ ခြေမပါ၊ လက်မပါ၊ ဦးခေါင်းပမာ၊ ခန္ဓာကိုယ်မပါ ဖွဲ့စည်း၍မရ။ သူ့လုပ်ထုံး၊ သူ့လုပ်နည်းတွေ ရှိပြီးသား။ မနေ့တစ်နေ့ကမှ ပေါ်လာခြင်းမဟုတ်။ ခေတ်အဆက်ဆက်၊ စနစ်အဆက်ဆက်၊ အဆိုးအကောင်းသင်ခန်းစာတွေ တစ်ပုံတစ်ပင်။ စာအုပ်ကြီးသမားဟု အထင်မှားချင် မှား။ အလွယ်၊ အလွတ်၊ ဖြစ်ချင်တာဖြစ်ပါစေဟု သဘောမထားရ။ ကျင့်ထုံး၊ လုပ်ထုံး၊ လုပ်နည်း၊ စနစ်၊ ပုံစံများအတိုင်း ဥပဒေရေးရပေမည်။**

**အခြေခံဥပဒေနှင့် ညီရမည်**

ဥပဒေများ ပြဋ္ဌာန်းသည့်အခါ **တည်ဆဲ**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရပါမည်။ **တည်ဆဲ**ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နေပါသေးသည်။ ဤမူသဘော၊ ဤမူဝါဒကို ဥပဒေပညာရှင်တိုင်း သိကြသည်။ စာများများ ဖတ်ကြသော တက္ကသိုလ်ဥပဒေကျောင်းသားများလည်း နားလည်ကြသည်။ ဥပဒေကြမ်း၏ အထူးကောင်းမွန်သော အားသာချက်တွေက အများကြီးပါ။ အားနည်းချက်တွေ ပြင်လိုက်လျှင် ပို၍ကောင်းမည်ထင်သည်။ ဥပဒေကျောင်းသားများ၏ ဥပဒေအသိ၊ ဥပဒေအတွေ့အကြုံ၊ တက္ကသိုလ် ဥပဒေပညာဌာနမှ ပို့ချချက်များ၊ ဥပဒေကျောင်းသားတို့၏ တက်ကြွသော သုတေသနပြုချက်များ ဘယ်ရောက်သွားပြီလဲ။ ထဲထဲဝင်ဝင် ပါဝင်ကြပါ။ ဆွေးနွေးကြပါ။ အကြံပေးကြပါ။ သားတို့၊ သမီးတို့ သင်ထားသော ဥပဒေပညာရပ်ဖြင့် တတ်သမျှ၊ မှတ်သမျှ၊ သမိုင်းပေးတာဝန်ပါဝင်စေချင်သည်မှာ ဥပဒေကျောင်းသားဟောင်းတစ်ဦး (အသက် ၆၅ နှစ်ရှိပြီ)က မေတ္တာရပ်ခံတာပါ။

**အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ မမေ့နှင့်**

ဥပဒေတစ်ရပ်ရေးဆွဲတိုင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ညီညွတ်ရမည်။ သဘောတူစာချုပ်တွေမှာ မြန်မာလက်မှတ်ထိုးထားတာ ဘာရှိသလဲ။ ကမ္ဘာနှင့် မြန်မာ ဆက်နွှယ်မှု၊ သဘောတူညီမှုတွေ မမေ့နှင့်။ သို့မှသာ ကမ္ဘာတည်မည့် မြန်မာ့ဥပဒေဖြစ်မည်။ ပွဲလယ်တင့်မည်။ သို့ဖြစ်၍ ပညာရေးဥပဒေ စတင်ရေးဆွဲစဉ်က ကမ္ဘာ့ဥပဒေပညာရှင်၊ ကမ္ဘာ့ပညာရေးသုတေသီတွေ ငှားရမ်း၊ ဖိတ်ကြား၍ လေးလေးစားစားမေးမြန်းခဲ့၊ ဆွေးနွေးခဲ့၊ အကြံတောင်းခဲ့ခြင်းဖြစ်သည်။ သူတို့သူတို့ ပြောတိုင်းလည်း ခေါင်းညိတ်ရမည်ဟု မဆိုလို။ မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့ပညာရေး၊ မြန်မာ့ကျောင်းသားနှင့် ကိုက်ညီမှု၊ ဆက်စပ်မှု၊ သုံး၍ရမှု၊ လက်တွေ့ဆန်မှု လက်ခံကြပေသည်။ စပ်ဆိုင်သောအချက်များ ထုတ်နုတ်ကြည့်ကြပါ။

**ဝန်ကြီးဌာနအချင်းချင်း လုပ်ပိုင်ခွင့် မရောထွေးအောင်**

ဥပဒေရေးလျှင် ဤအချက်ကလည်း အရေးကြီးသေးသည်။ ပညာရေးဝန်ကြီး၏ တာဝန်သည် အခြားဝန်ကြီးဌာနနှင့် ရောထွေး၍မရ။ လုပ်ပိုင်ခွင့်မတူညီ။ သူ့တာ၊ ကိုယ့်တာ ရှိသည်။ ဌာနအချင်းချင်း ကူညီသည်က တခြား။ ပူးပေါင်းဆောင်ရွက်သည်က တစ်မျိုး၊ ဝင်ရောက်စွက်ဖက်၊ ရောထွေးလျှင်မူ၊ မူဝါဒနှင့်မညီ။ ဤသည်ကို မစဉ်းစားသင့်ဘူးလား။

**ဥပဒေကြမ်းသည် ဥပဒေကြမ်းသာ ဖြစ်သည်**

“အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” အဆင့်သာ ရှိသေးသည်။ ဥပဒေကြမ်းသည် ဥပဒေကြမ်းပါပဲ။ **ဥပဒေမဖြစ်သေး။** ပြည်ထောင်စုလွှတ်တော်က မပြဋ္ဌာန်းသေး။ ဤအခြေအနေတွင် ပြည်သူအပေါင်းက လေ့လာ၊ အကြံပြုခြင်းသာ။ ပြောချင်တာ ပြောနိုင်သည်။ ဝေဖန်ချင်တာ ဝေဖန်နိုင်သည်။ ပြင်ချင်တာ ပြင်နိုင်သေးသည်။ လိုတိုးပိုလျှော့။ လိုတာတိုး၊ ပိုတာလျှော့။ မပေါ့မဆ ဆောင်ရွက်နိုင်သေးသည်။ ဒေါသ၊ လောဘ၊ မောဟ မဖက်။ အဂတိတရား မစွက်။ ဘယ်ဘက်မှ လိုက်စရာမလို။ အမျိုးသားအကျိုးစီးပွားကိုတော့ ဦးထိပ်ထား။ မုန်းခြင်း၊ ချစ်ခြင်း၊ အင်အားသုံးခြင်းကို ရှောင်။ “ဒီမိုကရေစီ ဆွေးနွေးမှု” အစဉ်ရှေးရှု။ ပုဂ္ဂိုလ်ရေး အလေးမပေး။ တရားဥပဒေစိုးမိုးရေးအသိဖြင့် မျှော်လင့်သောပန်းတိုင် အရောက်ပေါက်မြောက်အောင် ချီတက်။ သို့မှသာ **ဥပဒေအချော** ပြဋ္ဌာန်းနိုင်မည်။

**ယဉ်ကျေးသော တိုင်းပြည်**

မြန်မာပြည်သည် ယဉ်ကျေးသည်။ ယဉ်ကျေးသော တိုင်းပြည်ဖြစ်သည်။ မိဘဆရာ ညီညွတ်သည်။ ကျောင်းသားကို အားထားသည်။ **ယနေ့** လူငယ်တွေကလည်း **ယခင်**လူငယ်တွေ မဟုတ်တော့။ အသိဉာဏ်ကြွယ်သည်။ ပညာစုံသည်။ သိက္ခာရှိသည်။ ဆွေးနွေးညှိနှိုင်းမှုကို လက်ခံသည်။ လူကြီးဖြစ်မည့် ကျောင်းသားများ။ ယနေ့လူငယ်၊ နောင်ဝယ် လူကြီး။ ယနေ့လူကြီးများသည်လည်း တစ်ချိန်က လူငယ်ကျောင်းသားများ မဟုတ်လား။ ဘဝမေ့သွားသူများလည်း ရှိတန်ကောင်းသည်။ ဘာပဲဖြစ်ဖြစ် အမျိုးသားပညာရေးကို အလေးထားရမည်။ ဘက်စုံ၊ ခြုံငုံစဉ်းစားရမည်။ လူကြီးဆန်ရမည်။ ဤသို့ ကျွန်တော်တွေးမိ၊ ယုံကြည်မိသည်။ ကျောင်းသားများကလည်း အတွေ့အကြုံများသည့် လူကြီးစကားကို နားမထောင်ချင်နေ။ လေးစားမှတ်သားဖို့တော့၊ သင်ခန်းစာယူဖို့တော့ လိုသည်။ ဥပဒေအင်္ဂါရပ် စုံလင်အောင်၊ ခဏခဏ ပြန်မပြင်ရအောင်၊ အခြေခံကောင်းဖို့ ကြိုးစားကြရမည်သာဖြစ်သည်။ နှစ်ဖက်အမြင်ညှိကြစေချင်သည်။

**ဥပဒေအင်္ဂါရပ်**

ဥပဒေတွင် အင်္ဂါရပ်စုံဖို့ အထူးအရေးကြီးသည်။ ခြေမပါ၊ လက်မပါ၊ ဦးခေါင်းပမာ၊ ခန္ဓာကိုယ်မပါ ဖွဲ့စည်း၍ မရ။ သူ့လုပ်ထုံး၊ သူ့လုပ်နည်းတွေ ရှိပြီးသား။ မနေ့တစ်နေ့ကမှ ပေါ်လာခြင်းမဟုတ်။ ခေတ်အဆက်ဆက်၊ စနစ်အဆက်ဆက်၊ အဆိုးအကောင်း သင်ခန်းစာတွေ တစ်ပုံတစ်ပင်။ စာအုပ်ကြီးသမားဟု အထင်မှားချင်မှား။ အလွယ်၊ အလွတ်၊ ဖြစ်ချင်တာဖြစ်ပါစေဟု သဘောမထားရ။ ကျင့်ထုံး၊ လုပ်ထုံး၊ လုပ်နည်း၊ စနစ်၊ ပုံစံများအတိုင်း ဥပဒေရေးရပေမည်။

**ဘယ်နေ့မှာ အပြီးရေးဆွဲ**

“ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နှနာရီမှာ အပြီးရေးဆွဲ”ဟု စီမံချက်ရေးသည်မှာ ကောင်းပါ၏။ သို့သော်ငြား ဥပဒေရေးလျှင် “ဖုတ်ပူမီးတိုက်”လုပ်၍ မရနိုင်။ “အာဏာခေး”မိုး၍လည်း ပုံပျက်၊ ပန်းပျက် ထွက်လာသည်သာ အဖတ်တင်မည်။ နောက်တစ်ခါ ပြန်ပြင်ဦးဖြစ်မည်။ နှိုင်းနှိုင်းချိန်ချိန် ရေးရ၊ ပြောရမည်။ ဥပဒေစကားလုံးတစ်လုံးကိုပင် လနှင့်ချီ၍၊ နှစ်နှင့်ချီ၍ ပညာရှင်များ ငြင်းခုံ၊ ဆွေးနွေး၊ ဆုံးဖြတ်ခဲ့ရသည့် ဥပဒေရေးဆွဲရေး အတွေ့အကြုံရှိခဲ့ဖူးသည်။ မြန်မြန်ပြီးချင်လေ၊ ကြာလေ၊ ကြာလေ ဖြစ်တတ်သည်။ ပညာရေးဥပဒေမို့ အချိန်ဆွဲတာ၊ နှောင့်နှေးကြန့်ကြာစေတာ မဟုတ်ရပါ။ အတွေ့အကြုံရှိသူတိုင်း သိကြမည်ပါ။ စေတနာကို နားလည်စေချင်သည်ပါ။

**ရိုးရိုးသားသား**

ဥပဒေရေးဆွဲသူများအားလုံး ရိုးရိုးသားသား၊ ကြိုးကြိုးစားစား ဆောင်ရွက်ကြမည်မှာ အသေအချာပါ။ သတိတရားထားကြမည်မှာလည်း ယုံမှားသံသယမရှိပါ။ သမိုင်းသက်သေ တည်စေမည်ပါ။

**တင်ပြချက်**

တစ်ချက်ပြောဖို့ ကျန်သွားသည်။ ဥပဒေဆိုရိုးစကားလေးပါ။

**“သန့်ရှင်းမှု လိုချင်သူသည် သန့်ရှင်းသော လက်ဖြင့်သာလာပါ။ ညစ်ပတ်သော လက်ဖြင့် မစွက်ဖက်သင့်ပါ”။** ။

ပြည်တွင်းရေးရာ

# ပိန်းဥ၊ ကန်စွန်းဥနှင့် မြေပဲစိုက်ခင်းများအား စက်ကိရိယာဖြင့် တူးဖော်သရုပ်ပြ

**နေပြည်တော် မတ် ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ Moogung Industry Co.,Ltd. မှ ဥက္ကဋ္ဌ Mr.Bae Dae Yeoll နှင့် Dae Shin Agri Machinery Co.,Ltd. မှ ဥက္ကဋ္ဌ Mr.Lee Hak Nam တို့ ဦးဆောင်သည့် စိုက်ပျိုးရေးပညာရှင်များနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုတောင်သူပညာပေးစိုက်ကွင်း၌ ပိန်းဥ၊ ကန်စွန်းဥနှင့် မြေပဲစိုက်ခင်းများအား စက်ကိရိယာဖြင့် တူးဖော်ပြသမှုများကို ကြည့်ရှုကြသည်။

ထို့နောက် ကိုရီးယားပညာရှင်များက လက်တွန်းထွန်စက်နှင့် ထွန်စက်ကြီးများဖြင့် ပိန်းဥစိုက်ခင်း၌ သရုပ်ပြမောင်းနှင်ပြသကြသည်။

ယင်းနောက် စိုက်ကွင်းရှင်းလင်းဆောင်၌ ပြသထားသော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံမျိုးစေ့များအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ ပိန်းဥစိုက်ခင်းများ၌ ခေတ်မီစက်ကြီးများဖြင့် တူးဖော်နေမှုနှင့် လယ်ယာသုံးစက်ကိရိယာများ၊ မယ်ဇလီကုန်းကျေးရွာရှိ ခေတ်မီဆန်စက် တည်ဆောက်နေမှုနှင့် အလျှင်လိုကျေးရွာရှိ ဧက ၃၃၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# မျိုးဆက်သစ် လက်ဝှေ့ပြိုင်ပွဲကျင်းပမည်


**ရန်ကုန် မတ် ၃**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံရိုးရာလက်ဝှေ့သမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ မျိုးဆက်သစ်လက်ဝှေ့စိန်ခေါ်ပွဲကို မတ် ၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် လေးချီစိန်ခေါ်ပွဲသုံးပွဲနှင့် သုံးချီစိန်ခေါ်ပွဲလေးပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ လေးချီစိန်ခေါ်ပွဲတွင် သားနဂါး(ဝါဆို/ရန်ကုန်)နှင့် စိုးမင်းဦး(မုဒုံသား/မွန်)၊ မင်းထက်အောင်(ဒို့ရိုးရာ/ရန်ကုန်)နှင့် အောင်မြင်သူ(ဝါဆို/ရန်ကုန်)၊ အောင်ရဲလင်း(တိုက်ဂါး/ဘားအံ)နှင့် တိမ်တိုက်(မုဒုံသား/မွန်)၊ ဗိုစိုးအောင် (စွမ်းကေကေ/မန္တလေး)နှင့် မိုးကောင်းကင် (အဖြူရောင်သွေးသစ်/ရန်ကုန်)၊ ထင်လင်းဦး(တိုက်ဂါး/ဘားအံ) နှင့် စောထူးအောင်(ဒို့ရိုးရာ/ရန်ကုန်)၊ မိုးလေး(စွမ်းကေကေ/မန္တလေး)နှင့် ထယ်ကြီး(S.T.L/ရန်ကုန်)၊ နိုင်လင်း(တိုက်ဂါး/ဘားအံ) နှင့် သူရလိပ် (စွမ်းကေကေ/မန္တလေး)တို့က အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ဝင်ကြေးမှာ ကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့ များက နှောင့်ယှက်ပစ်ခတ်




**နေပြည်တော် မတ် ၃**

လောက်ကိုင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၄ နာရီခွဲခန့်တွင် လောက်ကိုင်မြို့တောင်ဘက်ရှိ ယန္တရားဝင်းအတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့က လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တပ်မတော်စစ်ကြောင်းက ပြန်လည်ခုခံတိုက်ခိုက်ရှင်းလင်းခဲ့သဖြင့် သောင်းကျန်းသူများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ထို့အပြင် နံနက် ၅ နာရီခန့်တွင် မော်ထိုက်မြို့ အနောက်ဘက်ရှိ ချင်မိုလင်ရွာအနီး၌လည်းကောင်း၊ နံနက် ၆ နာရီခန့်တွင် ရန်လုံကျိုင်းရွာအနီး၌လည်းကောင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအဖွဲ့များက လက်နက်ငယ်များဖြင့် အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်စစ်ကြောင်းများ၏ စနစ်တကျပြန်လည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် သောင်းကျန်းသူများဆုတ်ခွာသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါ ကိုးကန့်သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူအဖွဲ့ထံမှ အလောင်းနှစ်လောင်း၊ ခြောက်လုံးပြူး တစ်လက်နှင့် လက်ပစ်ဗုံး တစ်လုံး သိမ်းဆည်းရမိပြီး တပ်မတော်မှ စစ်သည် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်


## ကားမက်စ်ကုမ္ပဏီမှ အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်

**Sale & Marketing Assistant Manager** (နယ်တာဝန်ခံ) - **Male - 30 Posts**

ဆိုင်ကယ်အရောင်းအဝယ် ဈေးကွက်အား နားလည်ကျွမ်းကျင်ပြီး အကျင့်စာရိတ္တကောင်းမွန်၍ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရမည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆိုင်ကယ်ဈေးကွက်တည်ရှိရာနေရာဒေသမှ ဈေးကွက်ကျွမ်းကျင်သူ ဒေသခံများ ဝန်ထမ်းလျှောက်ထားလိုပါက ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ အသက်(၂၀နှစ်မှ ၃၅နှစ်)အတွင်း ယာဉ်မောင်းလိုင်စင်ရှိသူ/ကားမောင်းတတ်သူ ဦးစားပေးမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအတွက် လိုအပ်သောအထောက်အထားလက်မှတ်များကို CV Form တို့နှင့် အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

၆၇လမ်း×၆၈လမ်းကြား၊ စွယ်တော်ပွဲရုံတန်း၊ စွယ်တော်ဘုရားအရှေ့ဘက်မုခ်၊
အမရပူရမြို့နယ်၊ မန္တလေး။
ဖုန်း-၀၉-၂၀၂၅၅၃၇၊ ၀၉-၇၉၇၅၃၅၂၈၈၊ ၀၉-၇၉၇၂၃၀၅၄၅


## မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်းလွှာ

ဒေါ်တင်တင်မေ[“ကြည်သာ”စိန်ရွှေရတနာဆိုင်နှင့် “ခေတ်သစ်”စိန်ရွှေရတနာဆိုင် (သယ်န်းကျွန်းစံပြဈေးကြီး)]၏ ယနေ့ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကောင်းမွန်သော လိုရာဆန္ဒများ ပြည့်ဝစေပြီး စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းများဖြင့် ပြည့်စုံပါစေကြောင်း ဆုတောင်းလျက်---

ချစ်ခင်ပွန်း - သီဟသုဓမ္မမဏိဇောတဓရ ဦးကိုကိုလတ်
ချစ်သားကြီး - ဒေါက်တာနေထက်မင်း
[“လွင်ရတနာ”ရွှေပန်းထိမ်နှင့်ရွှေထည်ဖြန့်ချိရေး]
ချစ်သားငယ် - ဒေါက်တာနန်းထက်မင်း
[“လွင်ရတနာ”ရွှေပန်းထိမ် နှင့်ရွှေထည်ဖြန့်ချိရေး]
ချစ်သမီးထွေး - ဒေါက်တာဆုဇာသိမ့်
[အလုပ်သင်ဆရာဝန်၊ သယ်န်းကျွန်းစံပြဆေးရုံကြီး]


ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❍ ရွှေဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣဿရိယာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

**(သတင်းစဉ်)**


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ဒေသခံပြည်သူများအား မိုးပွင့်(အထူး)စီမံချက်ဆောင်ရွက်မှုများရှင်းလင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေး

**နေပြည်တော် မတ် ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့် အတူ မတ် ၁ ရက် နံနက် ၁၁ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပိုးလောင်းကျေးရွာအုပ်စု သောင်ချောင်းလေးကျေးရွာသို့ ရောက်ရှိပြီး မေတ္တာရံသီကျောင်းတိုက် ဓမ္မာရုံ၌ ပိုးလောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအတွက် ဖြေလျှော့မှုစနစ်များဖြင့် မိုးပွင့်စီမံချက်များ ရေးဆွဲကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ခြောက်လတာကာလကို မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးဆောင်ရွက်နေမှု၊ မိုးပွင့်(အထူး)စီမံချက်သည် ယခင်မိုးပွင့်စီမံချက်များနှင့် ဆောင်ရွက်ပုံ နည်းလမ်းမတူဘဲ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ အကြောင်းကြားစာရင်းပေးသွင်းကြရေးနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ မူလတန်ဖိုးနှင့် ကတ်ပြားရရှိသူအတွက်ခံစားရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ ပြည်သူများကလည်း ရရှိပြီး ကတ်ပြားကို စနစ်တကျကိုင်တွယ်ရေးနှင့် အပိုကတ်ပြား ကိုင်ဆောင်ခြင်းမပြုရေး၊ မိမိကတ်ပြားအမှတ်ကိုလည်း မှတ်သားထားကြရေးနှင့် မိုးပွင့်(အထူး)စီမံချက်အကြောင်း သိကောင်းစရာများကိုလည်း မိမိပတ်ဝန်းကျင်ရှိ ပြည်သူများအား လက်ဆင့်ကမ်းပြန်လည်ရှင်းလင်းချပြနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိုးပွင့်(အထူး)စီမံချက်အကြောင်း သိကောင်းစရာများကို ပြန်လည်မေးမြန်းပြီး ဖြေကြားနိုင်သူ ပြည်သူများအား မိုးပွင့်စီမံချက်အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ကျေးရွာများအလိုက် တာဝန်ခံများအား ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး ကျေးလက်မီးလင်းရေး စသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် အလုပ်အကိုင် အခွင့်အလမ်းအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၍**

# အဆင့်မြင့် အထူးရေကူးသင်တန်းများဖွင့်

**ရန်ကုန် မတ် ၃**

အဆင့်မြင့်အထူးရေကူးသင်တန်းများမှ မြန်မာ့ရေကူးအားကစားလောကအတွက် အသက်ငယ်ရွယ်ပြီး အလားအလာရှိသော မျိုးဆက်သစ်ရေကူးအားကစားသမားများနှင့် ဒိုင်ဗင်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ လက်ရွေးစင်များနှင့် ဝါရင့်နည်းပြများကကြီးကြပ်၍ လက်တွေ့သင်ကြားပို့ချမည့် အဆင့်မြင့်အထူးရေကူးသင်တန်းအမှတ်(၁)ကို မတ် ၁ ရက်မှ ၂၆ ရက်ထိ လည်းကောင်း၊ အမှတ်(၂)ကို မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိလည်းကောင်း၊ အမှတ်(၃)ကို မေ ၃ ရက်မှ ၂၈ ရက်အထိ လည်းကောင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်ရေကူးသင်တန်းများမှ ပေါ်ထွက်လာမည့် အလားအလာရှိသော မျိုးဆက်သစ်လူငယ်ရေကူး ကစားသမားများနှင့် ဒိုင်ဗင်အားကစားသမားများကို ရွေးချယ်ပြီး ဝါရင့်ရေကူးနည်းပြများနှင့် ဝါရင့်မြန်မာ့ဒိုင်ဗင်အားကစားနည်းပြများက ရေကူးအားကစားနည်းလေးမျိုးကိုလည်း ဆက်လက်၍ လေ့ကျင့်ပေးမည်ဖြစ်သည်။

ယင်းအဆင့်မြင့်အထူးရေကူးသင်တန်းများသို့ တက်ရောက်ကြမည့်သူများသည် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်(အမျိုးသားရေကူးကန်)ဖုန်း-၀၁-၃၇၈၅၅၀၊ ၀၁-၃၈၅၉၂၈၊ ၀၉-၂၅၀၁၇၁၃၇၉၊ ၀၉-၇၉၁၆၄၆၈၀၅ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။

**(ကြေးမုံ)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



**✽ အနာဂတ်မှ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာရှင် အတတ်ပညာရှင်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးသာမက နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ကျင့်သုံးနေသည့် ပြည်သူဗဟိုပြုမူဝါဒနှင့်အညီ ပြည်သူအားလုံးပူးပေါင်းပါဝင်သည့် ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ ပြည်သူများနှင့်ပူးပေါင်း၍ ပညာရေးအရည်အသွေးမြင့်မားရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ယနေ့ပညာရေးကဏ္ဍ၏ လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ရေးဆွဲပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အေးချမ်းစွာ ပညာသင်ကြားရေးကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းစီမံဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ပြောင်းလဲလျက်ရှိသည့် ခေတ်စနစ်၏ လိုအပ်ချက်များကို စီမံခန့်ခွဲဆောင်ရွက်ကြရန် လိုကြောင်းမှာကြားသည်။

အစီအစဉ်အရ တက်ရောက်လာကြသည့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများက ခရိုင်အလိုက်၊ မြို့နယ်အလိုက် ပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများ၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်သွားရောက်ခဲ့ကြပြီး ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များအား တွေ့ဆုံ၍ တက္ကသိုလ်ပညာရေးနှင့် အုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❍ မြန်မာမှ**

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၉ ဦးဖြင့် ပြင်ဆင်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်သွားပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းမှာ ဂျပန်လူမျိုးနည်းပြ ကူမာဒါနှင့် လမ်းခွဲပြီးနောက်ပိုင်း နိုင်ငံခြားနည်းပြခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် ယခုခြေစစ်ပွဲကို ဒေါ်သက်သက်ဝင်းကသာ ကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၂၇ ရက်တွင် ဗီယက်နမ်ကလပ်ဟာနန်းအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

❐❐

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ် |
| ၅း၄၀ | "ရွှေတိဂုံစေတီတော်မြတ်ကြီး၏သမိုင်း" (အပိုင်း-၁) တရားတော် [(ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ"(အပိုင်း-၄၀) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၅း၀၅ | Deal or No Deal |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၁း၁၅ | ခေတ်သစ်ပျိုမေ |

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမူန် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)





ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မြန်မာ-လာအိုနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင်စည်းဝေး

**နေပြည်တော် မတ် ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဒေါက်တာ ထောင်လွန်းဆီဆိုလစ်တို့ ဦးဆောင်၍ (၁၁)ကြိမ်မြောက် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ် တောင်ငူခန်းမ၌ ကျင်းပသည်။

နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေးတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတား စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ခြင်းကိစ္စများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ သတ္တုတွင်း ကိစ္စရပ်များနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Ms. Khamphao ERNTHAVANH တို့ဦးဆောင်၍ ယမန်နေ့က နေပြည်တော်ရှိ ဂရန်းဒ်အမရဟိုတယ် တောင်ငူခန်းမ၌ကျင်းပခဲ့ရာ နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# အခြေ

**လှိုင်ဝင်းအောင်**

ဒီဘက်ခေတ်မှာတော့ ဖြေရှင်းရခက်သော ပုစ္ဆာနှစ်ခုရှိပါသည်။ တစ်ခုက မြေယာပြဿနာ၊ အခြားတစ်ခုက အလုပ်သမားလုပ်ခလစာကိစ္စ၊ နှစ်ခုစလုံးက ခေါင်းခဲစရာချည်းသာ။ အစိုးရအနေဖြင့် နိုင်ငံ၏ အခြေခံလူတန်းစားများဖြစ်သည့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ အရေးကိစ္စဖြစ်၍ မဖြေရှင်းလို့က မဖြစ်၊ သို့သော် ပြီးစလွယ်ဖြေရှင်း၍ ရသည့် ပြဿနာများလည်း မဟုတ်ပေ။

မြေယာပြဿနာမှာ အများအားဖြင့် တောင်သူလယ်သမားများနှင့် သက်ဆိုင်နေသည်။ ယခင်အစိုးရများလက်ထက်က သိမ်းဆည်းခဲ့သည့် လယ်ယာမြေများအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ရာတွင် မပြီးသေးသော ပန်းချီကားတစ်ချပ်နှယ်။ တစ်နိုင်ငံလုံးအနှံ့ ဖြေရှင်းပေးနေရသည်က ဧကပေါင်း သိန်းနှင့်ချီ၍ ရှိသည်။ ကိုင်တွယ်ဖြေရှင်းရသည့် မြေဧကများသည့်အပြင် မူလပိုင်ရှင်အစစ်အမှန်ကို ပြန်လည်ပေးအပ်နိုင်ရေးအတွက် အဆင့်ဆင့်စိစစ်နေရသည်။ ကြန့်ကြာနေသည်ဆိုသော်ငြားလည်း ပြန်ရသူကရ၊ ဆောင်ရွက်ဆဲအဆင့်သို့ရောက်နေသူက ရောက်နေသည်။ မလုပ်ပေး၍ကားမဟုတ်။ လုပ်ငန်းပမာဏ ကြီးမားများပြားလွန်းသဖြင့် မပြီးပြတ်နိုင်သေးခြင်းသာဖြစ်သည်ဟု ဆိုသည်။ ဖြေရှင်းရသည်မှာ လက်ဝင်သည့်သဘော။

နောက်တစ်ခုက အလုပ်သမားများ၏ လုပ်ခလစာပြဿနာ။ အမှန်တကယ်မူ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများအကြား နှစ်ဖက်သဘောတူညီညှိနှိုင်း သတ်မှတ်ရုံဖြင့်ရသည်။ သို့သော် အလုပ်တစ်ခုကို အတူတွဲလုပ်နေကြသူ အချင်းချင်း တစ်ဖက်ကတောင်းဆိုမှုနှင့် တစ်ဖက်က လိုက်လျောပေးနိုင်မှုက ကွာဟနေသည်။ ဤတွင် အစိုးရကဖွဲ့စည်းပေးထားသည့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ညှိနှိုင်းသတ်မှတ်ပေးရေးကို ဆောင်ရွက်လာရသည်။

မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်လောက်ကစပြီး တည်ဆဲအလုပ်သမားဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြင်သင့်တာပြင်၊ အဟောင်းကို ပယ်ဖျက်ပြီး အသစ်ပြဋ္ဌာန်းသင့်တာ ပြဋ္ဌာန်း၊ ခေတ်စနစ်အခြေအနေအရ အသစ်ထပ်မံရေးဆွဲသင့်တာရေးဆွဲ စသည်ဖြင့် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၁ ခုနှစ် အစိုးရသစ်တာဝန်ယူပြီးနောက်ပိုင်းမှာ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ၂၀၁၃ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေနှင့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလားတူ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၂၀၁၄ ခုနှစ်အတွင်း ထုတ်ပြန်ထားပြီးဖြစ်ရာ ဤပြင်ဆင်သည့်ဥပဒေမှာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မလိုက်နာသည့်အလုပ်ရှင်များကို ထောင်ဒဏ်ပါထည့်သွင်းချမှတ်ရန် အစိုးရဘက်က အဆိုပြုသည်ကို လွှတ်တော်က လက်မခံသည့်အတွက် အလုပ်သမားများ စိတ်ပျက်အားလျော့ပြီး မကျေမနပ်ဖြစ်ခဲ့ကြ၍ ထောင်ဒဏ်ထည့်သွင်းဖို့ အလုပ်သမားအကျိုးကိုလိုလားသည့် လွှတ်တော်ကိုယ်စားလှယ်က လာမည့် လွှတ်တော်အစည်းအဝေးများမှာ အဆိုတင်ကြဦးမည်ဟုလည်း အလုပ်သမား အသိုင်းအဝိုင်းမှာ ပြောနေကြသည်ကို ကြားသိနေရပါသည်။

အလုပ်သမားများအတွက် ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၇ အဖြစ် ပြဋ္ဌာန်းပေးခဲ့ပြီး ယင်းဥပဒေသည် ၂၀၁၃ ခုနှစ် ဇွန်လ ၄ ရက်နေ့မှစ၍ အာဏာသက်ဝင်ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် အနည်းဆုံးအခကြေးငွေ နည်းဥပဒေကိုလည်း ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း မှတ်သားမိပါသည်။

ထုတ်ပြန်ပြီးဖြစ်သော အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရေးအတွက် အောက်ပါလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်၍အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရှိရပါသည်-

(က) လုပ်ငန်းစဉ်(၁)အဖြစ် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်း။

(ခ) လုပ်ငန်းစဉ်(၂)အဖြစ် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း။

(ဂ) လုပ်ငန်းစဉ်(၃)အဖြစ် အလုပ်သမားများ၏ နေ့စဉ်ကုန်ကျစရိတ်ဆိုင်ရာမေးခွန်းလွှာများ ပြုစုဖြန့်ဝေ၍ ဒေသအလိုက် စစ်တမ်းကောက်ယူခြင်းနှင့် အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများ၏ အကြံပြုချက်များအား စုစည်းဆန်းစစ်ခြင်း။

(ဃ) လုပ်ငန်းစဉ်(၄)အဖြစ် ရရှိလာသောအချက်အလက်များ၊ အကြံပြုချက်များကို အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက စိစစ်လေ့လာပြီး အဆိုပြုအနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခြင်း။

(င) လုပ်ငန်းစဉ်(၅)အဖြစ် ထုတ်ပြန်ပြီးဖြစ်သော အဆိုပြုအနည်းဆုံးအခကြေးငွေအား ရက်ပေါင်း(၆၀)အတွင်း ကန့်ကွက်ချက်များရှိပါက ပြန်လည်စိစစ်ညှိနှိုင်းခြင်းနှင့် နောက်ဆုံးညှိနှိုင်းရရှိသော အနည်းဆုံးအခကြေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ကြေညာခြင်း။

လုပ်ငန်းစဉ်(၁)အရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခဲ့ပြီးနောက် လုပ်ငန်းစဉ် (၂)အရ အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများနှင့် ညှိနှိုင်းအစည်းအဝေးများကို နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အစိုးရဌာနဆိုင်ရာများ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်လျက် (၂၇)ကြိမ်အထိ ပြုလုပ်ခဲ့ကြောင်း အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့်လည်း အစည်းအဝေး(၅)ကြိမ်ပြုလုပ်၍ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပမှပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ဆွေးနွေးချက်များအရ သိရှိခဲ့ရပါသည်။

အလားတူပင် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် Myanmar Development Resource Institute(MDRI)နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) တို့ပူးပေါင်းပြီး ရန်ကုန်၊ မန္တလေးနှင့်ပဲခူးတိုင်းဒေသကြီးများ၌ အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များကို ကွင်းဆင်းကောက်ယူခဲ့ပြီးဖြစ်ကြောင်းနှင့် ILO နှင့် Myanmar Marketing Research and Development Co.,Ltd(MMRD) တို့ပူးပေါင်း၍ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ၌ Base Line Survey လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိရပါသည်။ အဆိုပါ ဆန်းစစ်ချက်လုပ်ငန်းများမှရရှိလာသော အချက်အလက်များအပေါ်တွင် အခြေခံပြီး အလုပ်သမားများ လက်ရှိရရှိနေသော လုပ်ခလစာများနှင့်နှိုင်းယှဉ်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးနိုင်ရန်အတွက် အဓိကအခြေခံရမည့် နေထိုင်စားသောက်မှုစရိတ် (Living Cost) ကိုသိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း ကြားသိနေရပါသည်။

ဤသို့ဆောင်ရွက်နေသည်နှင့် တစ်ဆက်တည်းပင် လုပ်ငန်းစဉ်(၃)ဖြစ်သော အလုပ်သမားများ၏ နေ့စဉ်ကုန်ကျစရိတ်ဆိုင်ရာ မေးခွန်းလွှာများပြုစုဖြန့်ဝေ၍ နိုင်ငံအနှံ့၊ မြို့နယ်ပေါင်း ၁၀၈ မြို့နယ်တွင် စစ်တမ်းကောက်ယူခြင်းနှင့် အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများ၏ အကြံပြုချက်များအား စုစည်းဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်နေပြီဆိုသည့် သတင်းနှင့် ကနဦးစမ်းသပ်စစ်တမ်းကောက်ယူခြင်းကိုလည်း ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း စမ်းသပ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည့်အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးရေးနှင့်ပတ်သက်၍ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများထံမှလည်း အကြံပြုချက်များ တောင်းခံထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

စစ်တမ်းကောက်ယူရာတွင် ကောက်ယူသည့်နည်းလမ်းများကို အဘက်ဘက်က စဉ်းစားပြီး ဆောင်ရွက်ရသည်။ အချိန်ယူပြီးအသေးစိတ်လုပ်ဆောင်ရန်လိုသည်။

စစ်တမ်းများကောက်ယူရန်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ကုန်သည်/စက်မှုအသင်းချုပ်က တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က "နိုင်ငံတစ်ဝန်းလုံးမှာ လုပ်ငန်းအမျိုးအမည်ပေါင်း ၁၄၉၀ ကျော်ရှိပါတယ်။ ကျွန်မအနေနဲ့ အာဆီယံအနည်းဆုံးအခကြေးငွေဆိုင်ရာ အစည်းအဝေးတွေတက်ခဲ့တုန်းက အာဆီယံနိုင်ငံတွေရဲ့ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးဖို့ ဘယ်လောက်လုပ်ခဲ့ရတယ်ဆိုတာကို လေ့လာသိရှိခဲ့ရပါတယ်။ ထိုင်း၊ မလေးရှားနိုင်ငံတွေမှာ အနည်းဆုံးအခကြေးငွေအပြင် တခြားလစာနဲ့စရိတ်တွေကိုပါ ထည့်ပေါင်းထားတာရှိပါတယ်။ မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ ဒေသအလိုက် သတ်မှတ်ပေးထားသလို ကမ္ဘောဒီးယားနိုင်ငံမှာကျတော့ အထည်ချုပ်လုပ်ငန်းတစ်ခုအတွက်ပဲ သတ်မှတ်ပေးထားတာကိုတွေ့ရပါတယ်။ အခြေခံလစာနဲ့ အနည်းဆုံးလုပ်ခလစာမတူဘူးဆိုတာကိုလည်း ကျွန်မတို့သိဖို့လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုသတ်မှတ်ပေးနိုင်ဖို့အတွက် အခြေခံရမယ့် အချက်အလက်တွေမရှိသေးတဲ့အတွက် အခြေခံရမယ့် Indicator များကို သိဖို့လိုပါတယ်။ ဒါတွေကိုသိပြီးမှ အနည်းဆုံးအခကြေးငွေကို သတ်မှတ်သင့်ပါတယ်"ဟု ပြောကြားခဲ့သည်ကို ကျွန်တော်မှတ်သားမိပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းဆွေးနွေးဝိုင်းဝန်းအဖြေရှာနေကြသည်။ သို့သော် ဆောင်ရွက်မှုမှာ ကြန့်ကြာနေကြောင်း အလုပ်သမားလောကနှင့် မီဒီယာများတွင် ပြောဆိုနေကြသည်။ ယင်းအခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်လင်းက "အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် ဒီလောက်အထိ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေတာတွေကို အလုပ်သမားထုသိအောင် ချပြဖို့လိုပါတယ်။ မီဒီယာတွေနဲ့ မကြာခဏတွေ့ဆုံပြီး ဘယ်လောက်ထိ ထဲထဲဝင်ဝင်လုပ်နေရတယ်ဆိုတာကို ပေါ်လွင်အောင် ရှင်းလင်းဆွေးနွေးသင့်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်း ဆွေးနွေးဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဒီကနေ့ လုပ်ငန်းခွင်မှာ ဖြစ်နေတဲ့ပြဿနာအများစုဟာ လုပ်ခလစာကြောင့်ဖြစ်ပါတယ်။ ဒီပြဿနာဟာ လုပ်ငန်းခွင်မတည်ငြိမ်မှုကိုဖြစ်စေပါတယ်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ပေးတဲ့ကိစ္စဟာ လက်ဝင်ပြီးမလွယ်တဲ့ကိစ္စဖြစ်တယ်ဆိုတာကို ကျွန်တော်တို့နားလည်ပါတယ်။ လုပ်ငန်းစဉ်များပြားပြီး ဒွိဟဖြစ်စရာများစွာရှိတယ်ဆိုတာကိုလည်း ကျွန်တော်တို့သဘောပေါက်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အလုပ်သမားတွေနဲ့ အလုပ်ရှင်တွေရဲ့အသံတွေကို နားထောင်ပြီးမှ စစ်တမ်းကောက်ယူရရှိတဲ့ အချက်အလက်တွေနဲ့ပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဖြစ်စေချင်တဲ့ အခြေအနေတစ်ခုကို ရရှိလာမယ်လို့ ယုံကြည်ပါတယ်"ဟု အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် မြင့်မားစွာသတ်မှတ်ပေးခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များတိုးမြင့်လာပြီး ကုန်ဈေးနှုန်းများမြင့်မားလာနိုင်သည့်အတွက် အလုပ်ရှင်များဘက်က ဝန်ထမ်းများလျှော့ချကာ စက်စွမ်းအားကို ပိုမိုအသုံးပြုလာနိုင်ခြင်းကြောင့် အလုပ်လက်မဲ့များတိုးပွားနိုင်သလို စက်ရုံများပိတ်သိမ်းသွားသည့်အခြေအနေမျိုးလည်း ရောက်ရှိသွားနိုင်သည်ကို အထူးသတိပြုဖို့လိုပါမည်။ ထို့အပြင် လုပ်ခလစာမြင့်မားမှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းကိုလည်း အဟန့်အတားဖြစ်စေနိုင်သည်။

အလားတူ အခကြေးငွေနည်းပါကလည်း အလုပ်သမားများ၏ စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်စေနိုင်ပါသည်။ အလုပ်သမားနှင့် အလုပ်ရှင်တို့အကြား အငြင်းပွားမှုများ ပိုမိုများပြားကာ လုပ်ငန်းခွင်အေးချမ်းသာယာမှုကို ထိခိုက်လာနိုင်သည်။ ကုန်ထုတ်စွမ်းအားလည်းကျဆင်းလာနိုင်သည်။ ထို့ကြောင့် အနည်းဆုံးအခကြေးငွေကိုသတ်မှတ်ရာတွင် အလုပ်သမားနှင့် အလုပ်ရှင်တို့၏ရပိုင်ခွင့် (Right)နှင့် တာဝန်ရှိမှု(Responsibilities) တို့၏ ဆက်စပ်မှု၊ လုပ်ခလစာနှင့် ထုတ်လုပ်နိုင်မှုစွမ်းအား ဆက်စပ်မှုစသည်တို့ကိုလည်း ဂရုပြုရန်လိုအပ်သည်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် လုပ်ငန်းအမျိုးအစား မတူညီမှုများ၊ ဒေသအလိုက်နေထိုင်စားသောက်မှုစရိတ်ကွာခြားမှုများကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

ပြဋ္ဌာန်းထားပြီးဖြစ်သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအရ မြန်မာနိုင်ငံတွင် အနည်းဆုံး အခကြေးငွေကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစသည်ဖြင့် လုပ်ငန်းအမျိုးအစားအလိုက်နှင့် နေရာဒေသအလိုက် သတ်မှတ်ပေးသင့်ကြောင်း ညှိနှိုင်းဆွေးနွေးပွဲများတွင် အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များက အဆိုပြုကြသဖြင့် ယင်းကိစ္စကို အလုပ်ရှင်နှင့်အလုပ်သမားများ၏ ဆွေးနွေးချက်ရလဒ်များ၊ သုတေသနစစ်တမ်းများနှင့် မိမိတို့၏ အိမ်နီးချင်းအာဆီယံနိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော သတ်မှတ်ချက်များနှင့် ယှဉ်ထိုးနှိုင်းယှဉ်ပြီး မည်ကဲ့သို့ သတ်မှတ်သွားသင့်သည်ကို ဖော်ထုတ်အဖြေရှာသွားနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုပါသည်။ အရှေ့တောင်အာရှဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံဟု သတ်မှတ်ထားသည့် စင်ကာပူနိုင်ငံတွင် ယနေ့အချိန်အထိ အနည်းဆုံးအခကြေးငွေသတ်မှတ်ထားခြင်းမရှိသေးဘဲ အောင်မြင်သောစီးပွားရေးနိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။

လုပ်ငန်းစဉ်(၅)ရပ် ဘယ်တော့ပြီးမလဲလို့မေးရင် အလုပ်ရှင်များနှင့် အလုပ်သမားများ သဘောတူညီချက်ရသည့်နေ့မှာ သူတို့နှစ်ဖက်လုံး လက်ခံနိုင်သည့်နှုန်းထားရမည့်နေ့မှာ ပြီးမည်ဟုပင် ပြောရမှာဖြစ်ပါသည်။ ဤအခြေအနေရအောင် အစိုးရက ကြားဝင်ဆောင်ရွက်ပေးနေရသည့် သဘောဟုမြင်ပါသည်။

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေကို လုပ်ငန်းများက လက်တွေ့လိုက်နာဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် တရားဝင်လုပ်ငန်းများအဖြစ်မှ တရားမဝင်လုပ်ငန်းများအဖြစ်သို့ အများစုရောက်ရှိသွားကြပြီး နောက်ဆုံးတွင် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ညှိနှိုင်းလုပ်ခလစာများဖြင့် တရားမဝင်ဆောင်ရွက်နေကြရသည့် သာဓကများနှင့် သတ်မှတ်ထားသည့် လုပ်ခလစာမပေးနိုင်မှုကြောင့် အလုပ်သမားအင်အားလျှော့ချခြင်းနှင့် စက်ရုံ/အလုပ်ရုံများ ပိတ်သိမ်းခဲ့ရခြင်း စသည့်ဖြစ်စဉ်များလည်း ရှိနေပါသည်။ အချို့နိုင်ငံများတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းကို ဒေသဆိုင်ရာအဖွဲ့အစည်းများကလည်း မိမိတို့၏ ဒေသအခြေအနေအရ ဆောင်ရွက်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့အပြင် နောက်ထပ်ထည့်သွင်းစဉ်းစားရန် အချက်တစ်ခုကိုလည်း တင်ပြလိုပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သုံးမျိုးခွဲခြားတွေ့မြင်နိုင်ပါသည်။ ပထမတစ်မျိုးမှာ အမြတ်စွန်းရနေသည့်လုပ်ငန်းမျိုး၊ ဒုတိယတစ်မျိုးမှာ မရှုံး မမြတ်လည်ပတ်နေရသည့် လုပ်ငန်းမျိုးနှင့် တတိယတစ်မျိုးက မိမိတို့ကို မှီခိုနေကြရသည့် အလုပ်သမားများ၏ စားဝတ်နေရေးအတွက် လုပ်ငန်းရှင်က မိမိတတ်နိုင်သလောက် အချိန်ကာလတစ်ခုအထိ အရှုံးခံပြီး လည်ပတ်နေရသည့် လုပ်ငန်းများလည်းရှိနေပါသည်။ ဤသို့ မတူညီသည့် အခြေအနေတွင် အစိုးရက သတ်မှတ်ပေးလိုက်သည့် အနည်းဆုံးအခကြေးငွေနှင့်အညီပေးနိုင်သည့် လုပ်ငန်းများရှိသလို မတတ်နိုင်သည့် လုပ်ငန်းများလည်း ရှိနေနိုင်ပါသည်။ ယင်းအခြေအနေတွင် မတတ်နိုင်သည့် လုပ်ငန်းရှင်များ ဘာလုပ်မလဲဆိုတာကို တွေးကြည့်ရင်သိနိုင်ပါသည်။ သူတို့တတ်နိုင်သလောက် အလုပ်ကိုလျှော့မည်။ အလုပ်သမားကိုလည်း လျှော့မည်။ နောက်ဆုံးမတတ်နိုင်တော့လျှင် လုပ်ငန်းကိုပိတ်သိမ်းရတော့မည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်။ ဤသို့သော အခြေအနေတွင် အလုပ်ရှင်များအနေဖြင့် သူတို့၏ အခြားလုပ်ငန်းများမှ ရရှိသောဝင်ငွေဖြင့် အသက်ဆက်နိုင်သော်လည်း ပိတ်လိုက်ရသည့် အလုပ်ကို မှီခိုနေရသည့် အလုပ်သမားများအတွက် စားဝတ်နေရေးပြဿနာများ ပေါ်လာနိုင်သည်။ ဤအချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် အကြံပြုလိုပါသည်။

အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် လွန်စွာအရေးကြီးပြီး ထိလွယ်ရှလွယ်သည့် ကိစ္စရပ်ဖြစ်သဖြင့် ယင်းကိစ္စအား အလုပ်သမားများနှင့် အလုပ်ရှင်များ၏ ရေရှည်အကျိုးစီးပွားအတွက် အဘက်ဘက်မှ လွှမ်းခြုံစဉ်းစားပြီး အလုပ်သမားရော အလုပ်ရှင်အတွက်ပါ Win-Win Situation ရနိုင်မည့် လက်တွေ့ကျသော နှုန်းထားမျိုးဖြစ်ရန် လိုအပ်သကဲ့သို့ တစ်ဖက်စောင်းနင်းဖြစ်ခဲ့ပါက အလုပ်ရှင်နှင့် အလုပ်သမားများအကြား မကျေနပ်မှုများဖြစ်ပေါ်လာနိုင်ပြီး အငြင်းပွားမှုများတိုးတက်များပြားလာနိုင်သဖြင့် အလုပ်သမားလျှော့ချလာနိုင်ခြင်း၊ လူအားထက် စက်အားကို ပိုမိုအသုံးပြုလာနိုင်ခြင်းနှင့် အလုပ်ရှင်များ မတတ်နိုင်၍ လုပ်ငန်းများပိတ်သိမ်းခြင်း စသည်တို့ကြောင့် အလုပ်လက်မဲ့များ တိုးပွားလာနိုင်ခြင်း၊ ကုန်ထုတ်စွမ်းအားများ ကျဆင်းမှုကြောင့် နိုင်ငံ၏ စီးပွားရေးကျဆင်းလာနိုင်ခြင်းစသည့် မလိုလားအပ်သော ကိစ္စရပ်များဖြစ်ပေါ်လာနိုင်သည့်အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအပေါ်၌လည်း ဆိုးကျိုးသက်ရောက်မှုများရှိလာနိုင်ပါသဖြင့် အဆိုပါကိစ္စအား သတိကြီးစွာထား၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# ကော့သောင်း၌ ဟိုတယ်စီမံကိန်း နှစ်နှစ်အတွင်း အပြီးအကောင်အထည်ဖော်မည်

**ကော့သောင်း မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခေင်ညိုကြီးကျွန်း (Bouldre Island) ပေါ်တွင် တည်ဆောက်မည့် ဟိုတယ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(Initial Environmental Examination ) လုပ်ငန်းများ ဆောင်ရွက်ရန် စီမံကိန်းနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ (Stakeholder Metting) တစ်ရပ်ကို မတ် ၃ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်ခန်းမ၌ ပြုလုပ်သည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အမှာစကားပြောကြားပြီး United Hotel and Resort Co.,Ltd မှ အထွေထွေမန်နေဂျာ ဦးသိဂ်ါက စီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ E Gurd Environmental Service Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးသီဟက စီမံကိန်းနှင့် ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ( Initial Environmental Examination-IEE) လုပ်ငန်းများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် စီမံကိန်းနှင့် ပတ်သက်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ မေးမြန်းချက်များနှင့် သဘောထားမှတ်ချက်အား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းအား ကော့သောင်းမြို့ အနောက်မြောက်ဘက် ရေမိုင် ၄၃ မိုင်အကွာ၊ မြောက်လတ္တီကျု ၁၀ဒီဂရီ၂၇ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၇ ဒီဂရီ ၅၂ မိနစ်ရှိ ခေင်ညိုကြီးကျွန်း (Bouldre Island) ပေါ်ရှိ မြေဧရိယာ ဧက ၂၀ ပေါ်တွင် Resort အမျိုးအစား အပန်းဖြေ ဟိုတယ်စီမံကိန်းအား တိုင်းရင်းသားပိုင် ဟိုတယ်လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် United Hotel and Resort Co.,Ltd က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံ၍ သဘာဝကို ချစ်မြတ်နိုးသော ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေနိုင်ရေး၊ ခရီးသွားလုပ်ငန်း/ဟိုတယ် resort လုပ်ငန်းများကဏ္ဍမှ နိုင်ငံအတွက် ဝင်ငွေတိုးပွားရရှိစေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်၍ ဒေသနေ ပြည်သူများ အဆင်ပြေစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ပါ ပူးတွဲလုပ်ဆောင်၍ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်၍ နှစ်နှစ်အတွင်း အပြီးအကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဗားကရာကျောင်းမှ အနုလက်ရာများ နိုင်ငံတကာခရီးသွားများအား အထူးဆွဲဆောင်လျက်ရှိ

**အင်းဝ မတ် ၃**

မန္တလေးမြို့သို့လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များသည် မန္တလေး အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းသို့နေ့ချင်းသွားရောက်လေ့လာလေ့ရှိသည်။ အင်းဝဒေသသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသောနေရာအဖြစ် ယနေ့တိုင်တည်ရှိပြီး လေ့လာစရာ များစွာရှိသော ရှေးဟောင်းဇုန်တစ်ခုပင် ဖြစ်သည်။ အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခုနှစ်တွင် သတိုးမင်းဖျား စတင်တည်ထောင်ခဲ့ပြီး ကုန်းဘောင်မင်းဆက် ဘကြီးတော်အထိ ထီးနန်းစိုက်ခဲ့သဖြင့်နှစ်ပေါင်း၄၀၀ကြာတည်ရှိခဲ့သော မြို့ဟောင်းတစ်ခုဖြစ်သည်။ စာပေအထောက်အထားများနှင့် မှတ်တမ်းများအရ ခေတ်ကာလလေးခု ပိုင်းခြားထားပြီး မင်းဆက်(၃၁)ဆက် စိုးစံခဲ့သော စိတ်ဝင်စားဖွယ်ရာ မြို့တစ်မြို့ဖြစ်သည်။

အင်းဝမြို့သည် သက်တမ်း ၄၀၀ ကြာမြင့်သည့်အလျောက် မတူကွဲပြားထူးခြားသော ဗိသုကာလက်ရာမျိုးစုံ အမွှမ်းပန်းလက်ရာများစွာကိုလေ့လာနိုင်သည်။ ထိုအထဲတွင် သစ်သားကျွန်းတိုင်များဖြင့် တည်ဆောက်ထားသည့် အနုလက်ရာစံပြုဗားကရာကျောင်းကို ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားမှုရှိပြီး မှတ်တမ်းဓာတ်ပုံများရိုက်ကူးကာ စနစ်တကျလေ့လာလေ့ရှိကြောင်း သိရသည်။

ဗားကရာကျောင်းသည် အင်းဝမြို့စည်တိုပုံမြို့ရိုး၏ အပြင်ဘက်၊ တတိယမြို့ရိုးအတွင်း လောကသရဖူဘုရားကြီး၏ တောင်ဘက်တွင်ရှိသည်။ စတုတ္ထမြို့တည် ဘကြီးတော်ဘုရားလက်ထက်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ သစ်သား ကျွန်းတိုင်များဖြင့် တည်ဆောက်ထားပြီး ကျွန်းတိုင်ပေါင်း ၂၆၇ လုံး ပါရှိသည်။ အကြီးဆုံး ကျွန်းတိုင်၏ လုံးပတ်မှာ ကိုးပေရှိသည်။



အကျယ်အဝန်းအားဖြင့် အလျား ၁၈၈ပေ၊အနံ၁၀၃ပေရှိသောစိတ်ဝင်စားဖွယ်ရာ သစ်သားကျောင်းကြီးပင်ဖြစ်သည်။

လက်ရှိကာလတွင်မြင်ရခဲ့ပြီး စိတ်ဝင်စားဖွယ်ရာရှေးဟောင်းဗိသုကာလက်ရာများကို တွေ့မြင်နိုင်သော စံပြုကျောင်းတစ်ကျောင်းပင် ဖြစ်သည်။ ကျောင်းတော်ကြီးဘေးတွင်အုတ်လှေကားငါးစင်းတပ်ဆင်ထားပြီး ပြာသာဒ်ဆောင်၊ ကိန္နရာရုပ်တုများ၊ ပွတ်လုံးများ၊ နတ်ရုပ်များဖြင့်တန်ဆာဆင်ထားသည်။

တံခါးပြတင်းများတွင်နတ်ရုပ်များ၊ ပန်းနွယ်၊ ပန်းခက်များဖြင့်လည်းကောင်း၊ ခါးပန်းများနှင့် လက်ရန်းထိပ်များတွင် ခြင်္သေ့ပုံပန်းပုရုပ်များ၊ ပွတ်လုံးများဖြင့် တန်ဆာဆင်ထားပုံမှာ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည်။ အခြားလက်ရာများအနေဖြင့် ဒေါင်းရုပ်၊ ခြင်္သေ့ကိုယ်ဘီလူးခေါင်း ရုပ်တုများဖြင့်လည်း တန်ဆာဆင်ထားသည်။

ယခုအခါ စိတ်ဝင်စားဖွယ်ရာ အင်းဝ ဗားကရာကျောင်းတော်ကြီးသို့ လာရောက် လေ့လာသော နိုင်ငံတကာ ခရီးသွားများသည် အနုလက်ရာများကို မှတ်တမ်းတင်ခြင်း၊ ကြီးမားသော ကျွန်းတိုင်လုံးကြီးများကိုဖက်ကာမှတ်တမ်းဓာတ်ပုံရိုက်ခြင်းများဖြင့် စိတ်ဝင်တစား လေ့လာလေ့ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

❑

# ရေနံချောင်းမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနငါးခုထားရှိမည်

**ရေနံချောင်း မတ် ၃**

ရေနံချောင်းမြို့တွင် မတ် ၁၁ ရက်တွင် ကျင်းပမည့် ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက်(အထက-၁)နှစ်နေရာ၊ အထက-၂၊ အထက-၃နှင့် အလယ်ကုန်းကျေးရွာ စာစစ်ဌာနပေါင်းငါးခုထားရှိမည်ဖြစ်ပြီး ရေနံချောင်းစာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း၂၇၆၈ဦး ဖြေဆိုမည်ဖြစ်သည်။

ယင်းစာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာဖြေဆိုရန် ကျောင်းဝန်းပိုင်းစည်းနှင့် အပြင်ပိုင်းစည်းဟူ၍ နှစ်မျိုးထားရှိမည်ဖြစ်ကြောင်းသိရသည်။ ကျောင်းဝင်းပိုင်းစည်းတွင် ပညာရေးဌာနမှ တာဝန်ခံများ ထားရှိပြီး ကျောင်းအပြင်ပိုင်းစည်းတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားမိဘများ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇော်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ ထွန်စက်များဖြင့် နွေပဲတီစိမ်းစိုက်ရန်ပြင်ဆင်နေ

**ရေစကြို မတ် ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပေကုန်းကျေးရွာအရှေ့ဘက် ပေကုန်း-ရေစကြိုလမ်းမြောက်ဘက်၌ နွေပဲတီစိမ်းစိုက်ပျိုးရန် မြေပြင်နေသည်ဟု သိရသည်။ "အရင်နှစ်ကတော့ ဒီနေရာမှာ ဆောင်းရာသီကုလားပဲတစ်သီးပဲစိုက်ပါတယ်။ သုည ဒသမ ၇၀ ဧကလောက်ရှိတယ်။ ၁၅ တင်းလောက် ရပါတယ်။ ဒီနှစ်တော့ ကုလားပဲ ၁၀ တင်းလောက်ရတယ်။ နွေပဲတီစိမ်းပါ စိုက်ပျိုးဖို့ ပြင်ဆင်နေပါတယ်"ဟု ရေစကြိုမြို့နယ် ပေကုန်းကျေးရွာနေတောင်သူဦးဖိုးသောင်းက ပြောသည်။

**ရင်အောင်ဦး(ရေစကြို)**



# မော်လမြိုင်-ချောင်းဆုံမြစ်ကူးတံတားချဉ်းကပ်လမ်းဖောက်ရန် လယ်မြေများအား လျော်ကြေးသတ်မှတ်

**ချောင်းဆုံ မတ် ၃**

ချောင်းဆုံအရှေ့ပိုင်းရပ်ကွက် မြို့ဦးစေတီမွှာရုံတွင် မော်လမြိုင်-ချောင်းဆုံမြစ်ကူးတံတားချဉ်းကပ်လမ်းဖောက်လုပ်ရန်အတွက် လယ်မြေများအား လျော်ကြေးသတ်မှတ်ခြင်းနှင့် သဘောတူညီကြောင်း လက်မှတ်ရေးထိုးတွေ့ဆုံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက နစ်နာကြေးနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ဆောက်လုပ်ရေး အင်ဂျင်နီယာကြီးက ချဉ်းကပ်လမ်းလမ်းပိုင်းသုံးပိုင်း ရွေးချယ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်လယ်ယာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လျော်ကြေးအဖြစ်သတ်မှတ်ပေးခဲ့ရာ၁၉ ဒသမ၂ ဧကအတွက် သီးနှံလျော်ကြေး ငွေကျပ် ၅၇၅၄၀၀၀၊ နေအိမ်သုံးလုံးအတွက် ငွေကျပ် ၂၉၈၀၀၀၀၊ အိမ်ခြံမြေ သုည ဒသမ ၀၉ ဧကအတွက် ငွေကျပ် ၃၂၇၂၇၂၀၊ လယ်ယာမြေ ၂၃ ဒသမ ၄ ဧကအတွက် ငွေကျပ် ၄၆၇၈၀၀၀၀၊ ရော်ဘာပင်လျော်ကြေးအတွက် ငွေကျပ် ၂၀၇၃၀၀၀၀ စုစုပေါင်း လျော်ကြေးငွေကျပ် ၆၅၉၁၆၇၂၀ ကုန်ကျမည်ဖြစ်ပြီး အဆိုပါလျော်ကြေးငွေအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးလျော်သွားမည်ဖြစ်ကြောင်းနှင့် လယ်ယာမြေခြံပိုင်ရှင်များကလည်း သဘောတူလက်မှတ်ထိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စပိန်လာလီဂါရင်ခုန်သံ-၂၆

**စပိန်လာလီဂါပွဲစဉ်(၂၆)ကို မတ် ၇၊ ၈၊ ၉၊ ၁၀ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်ဟာ စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွေနဲ့ နီးကပ်နေတာကြောင့် အသင်းအချို့ပွဲပန်းမှုရှိနေနိုင်တယ်။ ဒီပွဲစဉ်မှာတော့ အက်သလက်တီကိုနဲ့ ဗလန်စီယာတို့ရဲ့ ဆုံတွေ့မှုက အကြိတ်အနယ်ရှိတဲ့ ပွဲစဉ်ဖြစ်လာမှာပါ။**

**လီဗန်တေး-အီဘား** **နံနက် ၂း၁၅(၇-၃-၁၅)**

လီဗန်တေးကတန်းမဆင်းရဖို့ ရုန်းကန်နေပေမယ့် ခံစစ်ပိုင်းက အမှားများလွန်းမှုတွေကြောင့် ရလဒ်တွေဆိုးရွားနေတယ်။ ဒါပေမယ့် လီဗန်တေးဟာ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ကစားပုံမဆိုးပါဘူး။ ဒ့်အပြင် အီဘားကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေတယ်။ ဒါကြောင့် လီဗန်တေးတို့အနိမ့်ဆုံးသရေလောက်ရမယ်။

**ဒီပို့တီဗို-ဆီဗီးလ်** **ည ၉း၃၀(၇-၃-၁၅)**

ဒီပို့တီဗိုက တန်းမဆင်းရဖို့ အမှတ်လိုနေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားမှာပါ။ ဒီပို့တီဗိုရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း မဆိုးသလို အိမ်ကွင်းပွဲစဉ်တွေမှာ ပိုမိုကောင်းမွန်ပါတယ်။ ဆီဗီးလ်ကတော့ လက်ရှိအချိန်မှာ ခြေမငြိမ်ပါဘူး။ (ဒါကြောင့် ဒီပွဲမှာ ဆီဗီးလ်နိုင်ရင်လည်း ပြတ်သားဖို့ခက်တယ်။)

**ဘီဘာအို-ရီးယဲလ်** **ည ၁၁း၃၀(၇-၃-၁၅)**

ရီးယဲလ်က ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲကစားရဖို့ ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်မယ်။ ဒါပေမယ့် ရီးယဲလ်က ဘာစီလိုနာနဲ့ အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့ အမှားခံမှာတော့မဟုတ်ဘူး။ ဘီဘာအိုကလည်း ဒီပွဲမတိုင်ခင် စပိန်ဘုရင့်ဖလားရှိတာကြောင့် ပွဲပန်းလာမှာပါ။ (ရီးယဲလ် နှစ်ဂိုးအသာလောက်နဲ့အနိုင်ရဖို့ရှိတယ်။)

**အဲလ်ချီ-အယ်မာရီယာ** **နံနက် ၁း၃၀(၈-၃-၁၅)**

တန်းမဆင်းရဖို့ ရုန်းကန်နေရတဲ့ အယ်မာရီယာရဲ့ လက်ရှိကစားပုံ မဆိုးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့ပါတယ်။ ဒါပေမယ့် အဲလ်ချီကလည်း တန်းမဆင်းရဖို့ ရုန်းကန်နေသလို အိမ်ကွင်းလည်းဖြစ်လို့ အားစိုက်ကစားလာမှာပါ။ (သရေကျသွားဖို့များတဲ့ပွဲလို့မြင်မိပါတယ်။)

**ဂရန်နာဒါ-မာလာဂါ** **နံနက် ၁း၃၀(၈-၃-၁၅)**

မာလာဂါရဲ့ကစားပုံပြန်မှန်လာပါတယ်။ နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရခဲ့သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေပြန်ရလာပါတယ်။ မာလာဂါအနေနဲ့ အဝေးကွင်းအားပျော့ပေမယ့် ဂရန်နာဒါက ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတယ်။ (မာလာဂါပဲ နိုင်ပွဲရသွားဖို့ ရှိတယ်။)

**ဘာစီလိုနာ-ဗယ်လီကာနို** **ညနေ ၅း၃၀ (၈-၃-၁၅)**

ဘာစီလိုနာ ပထမဒီပွဲမတိုင်ခင်မှာစပိန်ဘုရင့်ဖလားဆီမီးဖိုင်နယ်ကစားခဲ့ရပေမယ့် ရီးယဲလ်မက်ဒရစ်နဲ့ အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ပါဘူး။ ဗယ်လီကာနိုရဲ့ ခြေစွမ်းကလည်း သာမန်သာရှိတာကြောင့် ဘာစီလိုနာကို ထိန်းချုပ်ဖို့ ခက်မှာပါ။ (ဘာစီလိုနာပဲ နိုင်ပွဲရမယ်။)

**ဆိုစီဒက်-အက်စ်ပန်ညို** **ည ၁၀း၃၀(၈-၃-၁၅)**

အက်စ်ပန်ညိုဟာ ဒီပွဲမတိုင်ခင်မှာ စပိန်ဘုရင့်ဖလား ဆီမီးဖိုင်နယ်ကစားခဲ့ရလို့ ပွဲပန်းမှုရှိလာနိုင်ပါတယ်။ လက်ရှိ လာလီဂါမှာလည်း အက်စ်ပန်ညိုဟာ ခြေစွမ်းပိုင်းမတည်ငြိမ်ပါဘူး။ ဆိုဒီဒက်က ခြေစွမ်းပိုင်းအရ သာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ဖိအားပေးကစားသွားမှာပါ။ (ဆိုစီဒက်ပဲ ထပ်နိုင်သွားဖို့ရှိပါတယ်။)

**ဗီလာရီးယဲလ်-ဆယ်တာဗီဂို** **နံနက် ၀း၃၀(၉-၃-၁၅)**

ဗီလာရီးယဲလ်အတွက် ဒီပွဲစဉ်ဟာ ပွဲကျပ်နှစ်ပွဲကြားရောက်ရှိနေတယ်။ ဗီလာရီးယဲလ်အနေနဲ့ ဒီပွဲမတိုင်ခင်မှာ ဘာစီလိုနာနဲ့ စပိန်ဘုရင့်ဖလားပွဲကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ဆီဗီးလ်နဲ့ ယူရိုပါလိဂ်ပွဲကစားရမှာပါ။ ဒါကြောင့် ဗီလာရီးယဲလ် ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်သလို ဆယ်တာဗီဂိုရဲ့ ခံကစားအားကြောင့်လည်း သရေကျသွားဖို့ များပါတယ်။

**အက်သလက်-ဗလန်စီယာ** **နံနက် ၂း၃၀ (၉-၃-၁၅)**

ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ဗလန်စီယာက အခုနောက်ပိုင်းခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပြီး လေးပွဲဆက်တိုက်အနိုင်ရခဲ့တဲ့ အနေအထားအရ အက်သလက်တီကိုကိုတုံ့ပြန်ကစားနိုင်ပါလိမ့်မယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ အက်သလက်တီကိုရဲ့ ကစားပုံကလည်း အားနည်းမှုအချို့ရှိလို့ မထင်မှတ်ပဲ သရေကျသွားနိုင်ပါတယ်။

**ကော်ဒိုဘာ-ဂီတာဖေး** **နံနက် ၂း၁၅(၁၀-၃-၁၅)**

အမှတ်ပေးဇယားအောက်ဆုံးက ကော်ဒိုဘာရဲ့ခြေစွမ်းက အားနည်းမှုတွေများလွန်းပါတယ်။ ဂီတာဖေးက အခုနောက်ပိုင်းကစားပုံမတည်ငြိမ်ဘူးဆိုပေမယ့် တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်သလို အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်မှာလည်း ကော်ဒိုဘာထက် ပိုမိုကောင်းမွန်ပါတယ်။ (ဂီတာဖေးပဲ နိုင်ပွဲရမှာပါ။)

**(ရှိုင်းမင်းမင်း)**

**ပျောက်ဆုံးကြောင်း**

မောင်ဇေယျာဟန် နိုင်ငံသားစိစစ်ရေး အမှတ် ၁၂/သလန(နိုင်)၀၉၇၁၄၀ သည် ခရီးသွားရင်း Passport. No MA-128987 ပျောက်ဆုံးသွားပါကြောင်း။

**မောင်ဇေယျာဟန်**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ရီးယဲလ်မက်ဒရစ်၏ တိုက်စစ်နေရာမှာ ၎င်းကစားရမည့်နေရာမဟုတ်ဟု တိုနီခရုစ်ပြောကြား

ဂျာမနီ လက်ရွေးစင်ဘောလုံးသမား တိုနီခရုစ်က ရီးယဲလ်မက်ဒရစ်တွင် ၎င်း၏ ပုံမှန်ကစားနေကျ တိုက်စစ်နေရာထက် ကွင်းလယ်ခံစစ်ကစားသမားအဖြစ် ကစားရသည့်အပေါ် ကျေနပ်ကြောင်း ပြောကြားခဲ့သည်။ တိုနီခရုစ်သည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအစက ဘိုင်ယန်မြူးနစ်မှ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ကာ ဘာနေဗျူးကွင်းတွင် အဓိကသော့ချက်ကစားသမားအဖြစ် ပုံမှန်ကစားခွင့်ရရှိနေသူလည်းဖြစ်သည်။ ၎င်းသည် ဘိုင်ယန်တွင်ကစားခဲ့စဉ်က တိုက်စစ်အသားပေး ကစားသမားအဖြစ် ကစားခဲ့ရသော်လည်း ရီးယဲလ်တွင်မူ ရာသီအစကပင် ကွင်းလယ်အဖျက်ကစားနေရာ၌သာ ကစားနေရသည်။ သို့သော် အသက် (၂၅)နှစ်အရွယ်ရှိ အဆိုပါကစားသမားက တိုက်စစ်ကို လိုက်ပါကစားရမှု နည်းပါးသောယခုလက်ရှိနေရာတွင် ကစားရသည်ကိုပင် မတူညီသောနေရာတွင် ခြေစွမ်းပြနိုင်ခြင်းအတွက် နှစ်ခြိုက်ကြောင်း ဆိုခဲ့သည်။




“နည်းပြဆုံးဖြတ်ချက်ချတဲ့အတိုင်း ကစားနိုင်ဖို့က ကစားသမားတွေရဲ့ တာဝန်ပါ။ နည်းပြက ကျွန်တော့်ကို ဒီနေရာမှာ ဘယ်လို ကစားရမယ်၊ ဘယ်လိုကစားကွက်ကို ချမယ်ဆိုတာ အသေအချာ ရှင်းပြခဲ့ပြီးသားပါ။ ဒါကြောင့်ဘာတွေပဲ ဖြစ်နေပါစေ ဒီလိုမတူကွဲပြားတဲ့ နေရာမှာ ကစားရတာကိုပဲ ကျေနပ်ပျော်ရွှင်မိပါတယ်။ ရီးယဲလ်အတွက် အရေးကြီးတာက အမြဲတမ်း မှန်ကန်ညီညွတ်မျှတတဲ့ ကစားဟန်နဲ့ ရလဒ်ကောင်းရရှိဖို့ပါပဲ။ အခု ကျွန်တော်တို့အသင်းမှာ တိုက်စစ် ကစားသမားတွေများစွာရှိနေတာကြောင့် တိုက်စစ်ကို လိုက်ပါကစားဖို့က ကျွန်တော့်ရဲ့ ဒုတိယဦးစားပေး အလုပ်ပါပဲ”ဟု ခရုစ်က ဖီဖာဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

တိုနီခရုစ်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်းရီးယဲလ်မက်ဒရစ်အတွက် လာလီဂါပွဲစဉ်ပေါင်း ၂၅ ပွဲ ပါဝင်ကစားပေးထားပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာ ချန်ပီယံလိဂ်ဖလားကို ပထမဆုံးကာကွယ်နိုင်သော အသင်းဖြစ်လာလိမ့်မည်ဟုလည်း ယုံကြည်နေသည်။

**(မေလှဲ့သင်း)**

# ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ရန် တယ်ရီ မျှော်လင့်

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီ၏ လက်ရှိစာချုပ်သက်တမ်းသည် နှစ်အနည်းငယ်သာ ကျန်ရှိတော့ခြင်းကြောင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။




ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် စပါးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် ပထမဆုံးသော ဦးဆောင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး ၎င်းအား အခြားကလပ်အသင်းများသို့ သွားရောက်ကစားရန် ဆန္ဒရှိ၊ မရှိနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် အခြားကလပ်အသင်းများသို့ သွားကစားရန် ဆန္ဒမရှိကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

“လာမယ့်နှစ် ချယ်လ်ဆီးမှာ ကစားရဖို့ဆိုတဲ့ မျှော်လင့်ချက်ကတော့ စိုးစဉ်းမျှပဲ ကျန်ပါတော့တယ်။ တကယ်လို့ ကစားရဦးမယ်ဆိုရင်တောင် နှစ်နှစ် ဒါမှမဟုတ် သုံးနှစ်လောက်ပဲဖြစ်မှာပါ။ အသက်(၃၀) ကျော်ကစားသမားတွေထဲက ဘယ်ကစားသမားမဆို စာချုပ်သက်တမ်း တစ်နှစ်လောက်ပဲ ထပ်တိုးချုပ်ဆိုတာဟာ ချယ်လ်ဆီးအသင်းရဲ့ မူဝါဒတစ်ခုပဲဖြစ်ပါတယ်”ဟု အသက်(၃၄)နှစ်အရွယ်ရှိ ချဲလ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက ပြောကြားခဲ့သည်။

သို့ရာတွင် နောက်ခံကစားသမား တယ်ရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရာသီကုန်ဆုံးပြီးလျှင်ပြီးချင်း ဇန်နဝါရီအတွင်း စာချုပ်သစ်ချုပ်ဆိုခဲ့သည်။ ထို့ကြောင့် လက်ရှိတွင်လည်း စာချုပ်သစ်ချုပ်ဆိုရန် မျှော်လင့်ထားကြောင်း တယ်ရီကဆိုသည်။ **(ငွေကြယ်)**

# ဒီမာရီယာမှာ ရုပ်ဆိုးသူဖြစ်ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်က ရောင်းချခဲ့ခြင်းဖြစ်သည်ဟု ကားလက်စ်ရီဆာ့ချ်ဆို

အာဂျင်တီးနားကြယ်ပွင့် ကစားသမား ဒီမာရီယာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် အကောင်းဆုံးပုံစံဖြင့် ကစားပေးနိုင်ခဲ့သော်လည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်က ၎င်းအား မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောင်းချပြီး ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အစားထိုးဝယ်ယူခဲ့သည်။

ဒီမာရီယာသည် ရီးယဲလ်မက်ဒရစ်အသင်း ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့ရာတွင် အဓိကခြေစွမ်းပြသပေးခဲ့ပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်းသို့ ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေး ယူရို ၈၁ ဒသမ ၈ သန်းဖြင့်ပြောင်းရွှေ့သွားခဲ့သည်။သို့သော် ဗန်ဟားလ်လက်ထက် မန်ယူတွင် ၎င်း၏ အကောင်းဆုံးပုံစံကို ရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာ လက်ထောက် အားကစားဒါရိုက်တာ ကားလက်စ်ရီဆာ့ချ်က ဒီမာရီယာ ထွက်ခွာခဲ့ခြင်း၏ နောက်ကွယ်မှ အဓိကအကြောင်းရင်း တစ်ရပ်မှာ ရီးယဲလ်မက်ဒရစ်၏ ကုန်အမှတ်တံဆိပ်နှင့်ပုံရိပ်လွှာ ဦးစားပေးမှုဝါဒကြောင့်ဖြစ်သည်ဟု ယုံကြည်နေသည်။



၎င်းက “ရီးယဲလ် ဥက္ကဋ္ဌ ပီရက်ဇ်က ကမ္ဘာ့ဈေးကွက်ကိုသာ အာရုံစိုက်ကြည့်ရှုသူ ဖြစ်တာဆိုတော့ သူ့အသင်းကို ပုံရိပ်ကောင်း ကြယ်ပွင့် ကစားသမားတွေနဲ့ပဲ ဖွဲ့စည်းဖို့ ဆန္ဒရှိတဲ့သူဖြစ်ပါတယ်။ ကျွန်တော် ဘာကို ဆိုလိုတယ်ဆိုတာ ခင်ဗျားတို့ နားလည်မှာပါ။ ခရစ္စယာနိုရိုနယ်ဒို ဆိုရင် ရီးယဲလ်ရဲ့ အမှတ်တံဆိပ်ဖြစ်နေပြီး ပီးရက်ဇ်က နိုင်ငံတကာတံဆိပ်တစ်ခုလိုပဲ သူ့ကို သဘောထားနေတာပါ။ ဘက်စကွက်နှင့်ဒီမာရီယာက ရီးယဲလ်အတွက်ဆို ရုပ်ဆိုးလွန်းတဲ့ကစားသမားတွေပေါ့။ ဒါကြောင့် တိုနီခရုစ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ ဘယ်လိုမှ မယှဉ်နိုင်ခဲ့ဘူး”ဟု ပြောကြားခဲ့သည်။

**(မေလှဲ့သင်း)**

# အီကာဒီအား ခေါ်ယူရန် ပရီမီယာလိဂ်အသင်းများ စိတ်ဝင်စားနေ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ အသက်(၂၂)နှစ်အရွယ်ရှိ လူငယ်ကစားသမား အီကာဒီအား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်၊ မန်ယူ၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အီကာဒီအား ယခုနှစ်ဘောလုံးရာသီတွင် နည်းပြမန်စီနီက အင်တာမီလန်သို့ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အင်တာမီလန်အသင်းနှင့် အတူ အီတလီစီးရီးအေပွဲစဉ်(၂၅)ပွဲ ကစားပေးခဲ့ပြီးနောက် သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည်။

ဥရောပထိပ်တန်းအဆင့်ရှိ ကလပ်အသင်းများက အီကာဒီအား ခေါ်ယူရန်ပစ်မှတ်ထားနေသော်လည်း အင်တာမီလန်အသင်း အားကစားဒါရိုက်တာ အော်စီလိုကမူ အဆိုပါ အာဂျင်တီးနားလူငယ်ကစားသမား အီကာဒီကို ရောင်းချရန် ရည်ရွယ်ထားခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**

# မိတ္ထီလာတွင် ငွေကျပ် ၂၄ သိန်းကျော်တန်ဖိုးရှိ ရွှေငွေပစ္စည်းများ လုယက်မှုဖြစ်ပွား

**မိတ္ထီလာ မတ် ၃**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် စိန်ဟိန်းစားသောက်ဆိုင် အနီးတွင် မတ် ၂ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးတစ်ဦးထံမှ ငွေကျပ် ၂၄ သိန်းကျော်တန်ဖိုးရှိ ရွှေငွေပစ္စည်းများကို အမည်မသိလူငယ်နှစ်ဦးက လုယက်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ မခင်သူဇာမြင့်(၃၂) နှစ် ပြည်သာယာ (မ)ရပ်ကွက် (၅) လမ်းနေထိုင်သူသည် ၂၂ယ/---- ဇင်းနစ်(125) အနက်ရောင် ဆိုင်ကယ်အားစီးနင်းပြီး ခင်ပွန်းဖြစ်သူ ဦးအောင်စည်မျိုး (၃၆) နှစ်က ၁၂ ယ/------ ကန်ဘို(110) အနက်ရောင်အား စီးနင်း၍ ရန်ကုန်-မန္တလေးကားလမ်းမအတိုင်းမိတ္ထီလာမြို့တွင်းမှ ပြည်သာယာ(မ)ရပ်ကွက် နေအိမ်သို့ပြန်လာစဉ် ဦးအောင်စည်မျိုးမှာ ဓာတ်ဆီထည့်ရန် အတွက် ရှေ့မှ မောင်းနှင်ထွက်သွားခဲ့သည်။ မခင်သူဇာမြင့် စီးနင်းသည့်ဆိုင်ကယ်အား ကျီတော်ကုန်း ရပ်ကွက် စိန်ဟိန်း စားသောက်ဆိုင်အနီး အရောက်တွင် နောက်မှလိုက်လာသည့် (နံပါတ်/ အမျိုးအစားမမှတ်မိ) ဆိုင်ကယ်တစ်စီးနှင့် အမည်မသိလူငယ်နှစ်ဦးမှ ဘယ်ဘက်မှ ဝင်တိုက်၍ လဲကျသွားစဉ် ဆိုင်ကယ်ဝဲဘက်ဘက်မှန်တွင်ချိတ်ဆွဲထားသော ခဲရောင်သားရေအိတ်အား ဆွဲယူပြီး မောင်းနှင် ထွက်ပြေးသွားသည်။ ယင်းသားရေအိတ် အတွင်း တစ်သောင်းကျပ်တန် လေးသိန်း၊ ငွေစက္ကူရောရာ တစ်သိန်း၊ ရွှေလက်ကောက် ကိုးကွင်း တန်ဖိုး ၁၆ သိန်း၊ ကလေးဝတ်လက်ကောက်တစ်ကွင်း တန်ဖိုး ၁၇၃၀၀၀ကျပ်၊ ဟာဝေးဟန်းဆက် ဆင်းကတ်ပါတစ်လုံး တန်ဖိုး ၁၄၅၀၀၀ ကျပ်ခန့် စုစုပေါင်း ရွှေငွေပစ္စည်း တန်ဖိုးငွေကျပ် ၂၄၁၈၀၀၀ခန့် ပါရှိသွားသည်။

ယင်းလုယက်မှုအား မခင်သူဇာမြင့်၏ အမှုဖွင့်တိုင်ကြားချက်အရ (ပ) ၅၄/၂၀၁၅၊ ပုဒ်မ ၃၈၂ ဖြင့် အမှတ်(၂)နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၅၇၉) ■



# မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာအနီး စိတ်ကြွရူးသွပ်ဆေးပြား၊ ကဖင်းနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိ

**တာချီလိတ် မတ် ၃**

နယ်မြေခံတပ်မှ ဗိုလ်ကြီး ဇင်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ ရဲမှူးဝင်းမြင့်အောင် ဦးစီးအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ဒုရဲမှူးသန်းရွှေ ဦးစီးအဖွဲ့ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ ရဲအုပ်သက်ဇော် ဦးစီးအဖွဲ့နှင့် မိုင်းကိုးပြည်သူ့စစ်အဖွဲ့မှ ဦးကျအူ ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂ ရက် မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ရှင်း(၄)ကျေးရွာ အနီး တာချီလိတ်-တာလေသွား ကားလမ်း ညာဘက်ခြမ်း တစ်မိုင်ခန့်အကွာတွင် စောင့်ဆိုင်းနေစဉ် ရန်ရှင်း(၄) ကျေးရွာဘက်မှ အရှေ့ဘက်လယ်ကွင်းကို ဖြတ်သန်း၍ ကျရှီးဘိုး(ကျား) မောင်းနှင်လာသည့် VIGO အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် နောက်ခန်းအတွင်းရှိ SEASON Polo စာတန်းပါ လက်ဆွဲအိတ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၅၀၀၀ (အလေးချိန် ၃၀ ဒသမ ၂ ကီလို) ကာလတန်ဖိုး ငွေကျပ် ၇၅၀၀ သိန်းခန့်နှင့် ကဖင်းအလေးချိန် သုံးကီလိုခန့်ပါ တစ်ထုပ်၊ ကာလ တန်ဖိုးငွေကျပ် ၂၂၅၀၀၀ ခန့်၊ ဩစတြေးလျနိုင်ငံလုပ် ၉ မမပစ္စတို တစ်လက်၊ ယင်းကျည် နှစ်တောင့်၊ ကျည်ကတ်တစ်ခု၊ ပွိုင့် ၂၂ ရိုင်ဖယ်တစ်လက်နှင့် ကျည်တစ်ခုတို့အား ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ် စိုင်းနော်ဟိန်း မှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြား၊ ကဖင်းနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်လာသော ကျရှီဘို (၃၈နှစ်)၊ ကာနကျေးရွာ အောက်မိုင်းဟဲအုပ်စု တာချီလိတ်မြို့နယ် နေသူအား တာချီလိတ် မြို့မ ရဲစခန်းက မယ(ပ)၄၄/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ခ)/၁၉(က)/၂၂(ခ)အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**



# အနေးယာဉ်လာရောက်ရောင်းချရာမှ ခိုးမှုပေါ်ပေါက်

**ရန်ကုန် မတ် ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက်၌ အနေးယာဉ်ဆိုက်ကားတစ်စီးလာရောက်ရောင်းချသူအားစစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် နံနက် ၉ နာရီက ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက် (၁၅)လမ်း-အေ တိုက်(၁၂)နေ မြို့နယ်အနေးယာဉ်ဂိတ်မှူး ဦးရဲ(ခ)ဦးမျိုးမင်းထံသို့ သယ်န်းကျွန်းမြို့နယ်နေ ဦးတင်ဝင်းဆိုသူက အနေးယာဉ်ဆိုက်ကားတစ်စီးလာရောက် ရောင်းချသဖြင့် မသင်္ကာ၍ (၁၄)လမ်း-အေ အနေးယာဉ်ဂိတ်သို့ ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရခိုးယူလာခြင်းဖြစ်ကြောင်း သိရသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းသို့အကြောင်းကြားရာ မြို့မရဲစခန်းက (ပ/၁၃၃) ပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၂)

# ရေစုပ်စက်ဖြင့် ရေတင်ရာမှ အပူလွန်ကဲမှုကြောင့် နွားစာတဲ နှစ်လုံးနှင့် ရေစုပ်စက်များ မီးလောင်ဆုံးရှုံး

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းမြို့နယ် မြောက်ဘက်ခြောက်မိုင်ခန့်ဝေးသော ဆွမ်းချက်ကျေးရွာတွင် နွားစာအတွက် ရေစုပ်စက်ဖြင့် ရေတင်ရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ်အမှတ်(၂) ရဲကင်းစခန်းမှ ရဲအုပ်မင်းလွင်ထွန်းသည် ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီ မိနစ် ၅၀ တွင် ရဲကင်းစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် စစ်ကိုင်းမြို့နယ် ဆွမ်းချက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ကြပ်ကြီး နိုင်ဝင်း၊ ရဲတပ်ကြပ် လှမြင့်၊ စီတီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်တို့နှင့် အတူသွားရောက် စစ်ဆေးကြည့်ရှုခဲ့ရာ ဆွမ်းချက်ရွာ မြောက်ပိုင်းနေ ဦးစိန်ကြီး၏ သုံးခန်း၊ နှစ်ခန်း ထန်းရွက်မိုး ထရံကာမြေစိုက် နွားစာတဲတွင် တရုတ်နိုင်ငံလုပ် ဂျင်မာအမျိုးအစား ၁၂×၁၃ ကောင် စက်ကွန်ပရက်ဆာဖြင့် မောင်းနှင်၍ နွားစာရေတင်ထားရာမှ အပူလွန်ကဲပြီး နွားစာဂျုံမှော်များအား မီးကူးစက်လောင်ခြင်းဖြစ်သည်။

မီးလောင်ရာသို့ စစ်ကိုင်းမီးသတ်တပ်ဖွဲ့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်ဖြင့် အချိန်မီလာရောက် မီးငြိမ်းသတ်ကြသဖြင့် မီးငြိမ်းသွားပြီး မီးလောင်မှုကြောင့် နွားစာတဲ နှစ်လုံးနှင့် ရေစုပ်စက်အင်ဂျင်၊ ကွန်ပရက်ဆာတို့ ဆုံးရှုံးသွားသည်။

သို့ဖြစ်ပါ၍ ရေစုပ်စက်အုပ်ဂျင်အား ပေါ့ဆစွာ မောင်းနှင်အသုံးပြု၍ နွားစာတဲအား မီးလောင်ကျွမ်းစေခဲ့သော ဦးစိန်ကြီးအား စစ်ကိုင်းမြို့မ ရဲစခန်းက (ပ)၈၆/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅ အရ အရေးယူထားကြောင်းသိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**



**ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကေတုမာလာကွေ့ မီးပွိုင့်တွင် မတ် ၂ ရက် ညနေ ၅ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဘက်သို့ ပုံမှန်လမ်းအတိုင်း ကွေ့မောင်းလာသော (CC/------) ယာဉ်အား တစ်ဖက်ယာဉ်ကြောမှ လမ်းပြောင်းပြန်လမ်းမှားကွေ့ဝင်လာသော (4H/------)အနီရောင် ကိုယ်ပိုင်ယာဉ်က မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိသဖြင့် ယာဉ်နှစ်စီးလုံး ရှေ့ပိုင်းပျက်စီးနေသည်ကို တွေ့ရစဉ်။**

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)

# အင်းတော်ကြီးဘုရားဖူးယာဉ်တိမ်းမှောက်၊ ခြောက်ဦးသေဆုံး

**မိုးညှင်း မတ် ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာမှ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့ ရေကျော်ရပ် နန်းမားကျေးရွာနေ ယာဉ်မောင်း သက်ပိုင်ကျော်(ခ)ဖေယျာထူး မောင်းနှင်သော ယာဉ်အမှတ် SD/------- တုံဖုံးကား အပြာရောင်ယာဉ်သည် အင်းတော်ကြီး နန့်မွန်တောင် ထိပ်အဆင်း မြေနီဖြတ်လမ်း မိုင်တိုင် ၁၃/၀ နှင့် ၁၃/၁ ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည့်ဖြစ်စဉ်တစ်ခု မတ် ၂ ရက် ညနေ ၃ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ခရီးသည် ၅၀ ကျော်အနက် ကျား ၁၅ ဦး၊ မ ၂၉ ဦး စုစုပေါင်း ၄၄ ဦးဒဏ်ရာရရှိခဲ့ကာ ကျားနှစ်ဦး၊ မလေးဦး စုစုပေါင်း ခြောက်ဦးသေဆုံးခဲ့ရသည်။

အခင်းဖြစ်ပွားပြီးနောက် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် လုံးတုံနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ရဲထွန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ယာဉ်(ပ) ၄/၂၀၁၅၊ ပုဒ်မ ၃၀၄-က/၃၃၈/၃၃၇အရ ရဲအုပ် ဘုန်းမြင့်ထူးက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ပညာရေး




# မြန်မာကျောင်းသားများအတွက် UNSW ပညာသင်ဆု လျှောက်ထားနိုင်ပြီ

ဩစတြေးလျနိုင်ငံ၏ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်သော University of New South Wales (UNSW) ၌ မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူများအတွက် (Studies Plus Foundation Studies Program) ပညာသင်ဆုများ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း Edulink Australia မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

" UNSW ရဲ့ Standard Plus Program အတွက် ပညာသင်ဆုကို စတင်လျှောက်ထားနိုင်မှာဖြစ်ပါတယ်။ အချိန်ကာလအနေနဲ့ ၁၁ လကြာမြင့်မှာဖြစ်ပါတယ်။ လျှောက်ထားတဲ့ကျောင်းသားကျောင်းသူတွေဟာ IB တန်းမှာ တက်နိုင်တဲ့သူတွေ၊ IGCSE O Level (သို့) အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်မြင်ထားသူတွေ၊ gsade ၁၂ ရလဒ်ကောင်းနဲ့ SAI အောင်မြင်ထားတဲ့သူတွေဖြစ်ရပါတယ်။ IELTS နဲ့ TOEFL လည်း ရရှိထားရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောပြသည်။

UNSW ၌ မြန်မာနိုင်ငံရှိ Studies Plus Foundation Studies Porgram တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများအတွက် ၎င်းတို့၏ ပညာသင်စားစရိတ်ထဲမှ ၂၅ရာခိုင်နှုန်း(သို့) ဩစတြေးလျဒေါ်လာ ၇၈၅နှင့်ညီမျှသော ပညာသင်ဆုလည်း လျှောက်ထားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**စန္ဒာဝင်း**

# ရွှေပြည်သာမြို့နယ်ပညာရေးဌာနတွင်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၄၇၆၈ ဦးရှိ

**ရန်ကုန် မတ် ၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပညာရေးဌာနတွင်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းတွင်းဖြေနှင့် ကျောင်းပြင်ပဖြေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၆၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရွှေပြည်သာမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာရပ်အတွဲ (၇) ၁၅၃၃ ဦး၊ အတွဲ (၂) ၁၀ဦး၊ အတွဲ(၁) ၃၂၂၅ ဦးတို့သည် မြို့နယ်ပညာရေးဌာနအောက်ရှိ အထက(၁)(၂)(၃)(၄)၊ အထက(ခွဲ) လ(၃)၊ အလက (၁)(၂)(၄) ကျောင်းများတွင် စာစစ်ဌာနရှစ်ခုခွဲဖွင့်လှစ်ထားပြီး ဖြေဆိုကြရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ရက်က ယာယီမြို့နယ်ပညာရေးမှူးရုံး အထက(၁) ကျောင်းရှေ့တွင် ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ခုံနံပါတ်နှင့် စာစစ်ဌာနများကို ထုတ်ပြန်ကြေညာထားပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့်ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုပြီးနောက် မိမိတို့ဖြေဆိုရမည့်စာစစ်ဌာနများတွင် ဖြေဆိုခွင့်ကတ်ပြားများကို ကိုယ်တိုင်သွားရောက်၍ ထုတ်ယူနိုင်ကြောင်းသိရသည်။

မတ် ၅ ရက်တွင် စာစစ်ဌာနရှစ်ခုတွင် စာမေးပွဲဖြေဆိုချိန် ကာလအတွင်း၌ တာဝန်ယူရမည့် ကြီးကြပ်ရေးမှူးနှင့် လ/ထကြီးကြပ်ရေးမှူးများကို သင်တန်းနှင့် ဆွေးနွေးပွဲကို ပြုလုပ်သွားမည်ဖြစ်သည်။

စာစစ်ကြီးကြပ်ရေးမှူး ရှစ်ဦးကို မြန်မာနိုင်ငံစာစစ်ဌာနနှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနတို့က တာဝန်ယူပြီး လ/ထ ကြီးကြပ်ရေးမှူးများကိုမြို့နယ်အတွင်းရှိ စာသင်ကျောင်းများမှ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် ဝါရင့်မူလတန်းပြ ဆရာဆရာမများကို တာဝန်ချထားပေးပြီး ဖြစ်ကြောင်းသိရသည်။




ရွှေပြည်သာမြို့နယ်ပညာရေးဌာနသည် တက္ကသိုလ်ဝင်စာမေးပွဲကိုဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် စာစစ်ဌာနများ သန့်ရှင်းသပ်ရပ်ပြီးလုံခြုံရေးကောင်းမွန်စေရေး၊ လျှပ်စစ်မီးမပြတ်တောက်ရေး၊ လမ်းပန်းဆက်သွယ်ရေးသွားလာမှုတွင် အဆင်ပြေချောမွေ့စေရေး၊ တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းစွာစာမေးပွဲကို ဖြေဆိုအောင်မြင်နိုင်ရေးနှင့် အခြားမည်သည့်ကိစ္စနှင့်မျှ စိတ်အနှောင့်အယှက်မဖြစ်ပေါ်စေရေးတို့ကို မြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးမှူးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များတို့နှင့်ပူးပေါင်း၍ စီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ပညာရေးဌာနတာဝန်ရှိသူတစ်ဦး ကပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**


**Coffee Shop ဆိုင်အတွက် ဝန်ထမ်းအမြန်အလိုရှိသည်**

| | |
|---|---|
| အကြော်ဆရာကျွမ်းကျင် | (၂)ဦး |
| ရှမ်းအစားအစာကျွမ်းကျင် | (၃)ဦး |
| အသီး/ဖျော်ရည်အစုံကျွမ်းကျင် | (၃)ဦး |
| အကူ | ကျား/မ(၅)ဦး |
| Waiter | ကျား/မ(၅)ဦး |

**Ph:09-43204091,09-423726948**



**အများသိစေရန်(သို့)မသက်ဆိုင်တော့ပါကြောင်း**

ကျွန်မဒေါ်စိုးမိုးခိုင်(ခ)မိုးမိုး[၇/အဖန(နိုင်)၀၀၀၇၆၁]၏ခင်ပွန်း၊ အိုးသည်ကုန်းမြို့၊ ရေတွင်းကြီးရပ်ကွက်နေ အဖဦးတင်လှိုင်၏သား ဦးမြင့်ဇော်(ခ)မှုံကြီး[၇/အဖန(နိုင်)၀၁၁၇၈၅]သည် ကျွန်မနှင့်ပေါင်းသင်းစဉ်ကာလအတွင်း စိတ်အနှောင့်အယှက် အမျိုးမျိုးပေးကာ ၎င်း၏ဆန္ဒအတိုင်း အိမ်ပေါ်မှဆင်းသွားလေ့ရှိသည်ကို ၎င်း၏မိဘများကိုလည်း အသိပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝသည် ကျွန်မနှင့်လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နောက်နောင်ကျွန်မနှင့် ကျွန်မမိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် အပြုအမူ အပြောအဆိုများပေါ်ပေါက်လာပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။ **ဒေါ်စိုးမိုးခိုင်(ခ)မိုးမိုး[၇/အဖန(နိုင်)၀၀၀၇၆၁]**



**ဒေါ်အုန်းကြည်၊ ဦးတင်ကိုလတ်နှင့် အများသိစေရန်ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူဝင်း[၁၂/ဗတထ(နိုင်)၀၁၁၀၂၈] အခန်း(၀၀၁)၊ မြေညီထပ်၊ တိုက်အမှတ်(၂၈)၊ ဓမ္မာရုံလမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ၅-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာပါ ဒေါ်အုန်းကြည်၏ ကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူဝင်းသည် ဒေါ်အုန်းကြည်၏ သားဖြစ်သူ ဦးတင်ကိုလတ် နှင့် ၁၉-၆-၁၉၈၇ခုနှစ်ကတည်းက အိမ်ထောင်ကျခဲ့ပြီး သားသမီး(၃)ဦး မွေးဖွားခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးတင်ကိုလတ်သည် နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ရသည့်ငွေအားလုံးကို ၎င်း၏မိခင် ဖြစ်သူ ဒေါ်အုန်းကြည်ထံပေးပို့၍ ယခုကျွန်ုပ်၏မိတ်ဆွေ နေထိုင်လျက်ရှိသည့် တိုက်ခန်းအား မိခင် ဒေါ်အုန်းကြည် အမည်ဖြင့် အမည်ငှားဝယ်ယူခဲ့ပြီး ဦးတင်ကိုလတ်၏အမည်ဖြင့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် -၅၃၂(B)၊ မြေကွက်အမှတ်-၁၉၅(A)၊ ဧရိယာ(၀. ၂၂၉၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်အား ဝယ်ယူခဲ့ပါသည်။ ၎င်းနောက် ဦးတင်ကိုလတ်သည် အိမ်ထောင်ရေး ဖောက်ပြန်ကာ ဒေါ်ခင်မျိုးဝင်းဆိုသူနှင့် ၎င်းအမည်ပေါက်လျက်ရှိသော မြေကွက်ပေါ်တွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ယခုလက်ရှိနေထိုင်လျက်ရှိသော တိုက်ခန်းသည်လည်းကောင်း၊ ဦးတင်ကိုလတ် အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသော မြေကွက်သည်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေဒေါ်မူမူဝင်းနှင့် ဦးတင်ကိုလတ်၏ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဖြစ်သောကြောင့် ဒေါ်မူမူဝင်းသဘောတူညီမှုမရှိဘဲ အဆိုပါပစ္စည်းများအား ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားသောနည်းများဖြင့် စီမံခန့်ခွဲမှုပြုခြင်းများ မပြုလုပ်ရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးလှစိန်(တရားလွှတ်တော်ရှေ့နေ)-စဉ်-၃၂၇၈
အမှတ်-၅၆၁၊ **(M.A.C Tower)** အခန်း-၃၀၂၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ယုနိုင်[၁၂/ဥကမ(နိုင်)၀၀၅၈၄၂]ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၃၉)ဟုခေါ်တွင်သော အလျား(၁၁ပေ×အနံပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံ စားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုနိုင်ကဒေါ်ဝင်းကြည်[၁၁/ကတန(နိုင်) ၀၆၇၂၀၀]ထံမှ ၂၉-၁-၂၀၁၅ ရက်တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ယုနိုင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်း စွန့်လွှတ်ခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်ခင်ယုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအာကာဝင့်ဇော်**(LL.B)** | ဒေါ်အိရွှေစင်**(LL.B, Dip in Business Law)** |
| စဉ်-၂၅၅၉၄ | စဉ်-၃၄၇၄၂ |

အထက်တန်းရှေ့နေများ
ရုံးအမှတ်-(၆၆၈/၁)၊ ခေမာသီလမ်းမကြီး၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
အိမ်-အမှတ်(၁၃၂)၊ ဦးအောင်ဇေယျ(၂)လမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၅၄၄၄၅၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃





# ရှမ်းပြည်နယ်(တောင်) တောင်ပို့ကြီးကျေးရွာအုပ်စု ပေါင်းပိုင်းကျေးရွာခုနစ်ရွာ၌ လျှပ်စစ်မီးရရှိ

**တောင်ကြီး မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအုပ်စု ပေါင်းပိုင်း ကျေးရွာခုနစ်ရွာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းပိုင်းကျေးရွာပူးပေါင်း၍ (၂၄)နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၉နာရီက တောင်ပို့ကြီးကျေးရွာအုပ်စု၊ ပေါင်းပိုင်း ကျေးရွာ၊ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပေါင်းပိုင်းကျေးရွာ ထရန်စဖာရှေ့တွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က တောင်ရိုးတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ အင်းတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူး၊ လျှပ်စစ်မီးလင်းရေးကို ကြိုးစားပေးကြသော အဖွဲ့များနှင့်ကျေးရွာသူ၊ ကျေးရွာသားများကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပေါင်းပိုင်းကျေးရွာခုနစ်ရွာကို (၂၄)နာရီ လျှပ်စစ်မီးများရရှိသည့်အတွက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်ပြောကြားခဲ့သည်။

ဆက်လက်၍ ပေါင်းပိုင်းကျေးရွာဒေသခံပြည်သူတစ်ဦးက ပေါင်းပိုင်းကျေးရွာခုနစ်ရွာ (၂၄)နာရီ လျှပ်စစ်မီး ရရှိသည့်အတွက် ယခင်က မသုံးစွဲနိုင်ခဲ့သည့် ရေမော်တာများ ယခုသုံးစွဲနိုင်ပြီဖြစ်ကြောင်း ပြောပြခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ရိုးတိုင်းရင်းသားများ၊ အင်းတိုင်းရင်းသားများ၊ တောင်ပို့ကြီးကျေးရွာ ပြည်သူလူထုများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး၊ လျှပ်စစ်မီးထရန်စဖော်မာ KVA 110 ဗို့(၁)လုံးဖြင့် တောင်ပို့ကြီးကျေးရွာအုပ်စုရှိ ကျေးရွာများအား လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အမှတ်(၁) ကားလမ်းမပေါ်ရှိ ရန်ပယ်ချောင်းရေကျော်လမ်းတည်ဆောက်



**တောင်တွင်းကြီး မတ် ၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ်သန်း ၆၃ ဒသမ ၁၈ ဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကားလမ်းမကြီးပေါ်ရှိ အရှည်ပေ ၂၅၀၊ အကျယ် ၃၅ ပေ၊ အမြင့် ၇ ပေရှိသော ရန်ပယ်ချောင်းရေကျော် ချဉ်းကပ်လမ်း တည်ဆောက်ခြင်းနှင့် ရေစီးကြောင်းထိန်း ကျောက်စီနံရံပြုလုပ်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့်တာဝန်ရှိသူများက လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းကကြည့်ရှုခဲ့သည်။

ယင်းအဖွဲ့မှ သတ်မှတ်ကာလအတွင်းပြီးစီးရေးလမ်းအရည်အသွေးကောင်းမွန်ရေးတို့အတွက်ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တောင်ယမားဒေသ၌ နွားဒုန်း၊မြင်းဒုန်းပြိုင်ပွဲများဖြင့် တောင်သူလယ်သမားပွဲတော် စည်ကားစွာ ကျင်းပ

**ပုလဲ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် တောင်ယမားဒေသတွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားပွဲတော်ကို နွားဒုန်း ပြိုင်ပွဲ၊ မြင်းဒုန်းပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများနှင့် တောင်သူလယ်သမားသုံး ပစ္စည်းအရောင်းဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်သူလယ်သမားပွဲတော်သို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်သည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုနှင့် ဌာနဆိုင်ရာများ လိုက်ပါ၍ မတ် ၁ ရက် နံနက် ၉ နာရီက ရောက်ရှိရာ အကြိုဗိုလ်လုပွဲ ဘောလုံးပြိုင်ပွဲတွင် ပန်းရွာကျေးရွာအသင်းနှင့် ကံပေါက်(အရှေ့)ကျေးရွာတို့ ယှဉ်ပြိုင်နေမှုများကိုအားပေးခဲ့ပြီး နွားဒုန်း၊ မြင်းဒုန်းပြိုင်ပွဲပြုလုပ်ရန် ပြင်ဆင်နေမှုများနှင့်တောင်သူ လယ်သမားသုံး ပစ္စည်းအရောင်းဆိုင်ခန်းများကို ကြည့်ရှု၍ တောင်သူဦးကြီးများနှင့်ဒေသခံများအားတွေ့ဆုံခဲ့သည်။

ပွဲတော် ဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင် ဦးလှဘော်က 'တောင်သူလယ်သမားနေ့ကိုဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ကျွန်တော်တို့ ဒီဒေသမှာတောင်သူလယ်သမားပွဲတော်ကို ပထမဆုံးကျင်းပတာဖြစ်ပါတယ်။တိမ်မြုပ်ပျောက်ကွယ်စဖြစ်နေတဲ့နွားဒုန်း၊ မြင်းဒုန်းပြိုင်ပွဲနှင့်တောင်သူလယ်သမားသုံး ပစ္စည်းအရောင်းဆိုင်ခန်းများကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ နောက်ပြီး လယ်ယာလုပ်ငန်းခွင်နားချိန်မှာ တစ်ရွာနဲ့ တစ်ရွာ ရင်းနှီးချစ်ကြည်မှုရှိအောင်နဲ့ မြန်မာ့အားကစားအဆင့်အတန်းမြင့်မားလာစေရေးကို ရည်ရွယ်ပြီး တော့လည်းဘောလုံးပြိုင်ပွဲနဲ့ ပိုက်ကျော်ခြင်းပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိပါတယ်။ ဒီပွဲတော်အတွက်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ကျပ်သုံးသိန်း ပေးခဲ့ပါတယ်" ဟုပြောခဲ့သည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

# ကျေးလက်ဆိုလာမီးလင်းရေးဖွင့်ပွဲကျင်းပ

**ကျောက်တံခါး မတ် ၃**

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာအုပ်စု ကညင်ကျိုးရွာဟောင်းတွင် မတ် ၁ ရက် နံနက် ၁၀ရီက ကျေးလက်ဆိုလာ မီးလင်းရေးဖွင့်ပွဲကို ရွာအဝင်မုခ်ဦးမဏ္ဍပ်တွင်ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဆိုလာမီးလင်းရေးဖွင့်ပွဲ ဆိုင်းဘုတ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးငွေးလွင်စိုး၊ ကညင်ကျိုးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးဇော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးငွေးလွင်စိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွင် ယခု ကညင်ကျိုးကျေးရွာအုပ်စုမှ ကညင်ကျိုးရွာဟောင်းကျေးရွာအတွက် အိမ်ထောင်စုပေါင်း ၉၀၊ လူဦးရေ ပေါင်း ၄၁၉ဦးတို့အား ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ၉၀စုံတို့အား ချပေးခဲ့ရာ ယခုအခါ ကျေးရွာတွင် ဆိုလာမီးများလင်းနေပြီဖြစ်ကြောင်း၊ နောင်တွင်လည်း ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းကူညီပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# မုတ္တမပင်လယ်ကွေ့အား အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသ အဖြစ် နယ်နိမိတ် သတ်မှတ် နိုင်ရေး ဆွေးနွေး

**မော်လမြိုင် မတ် ၃**

မြန်မာနိုင်ငံ၏ ရေတိမ်ဒေသ ဂေဟစနစ်ကြွယ်ဝကောင်းမွန်မှု၏ ပြယုဂ်တစ်ခုဖြစ်သော မုတ္တမပင်လယ်ကွေ့အား အပြည်ပြည်ဆိုင်ရာ အရေးပါသော ရေတိမ်ဒေသ (RamsarSite) အဖြစ်အဆိုပြုသတ်မှတ်နိုင်ရေးနှင့် နယ်နိမိတ်ဧရိယာ အတည်ပြုနိုင်ရေးဆိုင်ရာ ပြည်နယ်အဆင့်ညှိနှိုင်းဆွေးနွေးပွဲကိုဖေဖော်ဝါရီ ၂၈ ရက်က မော်လမြိုင်မြို့၊ ရွှေမြင့်မိုရ်ထွန်း ဟိုတယ်၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဦးစွာအဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးဝင်းမော်ဦးက ရေတိမ်ဒေသ သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် BANCA တို့ပူးပေါင်း၍ မွန်ပြည်နယ်အတွင်းဆောင်ရွက်မှုများကိုရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် BANCA ဥက္ကဋ္ဌ ဒေါက်တာ စောမွန်သိမ့်မှ BANCA အသင်း၏ ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းနှင့်ပြည်နယ်အဆင့်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ပြောကြားကာ ပတ်ဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က Ramsar Site အကြောင်းရှင်းလင်းတင်ပြခဲ့သည်။



"ရေတိမ်ဒေသဟာ များစွာသောဝန်ဆောင်မှုနဲ့ အကျိုးကျေးဇူးကိုပေးပါတယ်၊ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးတယ်။ မိုးသည်းထန်စွာ ရွာခြင်းနဲ့ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာတဲ့ ရေလွှမ်းမိုးမှုမဖြစ်စေရန် ရေကိုထိန်းသိမ်းပေးထားနိုင်တယ်၊ကမ်းခြေရေတိမ်ဒေသတွေမှာ ဒီရေရောက်တောတွေရှိစေခြင်းဖြင့် ပြင်းထန်သောလေပြင်းများနှင့် လှိုင်းဒဏ်တို့မှ ကာကွယ်ပေးတယ်။ အပင်ရှင်သန်ကြီးထွားဖို့အတွက် အာဟာရကိုထောက်ပံ့ပေးတယ်၊ ရေတိမ်ဒေသများဟာ ဇီဝမျိုးကွဲများပေါများကြွယ်ဝစေဖို့ အလွန်အရေးကြီးတဲ့နေရာဖြစ်ပြီး တိရစ္ဆာန်များအတွက်နားခိုရာနေရာ(Shelter) ၊သားပေါက်ရန်နေရာများ(Breeding Sites)၊ လူသားများအပန်းဖြေ နားခိုရာနေရာ( Receration Site)၊ ပညာရပ်များလေ့လာသင်ယူနိုင်သောနေရာ( Education Centre) တွေအဖြစ်ထောက်ပံ့ပေးပါတယ်" ဟု Ramsar Convention ( ရေတိမ်ဒေသထိန်းသိမ်းရေးအတွင်းဝန်ရုံး) မှ လုရန်းက ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

မုတ္တမ ပင်လယ်ကွေ့သည် ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီး မြောက်ဘက်တွင်ညောင်ခါးရှည်(ပဲခူးတိုင်း)မှစကာ အရှေ့ဘက်တွင် ခင်တန်း(မွန်ပြည်နယ်) နှင့် အနောက်ဘက်တွင် မင်းရွာအသင်(ရန်ကုန်တိုင်း) တိုင်းတို့ပါဝင်ပြီး အဓိက စီးဆင်းနေသော မြစ်မှာ စစ်တောင်းမြစ်ဖြစ်သည်။

ဒီရေအမြင့်ဆုံး(၄ဒသမ ၇)မီတာ၊ ပျှမ်းမျှဒီရေ (၆ ဒသမ ၆)မီတာ၊ ရေနောက်ဇုန် (၄၅၀၀) စတုရန်းကီလိုမီတာရှိပြီးချောင်းငယ်ပေါင်းများစွာ စီးဝင်လျက်ရှိကာ ကမ္ဘာ့အကြီးဆုံး ရေနောက်ဇုန်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ (Zoo Benthos) ခေါ် ရေအောက်ကြမ်းပြင် မြေသားရွှံ့နွံအတွင်း (သို့မဟုတ်)မြေသားအနီးအနားတွင် နေထိုင်သော သတ္တဝါများပေါများပြီးစ (Benthos) များအတွက် အစာအဟာရများမှာ ရေပိုရေလွှဲဒေသများမှ ကျရောက်လာသော အော်ဂဲနစ်အမှုန်များဖြစ်သည်။

ထို့ကြောင့် မုတ္တမပင်လယ်ကွေ့တွင်ငှက်နှင့်ရေ သယံဇာတများ ပေါများပြီး ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာအထောက်အပံ့များရရှိကာငှက်မျိုးစိတ်ပေါင်း၁၃၀ ကျော်ခန့် ဆောင်းခိုနေထိုင်ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသော ငှက်မျိုးစိတ်လေးမျိုး လာရောက်ဆောင်းခိုနေထိုင်သည်။ တစ်ကမ္ဘာလုံးတွင် ငှက်အကောင်ရေ ၅၀၀ အောက်သာကျန်ရှိပြီး မျိုးသုဉ်းရန် အစိုးရိမ်ရဆုံးအဆင့်သို့ရောက်ရှိနေသည့် ရေညှောင့်နှုတ်ဝိုင်းငှက်(ဒီလုံး)(Spoon –billed Sandpiper) သည် တစ်ကမ္ဘာလုံး၏ ၅၀ ရာခိုင်နှုန်းခန့် နှစ်စဉ်လာရောက်ဆောင်းခိုနေထိုင်လျက်ရှိကြောင်းသိရသည်။

ရေတိမ်ဒေသ လျော့နည်းပျောက်ကွယ်သွားပါက ပြန်လည်အစားထိုး၍ မရနိုင်ဘဲ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှု များစွာဖြစ်ပေါ်လာနိုင်သောကြောင့် ရေတိမ်ဒေသ ထိန်းသိမ်းခြင်းမှာ အထူးအရေးပါလှပြီး ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီးဘေးမဲ့တော၊ အင်းလေးကန်၊ မိန်းမလှကျွန်းဘေးမဲ့တော၊ လန်ပိ အမျိုးသားဥယျာဉ်တို့သည်လည်း အရေးကြီးထိန်းသိမ်းသင့်သော ရေတိမ်ဒေသများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသော Ramser Site အဖြစ် စာရင်းသွင်းသတ်မှတ်ခဲ့သည့် ရေတိမ်ဒေသမှာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဖြစ်ပြီး ဆက်လက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့မှ မြန်မာနိုင်ငံ၏ ဒုတိယမြောက် Ramsar Site အဖြစ် မုတ္တမပင်လယ်ကွေ့အား သတ်မှတ်နိုင်ရန် အားပေးထောက်ခံလျက်ရှိကြောင်း သိရသည်။

ရမ်ဆာအတွင်းဝန်ရုံးအနေနှင့်လည်း မုတ္တမပင်လယ်ကွေ့ကိုနိုင်ငံတကာ အသိအမှတ်ပြု အရေးကြီးလှသည့် ရေတိမ်ဒေသ Ramsar Site အဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းမှုများနှင့် ရေရှည်တည်တံ့ရန်ထိန်းသိမ်းမှုလုပ်ငန်းများတွင်အကောင်းဆုံး အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဆက်နေမင်းအောင်**

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

# လူလေးသို့ပေးစာများ – ၄

မြသန်းတင့်

**စနေနေ့**

**လူလေး**

မင်းစာတော်တဲ့အကြောင်း၊ လိမ္မာရေးခြားရှိတဲ့အကြောင်းကို လော့ဒ်ဩရဲရီကြားရလို့နောက်တနင်္ဂနွေနေ့မှာသူတို့အိမ်ကိုညစာစားဖိတ်ချင်တယ်လို့ ဖေဖေ့ကိုပြောနေတယ်။ ညစာစားပွဲကို လာမယ်လို့လည်းဖေဖေကပြောလိုက်တယ်။ ခုလောက်ဆိုရင်တော့ သူ့ဖိတ်ကြားချက်ကိုမင်းရလောက်ပြီပေါ့။ တကယ်လို့မရသေးဖူးဆိုရင်တော့ မနက်ဖြန်နှစ်နာရီနဲ့ သုံးနာရီကြားမှာ မင်းကိုယ်တိုင်သူတို့အိမ်ကိုသွားပြီး လော့ဘွိုင်း (လော့ဘွိုင်းဆိုတာ သူ့သားရဲ့အမည်) က ဖိတ်တဲ့အတွက်လာရတဲ့အကြောင်း ပြောပြပါ။ ဖေဖေကတော့ မနက်ဖြန်မှာ ညစာစားပွဲကို လိုက်မှာ မဟုတ်တဲ့အတွက်နောက်တစ်နေ့ မနက်စာစားမှ အကျိုးအကြောင်း မေးရတော့မှာပဲ။မနက်စာ လာစားတဲ့အခါကျတော့ မင်းကြိုက်တတ်တဲ့ ချောကလက်ကောင်းကောင်းကိုကျွေးရမှာပေါ့။

လောကကြီးမှာ လူရာဝင်ချင်ရင် လိမ္မာရေးခြားရှိဖို့ ဘယ်လောက်လိုတယ် ဆိုတာ ဖေဖေအထူးပြောစရာမလိုဘူး။ အထူးသဖြင့် မင်းတို့အရွယ်၊ မင်းတို့အတွေ့အကြုံ၊ မင်းတို့လိုလောကအကြောင်းသိတန်သလောက် သိတဲ့လူငယ်တွေကို သာပြီးတောင်ပြောစရာမလိုသေးတယ်။ ဒါပေမယ့် ဂရိစာသင်ရ၊ ကရစ်ကတ်ဘောလုံးရိုက်သင်ရ၊ လက်တင်စာသင်ရဆိုတော့ မင်းအလုပ်တွေအများမဟုတ်လား။ ဒီတော့ လိမ္မာရေးခြားရှိဖို့ ကိစ္စကိုအာရုံစိုက်ချင်မှ စိုက်နိုင်လိမ့်မယ်။ ဒါကြောင့် ဒီအချက်ကို အလေးဂရုပြုပြီး လော့ဒ်ဩရဲရီရဲ့ ညစာစားပွဲမှာလိမ္မာယဉ်ကျေးစွာပြုမူဆက်ဆံဖို့ ဖေဖေရေးလိုက်ရခြင်းဖြစ်တယ်။ လူအချင်းချင်း တွေ့လျှင် တွေ့ချင်း ကိုယ့်ဘက်ကို တိမ်းညွတ်လာစေချင်တယ်ဆိုရင်လိမ္မာရေးခြားရှိမှ ဖြစ်မယ်။ လိမ္မာရေးခြား ရှိခြင်းသာလျှင်လူတစ်ယောက်ကိုတွေ့လျှင် တွေ့ချင်း ကိုယ့်ဘက်ကို တိမ်းညွတ်လာအောင်လုပ်ပေးနိုင်တယ်။ ကိုယ့်မှာရှိတဲ့ကောင်းမွန်တဲ့အရည်အချင်းတွေကိုတော့ အချိန်အတန်ကြာမှ တွေ့နိုင်တယ်မဟုတ်လား။ လိမ္မာရေးခြားရှိခြင်းဆိုတာ ခါးကိုင်းပြီး နှုတ်ဆက်ရုံထုံးတမ်းစဉ်လာ လောကဝတ်ကို ပြုရုံတင်မကဘူး။ အလွယ်တကူသက်သက်သာသာယဉ်ယဉ်ကျေးကျေး၊ လေးလေးစားစားပြုမူနေထိုင်ပြတာလည်းပါတယ်။ ဒါကြောင့်မို့ ကိုယ့်ကို လာစကားပြောတယ်ဆိုရင် တစ်ဖက်သားကို အလေးဂရုပြုဖို့လိုတယ်။ နေရာယူရင်လည်း စားပွဲထိပ်မှာမထိုင်ဘဲ စားပွဲအောက်ဖက်မှာ ထိုင်ဖို့လိုတယ်။ ကိုယ့်ကို စားပွဲထိပ်မှာအထိုင်ခိုင်းမှသာလျှင် ထိုင်သင့်တယ်။ ဆုတောင်းသောက်ရင်လည်း အိမ်ရှင်အမျိုးသမီးအတွက် အရင်ဆုတောင်းပြီး အိမ်ရှင်အမျိုးသားအတွက် နောက်မှ ဆုတောင်းသောက်သင့်တယ်။ စားသောက်ရာမှာလည်း ကို့ရို့ကားယားညစ်တီးညစ်ပတ် စားသောက်မိခြင်း မရှိဖို့ သတိထားရမယ်။ အခြားသူများက မတ်တပ်ရပ်နေတုန်းမှာ ကိုယ်က ငုငုကြီး ထိုင်မနေဖို့ သတိပြုရမယ်။ ဒီအရာအားလုံးကို လုပ်တဲ့နေရာမှာ မလုပ်ချင်သလို ဆောင့်ကြီး အောင့်ကြီးနဲ့ မလုပ်ရဘူး။ လိုလိုချင်ချင် လုပ်ရမယ်။ လူညံ့တွေ လူဖျင်းတွေ ယဉ်ကျေးတဲ့ အမူအရာပြတဲ့အခါမှာ လုပ်လေ့ရှိသလို အနှစ်မပါတဲ့ မပြုံးချင် ပြုံးချင် အပြုံးမျိုးကို ပြုံးပြရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ကြည်လင်ရွှင်လန်းတဲ့ အမူအရာမျိုးနဲ့ လုပ်ရမယ်။ လိမ္မာရေးခြားရှိအောင်လုပ်ရတာ လောက်ဘယ်အရာမှ ခက်ခဲခြင်းမရှိဘူး။ လိမ္မာရေးခြားရှိခြင်းလောက် လိုအပ်တဲ့အရာလည်း တစ်ခုမှမရှိဘူးလို့ ဖေဖေထင်တယ်။ လိမ္မာရေးခြားရှိတဲ့ အမူအရာဟာ ထုံးတမ်းစဉ်လာအရ မလုပ်ချင် လုပ်ချင်လုပ်တာမျိုးနဲ့လည်းမတူဘူး။ လောကဝတ်အရ လုပ်ရတာမျိုးနဲ့လည်း မတူဘူး။ ဂရုစိုက်စရာမလိုဘူးဆိုတဲ့ ဆောင့်ကြွားကြွားအမူအရာမျိုးနဲ့လည်းမတူဘူး။ လူတွေ့ရင်စကားမပြောရဲသလို ဘာလိုရှက်ကိုးရှက်ကန်းဖြစ်နေတာမျိုးနဲ့လည်း မတူဘူး။ ထုံးတမ်းစဉ်လာ လောကဝတ်ဟာ နည်းနည်းပါးပါး လိုအပ်တာတော့မှန်ပါတယ်။ လူတွေနဲ့ဆက်ဆံရာမှာ သတ်မှတ်ထားတဲ့ လောကဝတ်တွေကိုလည်း လိုက်တော့လိုက်နာရမှာပေါ့။ ဒါပေမယ့် ပြောစရာရှိတာ၊ ဆိုစရာရှိတာကိုလည်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားပြောရဲရမယ်။ ကိုယ်နှုတ်အမူအရာအားဖြင့် နှိမ့်ချမှုလည်းရှိရမယ်။ ဒီအရာတွေကိုဘယ်နေရာမှာ ဘယ်လောက်အတိုင်းအတာထိ ကျင့်သုံးရမယ် ဆိုတာကတော့ လောကကြီးအကြောင်းကို သိပြီး အတွေ့အကြုံတွေ ရလာမှမင်းဆုံးဖြတ်နိုင်လိမ့်မယ်။

မနေ့က မစ္စတာ ဖစ်ဂျရယ် ဖေဖေ့ဆီကိုအလည် ရောက်လာတယ်။ သူကတော့ မင်းကို အားကြီးချီးမွမ်းတာပဲ။ ဒီတော့ သူတစ်ပါး ချီးမွမ်းခံရအောင်နေပါ။ ချီးမွမ်းခံရအောင်နေရင် ချီးမွမ်းခံရမှာပဲ။ အာဒီးယူ။

❑ ❑ ❑



**ဒပ်ဗလင်ရဲတိုက်၊ နိုဝင်ဘာ ၁၉၊ ၁၇၄၅ ခုနှစ်**

**လူလေး**

လွန်ခဲ့တဲ့ စနေနေ့က မင်းနေထိုင်ပြုမူသွားပုံတွေကို ဖေဖေ ကြားပြီးပြီ။ ဒီသတင်းကြောင့် ဖေဖေ တော်တော်ကျေနပ်သွားတယ်။ မစ္စတာ စိန့်မောရစ်ကိုတော့ ဖေဖေ အရင်တုန်းက မသိခဲ့ဘူး။ အလံကိုင် ဗိုလ်ကလေးအဖြစ် ဖေဖေခန့်အပ်ခဲ့တဲ့ ပိန်းကတော့ ဖေဖေ့ဆီကို ရောက်လာတယ်။

ဘာလိုလိုနဲ့ နာတာလူးပွဲတော်လည်းနီးလာပြီ။ မင်းကို အကသင်ပေးဖို့ မစ္စတာ ဒက်စန္ဒိုင်းယားကို ဖေဖေ ပြောထားတယ်။ လက်တွေရဲ့ လှုပ်ရှားမှုကို အထူးသတိထားစေချင်တယ်။ ဦးထုပ်ကိုဆောင်းပုံ၊ လက်ကမ်းပေးပုံစသည်တို့ဟာ လူကြီးလူကောင်းတစ်ယောက် အရေးထားရမယ့် အရာတွေဖြစ်တယ်။ ကတယ်ဆိုတဲ့ ကိစ္စကတော့ အသေးအဖွဲ့ကိစ္စလေးတစ်ခုပဲ။ သေးဖွဲ့ ရုံတင်မကဘူး။ မိုက်မဲရာတောင်ရောက်သေးတယ်လို့ ဖေဖေယူဆတယ်။ ဒါပေမယ့် ဒါဟာ ခိုင်မြဲနေတဲ့ မိုက်မဲမှုတစ်ခုဖြစ်နေ လေတော့တစ်ခါတစ်ရံ မှာအသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေတောင် လိုက်နာကျင့်သုံးနေကြရတဲ့ အစဉ်အလာတစ်ခုဖြစ်နေတယ်။ အဲဒီလို လိုက်နာရတယ်ဆိုတော့လည်း ကောင်းကောင်း ကတတ်အောင် လေ့ကျင့်ကြရပြန်တာပေါ့။ ဖေဖေဟာ မင်းကို ကချေသည် တစ်ယောက်မဖြစ်စေချင်ပေမယ့် မလွဲသာလို့ ကရတယ်ဆိုရင်လည်း ကောင်းကောင်း ကတတ်စေချင်တယ်။ အခြားအရာကိစ္စများမှာ ကောင်းကောင်းမွန်မွန် လုပ်တတ်ကိုင်တတ် ဖြစ်စေချင်သလို ကတဲ့နေရာမှာလည်း ကောင်းကောင်း ကတတ်စေချင်တယ်။

အမှန်ကတော့ ကတာလောက် အသေးအဖွဲ့နိုင်တဲ့ အလုပ်ရယ်လို့ မရှိဘူးလို့တောင် ဖေဖေ ထင်တယ်။ ဒါပေမယ့်(အဲဒီအလုပ်ကို မရှောင်မလွှဲသာ လုပ်ရတော့မယ်ဆိုတော့လည်း) သပ်သပ်ရပ်ရပ်၊ ကောင်းကောင်းမွန်မွန်ဖြစ်အောင် လုပ်သင့်တယ်။ မင်းဟာ ကရစ်ကက်ကစားရာမှာပဲဖြစ်ဖြစ်၊ ဘောလုံးကစားရာမှာပဲဖြစ်ဖြစ်၊ စစ်စမင်စတာကျောင်းမှာ အတော်ဆုံး လူငယ်တစ်ယောက်ဖြစ်စေချင်တယ်ဆိုတာ ဖေဖေ ပြောခဲ့ပြီးပြီ။ ဥပမာအားဖြင့် အဝတ်အစား ဝတ်တယ်ဆိုတာတော်တော်မိုက်မဲရူးနှမ်းတဲ့ အလုပ်ဖြစ်တယ်။ ဒါပေမယ့် ကိုယ့်အဆင့်အတန်းနဲ့အညီ ကိုယ့်ဂုဏ်သိက္ခာနဲ့အညီ ကောင်းမွန်သပ်ရပ်စွာ ဝတ်စားခြင်း မပြုဘူးဆိုရင်တော့ တော်တော်မိုက်မဲရူးနှမ်းတဲ့ ကိစ္စပဲ။ ကိုယ်နဲ့အတူ နေထိုင်သူလို ဝတ်စားဆင်ယင်ခြင်းဟာ တစ်ဖက်သားရဲ့နားလည်မှုကို မသိကျိုးကျွံပြုရာ မရောက်တဲ့ အပြင်တစ်ဖက်သားရဲ့ နားလည်မှုကို သဘောပေါက်ကြောင်း ပြသရာလည်းရောက်တယ်။ အဝတ်အစား ဝတ်ဆင်ရာမှာ အမြော်အမြင်ရှိတဲ့ လူနဲ့ အဝတ်အစားကို ရှုံးပြချင်လို့ ဝတ်တဲ့လူကြွားတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ လူကြွားက အဝတ်အစားကိုပြပြီး သူ့ကိုယ်သူ တန်ဖိုးမြင့်တယ်။ ဉာဏ်ရှိတဲ့လူကတော့ အဝတ်အစား လော်လီတာကို ရယ်မောပစ်ပေမယ့် အဝတ်အစားကို လျှစ်လျူမပြုအပ်ဘူးဆိုတာ သဘောပေါက်တယ်။ အဝတ်အစားဝတ်ရာမှာမိုက်မဲရူးနှမ်းတဲ့ ထုံးတမ်းဓလေ့တွေဟာ ထောင်ချီပြီးရှိတယ်။ ဒါပေမယ့် ဒီထုံးတမ်းဓလေ့တွေဟာ ရာဇဝတ်မှု မဟုတ်တဲ့အတွက် ဉာဏ်ရှိသူများဟာ ကာလဒေသကိုကြည့်ပြီး အသာတကြည် လိုက်လျောကျင့်သုံးရလိမ့်မယ်။ လောကကြီးကိုလှောင်ပြောင်တတ်တဲ့(ဂရိပညာရှင်) ဒိုင်အိုဂျင်းဟာ အဝတ်အစား လော်လီတာကို အထင်သေးတဲ့ ဉာဏ်ရှိသူတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ဒီလိုဝတ်စားပြလိုက်တဲ့ အတွက်လည်းသူလည်းရူးနှမ်းတဲ့ အဖြစ်ကို ရောက်သွားရတယ်။ တတ်နိုင်ရင် အဝတ်အစား ဝတ်ဆင်ရာမှာ အခြားသူများထက် အမြော်အမြင်ရှိပါစေ။ ဒါပေမယ့် သူများကိုတော့ သွားပြီးအပြစ်မတင်ပါလေနှင့်။ မင်းနဲ့ အတူ ဆာချားလ်စ်ဟော်တန် (ယင်းမှာ သူနှင့်ရွယ်တူ မြို့စားငယ်ကလေးတစ်ယောက်ဖြစ်သည်။) လာနေတယ်ဆိုလို့ ဖေဖေ ဝမ်းသာတယ်။ သူ့ကို မင်း ဂရုစိုက်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ မင်္ဂလာညပါ။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**





## သင့်သွေးဖြင့် အသက်ကယ်ပါ

## မြေရောင်းမည်

ပေ(၄၀×၆၀)နှစ်ကွက်၊ ဂရန်သီးခြား၊ ပိုင်ရှင်အမည်ပေါက်၊ ရန်ကုန်မြောက်ဒဂုံ၊ ၂၈ရပ်ကွက်၊ ဆရာစံလမ်းမပေါ်၊ ပင်လုံဆေးရုံကြီးနှင့်တစ်ဖက်တစ်ချက်၊ မျက်နှာချင်းဆိုင်၊ နှစ်ကွက်တွဲရောင်းမည်။ ခွဲမရောင်းပါ။ ဖုန်း- ၀၉-၇၃၂၄၃၉၅၅ ညှိနှိုင်းဈေး၊ ပွဲစားမလိုပါ။ (၂၀၁၅ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်းသာ)

## အိမ်ခြံမြေရောင်းမည်

ပေ(၈၀×၁၀၀)၊ ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင်၊ ထောင့်ကွက်၊ မွန်ပြည်နယ်၊ မော်လမြိုင်၊ မြိုင်သာယာမြို့သစ်၊ အမှတ်(၁၄၂)၊ လမ်းသွယ်(၃)လမ်းနှင့် မြိုင်သာယာလမ်းမကြီးထောင့်၊ လမ်းသွယ်ဘက်ခြမ်းတွင် ပေ(၄၅×၂၉)၊ ရေ၊ မီး၊ ဖုန်းပါသော တစ်ထပ်တိုက်ရှိ စီးပွားရေးလုပ်ငန်းလုပ်ရန် အလွန်ကောင်း၊ ဖုန်း-၀၉-၂၅၅၈၀၅၄၂၆နှင့် ၀၉-၄၉၈၀၃၈၄၉(၂၀၁၅ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်းသာ၊ ညှိနှိုင်းဈေး၊ ပွဲစားမလိုပါ။)

## အိမ်မြေရောင်းမည်

ပေ(၃၆×၆၀)၊ ပိုင်ရှင်ကိုယ်တိုင် ရန်ကုန်၊ အင်းစိန်၊ ပိန္နဲကုန်း၊ ရွာသစ်၊ (၃)လမ်း၊ အမှတ်-၇၄၀(က)၊ ရေမီးပါ။ ညှိနှိုင်းဈေး၊ ပွဲစားမလိုပါ။ ဖုန်း-၀၉-၇၃၂၄၃၉၅၅ (၂၀၁၅ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်းသာ)

## အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလရွာနေ ဦးသိန်းမြင့်[၆/ပလန(နိုင်)၀၁၀၉၃၀]နှင့် ဒေါ်ဟံကြည်[၆/ပလန(နိုင်)၀၁၀၉၂၀]တို့၏သမီး မဝင်းကြည်[၆/ပလန(နိုင်)၀၁၀၉၂၈] သည် မိဘတို့အပေါ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးသိန်းမြင့်[၆/ပလန(နိုင်)၀၁၀၉၃၀]

ဒေါ်ဟံကြည်[၆/ပလန(နိုင်)၀၁၀၉၂၀]

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းလိုသည်

- ကားပါကင်၊ ရေကူးကန်၊ အားကစားခန်းမ၊ ပါဝင်သော ကွန်ဒိုအား အမြန်ရောင်းလိုပါသည်။ တည်နေရာ - ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ် (၄၆)၊ ၃လွှာ၊ အခန်း- C၊အကျယ် အဝန်း ၁၄၄၀ စတုရန်းပေ၊ စစ်သမိုင်းပြတိုက်၊ တပ်မတော်ခန်းမအနီး၊ ရွှေတိဂုံစေတီတော်ကိုဖူးမြော်မြင် တွေ့နိုင်မည့်နေရာ။ ရောင်းဈေး (သိန်း ၄၆၀၀)(ညှိနှိုင်း)
- တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာ၊ လယ်မြေ၃၅ ဧက၊ ရောင်းဈေး -၁ ဧက ၂၅သိန်း။
- ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ၄၃မိုင် (၃)ဖာလုံ၊ ပြည်လမ်းမကြီးဘေး၊ အင်းယက်ကြီးရပ်ကွက်၊ တာခွအုပ်စု၊ ခြံမြေ (၅)ဧက အမြန်ရောင်းလိုသည်။ ရောင်းဈေး - ၁ဧက သိန်း ၁၀၀၀။
- ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ပင်ကျေးရွာရှိမြေကွက် အမြန်ရောင်းလိုသည်။ ကားဝင်ထွက်လွယ်ပြီး၊ မီးရ၊ ပုံစံ(၇)ကျပြီး၊ ရောင်းဈေး - ၁ ဧက သိန်း ၁၁၀။
- အမှတ် (၇) လမ်း၊ အဝိုင်းရွာ၊ ငါးကန်တူးပြီး ရောင်းဈေး ၁ ဧက သိန်း ၂၇၀။

➢ ရရှင်းအိမ်ခြံမြေအကျိုးဆောင်။ ဖုန်း-၀၉-၅၀၄၃၁၇၅၊ ၀၉-၅၂၄၂၀၀၊ ၀၉-၂၅၂၂၂၂၆၃၂

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မောင်ရဲကျော်သူ[၁၂/ပဘတ(နိုင်)၀၃၁၉၃၀]ကိုင်ဆောင်သူနှင့် ကျွန်မ မခင်ရည်မွန် [၁၂/လသယ(နိုင်)၀၈၂၃၃၃]ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၉-၁၁-၂၀၁၄ရက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ အပြီးအပိုင် ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်ခြင်း(လုံး၀) မရှိတော့ပါကြောင်းကို အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မခင်ရည်မွန်

[၁၂/လသယ(နိုင်)၀၈၂၃၃၃]

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**ချောင်းဦး မတ် ၃**

ချောင်းဦးမြို့နယ် မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမတွင် မတ် ၁ရက် နံနက် ၁၀နာရီခွဲက မုံရွာမြို့တွင်ဖြစ်ပွားလျှက်ရှိသော ကြက်ငှက်တုတ်ကွေးရောဂါကာကွယ်ရေး ကြက်ခြံလုပ်ငန်းရှင် ၅၂ ဦးနှင့် တွေ့ဆုံပွဲသို့ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းသည် ဝန်ကြီးဦးသန်းထိုက်နှင့်အတူတက်ရောက်ခဲ့ပြီး ရောဂါမဖြစ်ပွားရေး၊ ညှိနှိုင်းဆွေးနွေးကြရာ တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်းအဖွဲ့ဝင် ဒေါက်တာစိုးမိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှစိန်၊ လုပ်ငန်းရှင်များကိုယ်စား ဦးသောင်းဌေးတို့က တက်ရောက်ဆွေးနွေးကြပြီး ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် လွှတ်တော်ကိုယ်စားလှယ်များက စီစဉ်ပေးခဲ့သည်။

ဆက်လက်ပြီးချောင်းဦးမြို့ မြို့သစ်ရပ်ကွက်တွင် မိုးရာသီချောင်းရေတိုက်စားမှု အန္တရာယ်ကာကွယ်ရေးအတွက် ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ မှ ထည့်ဝင်ငွေ ကျပ် ၄၅ သိန်းဖြင့် တည်ဆောက်လျက်ရှိသော တံတားတည်ဆောက်မှု ချောင်းဦးမြို့ တမာမြိုင်ရပ်ကွက်တွင် မိုးရာသီချောင်းရေတိုက်စားမှု အန္တရာယ်ကာကွယ်ရေးအတွက် ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ မှ ထည့်ဝင်ငွေ ကျပ်သိန်း၂၀ ဖြင့် တည်ဆောက်လျက်ရှိသော တံတားတည်ဆောက်မှု၊ ချောင်းဦးမြောက်ရပ်ကွက် လှေကူးတံတားကို ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ မှ ထည့်ဝင်ငွေ ကျပ်သိန်း၂၀ ဖြင့် တည်ဆောက်လျှက်ရှိမှုတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးသန်းထိုက်တို့ စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြသည်။

ထို့နောက် အမှတ် (၆) အမက ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကိုလည်း စစ်ဆေးကြည့်ရှုခဲ့ပြီး မြို့နယ် ပညာရေးမှူးနှင့် ကျောင်းဆရာမများ၏ တင်ပြချက်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

## ချောင်းဦးမြို့နယ်တွင် ဒုတိယအကြိမ်မြောက် နွား၊ နွားလှည်းအကြော့ မောင်းပြိုင်ပွဲဖွင့်

**ချောင်းဦး မတ် ၃**

ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာတွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက် နွား၊ နွားလှည်းအကြော့မောင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးစောမြင့်ဦး၊ ဦးသန်းထိုက်၊ ဒေါက်တာ မြင့်သိန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ အထောက်ကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံဌေးတို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် မုံရွာခရိုင် ပါတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးတို့ တက်ရောက်ဖွင့်လှစ် ပေးခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပထမနေ့ ပြိုင်ပွဲတွင် နွားအကြော့မောင်းပြိုင်ပွဲကို ကျင်းပရာ မုံရွာ၊ ချောင်းဦး၊ မြောင်၊ မြင်းမူမြို့နယ်များမှ ပြိုင်ပွဲဝင် အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **ကြေးမုံ**

## ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**လားရှိုး မတ် ၃**

လောက်ကိုင် ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက်ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ကာကွယ်ခဲ့ရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သား အရာရှိ၊စစ်သည်များနှင့်မိသားစုဝင်များအား ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ ပေါ်တော်မူသီရိသီဝရုန်ခိုက်ဘုရားကျောင်းဂေါပကအဖွဲ့နှင့် ဟိန္ဒူဘာသာဝင် မိသားစုများ၊ လားရှိုးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဝင်၊ အမှတ် (၉)ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး မိသားစုတို့ကလားရှိုးမြို့၊ အမှတ်(၃) ခုတင်(၁၀၀)ဆေးရုံတွင် မတ် ၂ ရက်က ဂုဏ်ပြုထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေါ်တော်မူသီရိသီဝရုန်ခိုက်ဘုရားကျောင်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် အမှတ်(၉)ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ အတွင်းရေးမှူးဦးသန်းစိန်နှင့်အလှူရှင်များက လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် ရဲဝံ့စွန့်စားစွာတိုက်ပွဲဝင်ကာကွယ်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော အရာရှိ စစ်သည်များအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်ပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ထို့ပြင်၎င်းတို့က ထိခိုက်ဒဏ်ရာရရှိသူများအား အားပေးစကားများ ပြောကြားကာ အမြန်ကျန်းမာပါစေကြောင်း ဆုတောင်းပေးခဲ့ကြသည်။ **ပြည်နယ် ပြန်/ဆက်**



## ကြက်ငှက်တုပ်ကွေး ကန့်ဘလူမြို့မဈေးတွင်စစ်ဆေး

**ကန့်ဘလူ မတ် ၃**

ကြက်ငှက်တုပ်ကွေး ရောဂါများ အခြားမြို့နယ်များတွင် ပြန်လည်ဖြစ်ပွားလာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်များအား ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် မတ် ၁ရက် နံနက် ၈နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်း၊ ဒုတိယဦးစီးမှူး၊ မြို့နယ်ဈေးတာဝန်ခံ ပူးပေါင်းအဖွဲ့တို့ လှည့်လည်စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ စစ်ဆေးရာတွင် ဒေါက်တာကျော်ဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ပကြက်များကို PC3 (တိရစ္ဆာန်ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်)ပါသည်များသာ အရောင်းအဝယ်ပြုလုပ်ကြရန်နှင့် ကြက်များကို ကိုင်တွယ်ရာတွင် လက်အိတ်၊ နှာခေါင်းစည်းများဝတ်ဆင်ကြရန်၊ ကြက်သားများကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်စွာဆေးရန်၊ ကြက်သေဆုံးမှုမှ သင်္ကာမကင်းခြင်းများ တွေ့ရှိပါက ဒေသအာဏာပိုင် (သို့မဟုတ်) မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အကြောင်းကြားပေးပါရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်မွေးကုရုံးတွင် ကြက်အရောင်းအဝယ် ပြုလုပ်သူများ၊ မြို့နယ်ဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားအရောင်းဆိုင်ခန်းရှင်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့်ဒုတိယဦးစီးမှူးတို့က ကြက်ငှက်တုပ် ကွေးရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရှင်းလင်း ဟောပြောခဲ့သည်။

ထို့ပြင်မောင်းတံဂိတ်တွင်လည်း ဖေဖော်ဝါရီ ၂၈ရက်ကဇီဝလုံခြုံရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကြက်မွေးမြူရေးဇုန်ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ ကားအဝင်၊အထွက်၊ လူတို့တွင်ဇီဝဆေးဖြန်းပေးခြင်း၊ ဇီဝလုံခြုံရေးအသိပေး ဟောပြောခဲ့သည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဝေးလံသောဒေသသို့ ဒေသဖွံ့ဖြိုးရေး နှင့် အခမဲ့ကျန်းမာရေးစစ်ဆေးပေး

**မောက်မယ် မတ် ၃**

လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လမ်းပန်းဆက်သွယ်ရေးဝေးလံခက်ခဲသည့် ဒေသများဖြစ်သော ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးရွာများသို့ အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်း ကွင်းဆင်းနိုင်ရေး ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီတွင် မြို့နယ် ဆရာဝန် ဒေါက်တာမြမြသန်းဦးဆောင်၍ ခရီးစတင်ထွက်ခွာရာ ကျေးလက်နေ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုဘဝတိုးတက်မြင့်မားစေရေး၊ ငွေကြေးဆိုင်ရာ အထောက်အပံ့များ ရရှိစေရေး၊ သောက်သုံးရေရရှိရေး၊ မီးရရှိရေး ကိစ္စရပ်များအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးလှမျိုးတို့လိုက်ပါကွင်းဆင်း ဆောင်ရွက်ကြောင်းသိရသည်။

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ စီမံချက်ကို ကျောင်းအခြေပြုလုပ်ငန်း အောင်မြင်စွာဆောင်ရွက်ပြီး ပြည်သူအခြေပြုလုပ်ငန်း စီမံချက်အောင်မြင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒေသခံဌာနဆိုင်ရာဝန်ထမ်းများ၊ NGO လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဒေသခံကျန်းမာရေးစေတနာ့ကျန်းမာရေးဝန်ထမ်းများနှင့် သင်တန်းတက်ပြီးအရန်သားဖွားများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူကြီးများကလိုက်ပါ ကူညီဆောင်ရွက်ပေးကြသည်။

ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၂၀ ရွာအား အဖွဲ့ငယ်လေးဖွဲ့ခွဲပြီး ခြေလျင်ခရီးဖြင့် ကလေးငယ်ပေါင်း ၁၀၀၀ ကျော်အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ရာ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးချို့တဲ့သူများ ၁၂၀၀ ကျော် အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းအဖွဲ့သည် မတ် ၁ ရက်တွင်မောက်မယ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **စိုင်းမျိုးသန့်( ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်၌ကျွဲ၊ နွားများ ခွာနာလျှာနာ ရောဂါကာကွယ်ဆေး အခမဲ့ကွင်းဆင်းထိုးနှံ

**ငါန်းဇွန် မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)မှ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် ကျွဲ၊ နွားများ ခွာနာလျှာနာ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဖေဖော်ဝါရီ၂၃ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ၂၈ရက်အထိ နွားကောင်ရေ ၁၁၁၄၅ ကောင် ထိုးနှံပြီးစီးခဲ့ကြောင်းသိရသည်။



အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမာမာ၏ ဦးဆောင်မှုဖြင့် ဒေါက်တာကျော်ကိုသက်၊ ဒေါက်တာဟန်ဝင်းအောင်၊ ဒေါက်တာလှိုင်ဝင်းတို့က ကျေးလက်လူငယ်များနှင့်အတူ အဖွဲ့ခွဲ၍ မြို့နယ်အတွင်းရှိ ကျေးရွာများအရောက်နယ်လှည့်ပြီး အခမဲ့ကွင်းဆင်းထိုးနှံပေးကြကြောင်းနှင့် ငါန်းဇွန်မြို့နယ်ပတ်ဝန်းကျင်နယ်မြေများအကြားရှိ သွားလာရေးခက်ခဲသော နယ်မြေများရှိ ကျွဲ၊ နွားများကို ဦးစားပေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

"ကျွဲ၊ နွားတွေမှာ ဖြစ်တတ်တဲ့ ခွာနာလျှာနာရောဂါဟာ ဗိုင်းရပ်ပိုးတစ်မျိုးဖြစ်ပြီး ရောဂါဖြစ်ပွားလာရင် ခိုင်းနွားတွေမှာ ခွာကျွတ်၊ လောက်ကျခြင်းတွေဖြစ်ပြီး လုပ်ငန်းခွင်မဝင်နိုင်တော့ဘူးပေါ့။ နို့စားနွားမတွေမှာတော့ လျှာနာတဲ့အတွက် အစာမစားနိုင်ဘဲ နို့ထွက်နှုန်းကျတာတွေဖြစ်လာတာပါ။

"ဒါ့ကြောင့်မို့ နယ်မြေခံ တောင်သူ နွားပိုင်ရှင်တွေမှာ ခွာနာလျှာနာရောဂါကာကွယ်တဲ့ ဒီတန်ဖိုးကြီး ရှားပါးတဲ့ အကျိုးရှိတဲ့ဆေးဖြစ်လို့ ဝမ်းမြောက်ကျေးဇူးတင်စွာနဲ့ တိရစ္ဆာန်တွေကို ဆေးထိုးပေးဖို့ လာလိုက်ကြတာ အားရစရာပါပဲ" ဟု မြို့နယ်ဦးစီးမှူး ဒေါက်တာမာမာကပြောပြသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## နာရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

**ရေး မတ် ၃**

မွန်ပြည်နယ် ရေးမြို့နယ်တွင် မတ် ၁ရက် နံနက်၁၀နာရီက One More အဖွဲ့မှ လှူဒါန်းလျက်ရှိသော ကျပ်သိန်း၃၀၊ ဒုဗိုလ်မှူးကြီးတင့်အောင် (ငြိမ်း) ဇနီးဒေါ်နုနုရီမိသားစု လမ်းမတော် ရန်ကုန်မြို့ မှကျပ်သိန်း၁၀၊ ဗိုလ်မှူးသိန်းတန်ဇနီး ဒေါ်ခင်ခင်ကြီး ရေးမြို့မှ ကျပ်တစ်သိန်းတို့ကို မြို့နယ်နာရေးကူညီမှုအသင်းကုသိုလ်ဖြစ်ဆေးခန်းသို့လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ မြို့နယ်နာရေးကူညီမှုအသင်းကုသိုလ်ဖြစ်ဆေးခန်းသည် နေ့စဉ်အထွေထွေရောဂါ သွားနှင့်ခံတွင်း မြန်မာတိုင်းရင်းဆေးများကို စေတနာ့ဝန်ထမ်းများဆရာဝန်ဆရာဝန်မများကပံ့ပိုးကူညီမှုဖြင့် လူနာများကိုကုသိုလ်ဖြစ်ကုသပေးလျက်ရှိကြောင်းသိရသည်။ **ထွန်းထွန်း(ရေး)**

# မိုးပွင့်(အထူး)စီမံချက်နှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု မိုင်းခုတ်မြို့နယ် ဝမ်လုံကျေးရွာ၌ ပူးတွဲကွင်းဆင်းဆောင်ရွက်

**မိုင်းခုတ် မတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ် မိုင်းနင်းကျေးရွာအုပ်စု ဝမ်လုံကျေးရွာ၌ ဖေဖော်ဝါရီ ၂၆ ရက်က မိုးပွင့်(အထူး) စီမံချက်အရ မြန်မာနိုင်ငံသားဥပဒေနှင့် ညီညွတ်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ဒေသခံပြည်သူလူထုအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအခမ်းအနားကို ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မြန်မာနိုင်ငံသားဥပဒေနှင့်ညီညွတ်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးပြီး ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူလူလူထုအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဒေသခံပြည်သူလူထုအား အိမ်သုံးဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယဥ်ဝင်း(ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**မကွေး မတ် ၃**

မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်ဈေးများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ-မရှိအပေါ် သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မကွေးမြို့ ရန်ပယ်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက တာဝန်ရှိအဖွဲ့အစည်းများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဈေးအတွင်း ယာဉ်အဝင်အထွက်လမ်းများ ရှင်းလင်းဆောင်ရွက်ခြင်း၊ ဈေးရုံတစ်ရုံချင်းအလိုက် အသုံးမလိုပိုလျှံသော သေတ္တာပုံးခွံ၊ ကတ္တူပုံးခွံများ ရှင်းလင်းခြင်း၊ ကျူးကျော်ခင်းကျင်းထားသည့် ပစ္စည်းများအား ရှင်းလင်းစေခြင်းလုပ်ငန်းများ၌ ဈေးသူဈေးသားများ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးတာဝန်ခံနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ဗိုင်းရှင်းစက်နှင့် မီးသတ်ဆေးဘူးများ စနစ်တကျအသုံးပြုတတ်စေရန် သုံးစွဲနည်းများ လမ်းညွှန်ထားရှိမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်တာဝန်ခံ ဦးစိုးညွှန့်နှင့် တာဝန်ရှိဝန်ထမ်းများ လိုက်ပါခဲ့ကြောင်း သိရသည်။

**ဖေယျတု(မကွေး)**

## သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်စာအုပ်လှူဒါန်း

**ရန်ကုန် မတ် ၃**

ဆရာတော် ဘဒ္ဒန္တဇိနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ) မုံရွာနေဇာတည်းဖြတ်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင် ဥက္ကလာဝင်းကြည်(တောင်ဥက္ကလာပ) ရေးသားပူဇော်သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော် ပထမတွဲနှင့် ဒုတိယတွဲစာအုပ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် တစ်ကျောင်းလျှင် နှစ်စုံနှုန်းဖြင့် ပထမတွဲ ၄၅၀ အုပ်၊ ဒုတိယတွဲ ၄၀၀ အုပ် စုစု ပေါင်း ၉၀၀ အုပ်ကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော် တိုက်ဓမ္မရိပ်သာကျောင်း မင်္ဂလာဒုံမြို့နယ်သို့ သွားရောက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် ပထမတွဲ၊ ဒုတိယတွဲ စာအုပ်စုစုပေါင်း ၈၀၀ အုပ်ကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုလှူဒါန်းသည့်စာအုပ်ရရှိသည့်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် စာအုပ်နောက်ပိုင်းတွင် ဖော်ပြပါရှိသော ဉာဏ်ရည်ဉာဏ်သွေးမြင့်မားရေးမင်္ဂလာတရားတော်ပြိုင်ပွဲ မေးခွန်းလွှာအားဖတ်ရှု၍ အဖြေလွှာဖြေကြားပြီး မတ်လ ၃၁ ရက်တွင် ဖော်ပြပါပုံစံအတိုင်းဖြည့်သွင်း၍ ဦးဝင်းကြည် (ဥက္ကလာဝင်းကြည်) အမှတ် ၁၀၆၄၊ ရှင်သိဒ္ဓိလမ်း၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်သို့ ပေးပို့ပါက ဆုများရွေးချယ်သတ်မှတ်ပေး၍ ဆုရရှိသူများအား ဆုချီးမြှင့်ရန်အတွက် အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# သန်လျင်မြို့နယ်၌ ဆိုလာမီးဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၃**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော ဖားကူးအရှေ့ကျေးရွာ ဆိုလာမီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် ယင်းကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး ကျေးလက်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင်ဖားကူးအရှေ့ကျေးရွာ ဆိုလာမီးလင်းရေးဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးမြင့်တို့က ဖွင့်လှစ်ပေးကြပြီး ကျေးလက်နေအိမ်များ၏ ဆိုလာမီး အသုံးပြုနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖားကူးအရှေ့ကျေးရွာ ဆိုလာမီးတပ်ဆင်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၁၅၃ သန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်အတွက် ဆိုလာအစုံ ၈၅၀ တပ်ဆင်ပေးခဲ့ရာ ကျေးရွာရှိ အိမ်ခြေ ၁၀၆၇၊ လူဦးရေ ၄၁၉၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအဆင်ပြေစွာ အသုံးပြုနိုင်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး ငွေစုငွေချေးသမဝါယမအသင်းဖွဲ့စည်း

**မြစ်ကြီးနား မတ် ၃**

ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး (DISI) ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ဖွဲ့စည်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့ရှိ အဆိုပါရုံး၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဥက္ကဋ္ဌ ဦးမောင်မောင်လတ် အတွင်းရေးမှူး ဒေါ်ကြွယ်ကြွယ်စိုးတို့ပါဝင်သော ဒါရိုက်တာအဖွဲ့ကို ရွေးချယ်တင်မြှောက်ကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၉၉)**

## မင်းလှတွင် နှမ်းစပါးပုလဲသွယ် မျိုးစေ့ကွင်းသရုပ်ပြ

**မင်းလှ မတ် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ အထူးထွက်တိုး ပုလဲသွယ်စပ်မျိုး နှမ်းစပါးငါးဧက မျိုးစေ့ကွင်းသရုပ်ပြပွဲကို ရွာတော်အုပ်စု သံပရာကန်ကျေးရွာတွင် ကွင်းအမှတ် (၈၃၉) ရှိ တောင်သူဦးစန်းမြင့်ဦး၏လယ်မြေတွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဝင်းက သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် နှမ်းစပါးပျိုးထောင်ခြင်း၏ သီးနှံအထွက်တိုးရေး အားသာချက်များကို တောင်သူများသဘောပေါက်စေရန် ရှင်းလင်းပြောကြားပြီး နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ စိုက်ပျိုးရေးဝန်ထမ်းများက စုပေါင်းမျိုးစေ့ချ ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများက မရှင်းလင်းသည်များ ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက တောင်သူများသဘောပေါက်နားလည်အောင် ရှင်းလင်းပေးခဲ့သည်။ ယင်းအခမ်းအနားသို့ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## ရေစကြိုမြို့နယ် ဆင်ခြေယာရွာ မူလွန်ကျောင်းတွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆောင်သစ်ဆောက်လုပ်

**ရေစကြို မတ် ၃**

ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာ မူလွန်ကျောင်းတွင် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေကျပ် ၃၄၂ သိန်းဖြင့် ၈၀ ပေ × ၃၀ ပေ × ၂၄ ပေ၊ အာရ်စီတစ်ထပ်၊ သမံတလင်းခင်း၊ မှန်ပြတင်း၊ မျက်နှာကြက်ပါ ကျောင်းဆောင်သစ်ကို ရွှေပန်တော်ဦးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။



ယင်းကြောင့် လာမည့်ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းဆောင်သစ်တွင် ပျော်ရွှင်စွာ ပညာသင်ယူနိုင်ကြတော့မည်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ရေစကြိုမြို့နယ်အတွင်း ကျောင်းဆောင်သစ်များဆောက်လုပ်ရန် ငွေလုံးငွေရင်းခွဲဝေချထားမှုအရ ရေစကြိုမြို့၊ စိတ္တသုခ အ. ထ. က (ခွဲ) တွင် ကျောင်းဆောင်သစ်တစ်ဆောင်၊ ရေစကြိုမြို့နယ် တောင်ဦးကျေးရွာ အ. ထ. က (ခွဲ)တွင် ကျောင်းဆောင်သစ်တစ်ဆောင်၊ သာစည်ကျေးရွာ အ. လ. က (ခွဲ) တွင် ကျောင်းဆောင်သစ်တစ်ဆောင်၊ ကမ္ဘဲ့ကျေးရွာ အ. လ. က (ခွဲ) တွင် ကျောင်းဆောင်သစ်တစ်ဆောင်၊ မြေဖြူ(မုံ) ကျေးရွာ မူလွန်တွင် ကျောင်းဆောင်သစ်တစ်ဆောင်၊ ဆင်ခြေယာကျေးရွာ မူလွန်တွင် ကျောင်းဆောင်သစ်တစ်ဆောင်စီကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကျိုင်းဖောင်း–ရေပူစမ်း–လွယ်ယုံကတ္တရာလမ်း ဖွင့်ပွဲ ကျိုင်းတုံ၌ပြုလုပ်

**ကျိုင်းတုံ မတ် ၃**

ကျိုင်းတုံမြို့နယ်တွင် တောင်သူလယ်သမားနေ့ အခမ်းအနားအဖြစ် ကျိုင်းဖောင်း-ရေပူစမ်း-လွယ်ယုံ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားအား တောင်ကြီးလမ်းနှင့် လမ်းသစ်လမ်းဆုံနေရာ၌ မတ် ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ကျိုင်းဖောင်း-ရေပူစမ်း-လွယ်ယုံ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၂၇ သန်းဖြင့် ဂလက်ဆီရေးကုမ္ပဏီမှ တာဝန်ယူ ဖောက်လုပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လမ်း၏ စုစုပေါင်းအရှည်မိုင်မှာ နှစ်မိုင်ဖြစ်ပြီး လမ်းအကျယ် ၁၂ ပေနှင့် လမ်း၏ထု ၉ လက်မရှိသည်။ လမ်းလုပ်ငန်းဆောင်ရွက်ချိန်မှာ ၂၀၁၄ စက်တင်ဘာ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်ထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လမ်းသစ်တစ်လျှောက် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားတိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။

လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော လွယ်လုံကျေးရွာမှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလုံက ခုလို အချိန်မရွေးသွားလာနိုင်တဲ့ လမ်းဖြစ်တော့ စပါး၊ ပဲ၊ ပြောင်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ အသားငါး မွေးမြူရေးထွက်ကုန်များ ဈေးသို့ လွယ်လင့်တကူ ရောင်းချနိုင်ပြီး ကျောင်းသား၊ ကျောင်းသူများလည်း ကျောင်းတက်ရ အဆင်ပြေကြောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စများအတွက် သွားရလာရ အဆင်ပြေသွားကြောင်းပြောသည်။ **(၅၁၃)**

# ပြည်နယ်ဝန်ကြီးချုပ် လောင်ချောင်းတံတားနှင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံဖွင့်ပွဲတက်ရောက်

**ဟားခါး မတ် ၃**

ချင်းပြည်နယ် မင်းတပ်မြို့နယ် စွန်တောင်-ပလုံတိုကြား၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၅ သန်းဖြင့် တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၅၀ရှိ လောင်ချောင်းတံတားဆောက်လုပ်မှု အခြေအနေကို ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက် ပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မင်းတပ်မြို့၌ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက မင်းတပ်မြို့ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးနိန်နိုင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးနှင့် မြို့မိမြို့ဖ ဦးဇေလိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်းပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးရုံခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ ကျောက်ထုနှင့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် နယ်စပ်မှတ်တိုင်သို့ ရောက်ရှိကြပြီး မြို့အဝင် ဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

# အင်ဒီ–မြန်မာစက်မှုကုန်စည်ပြပွဲ ၂၀၁၅ မန္တလေး၌ကျင်းပ

**မန္တလေး မတ် ၃**

အင်ဒီ-မြန်မာ စက်မှုကုန်စည်ပြပွဲ (၂၀၁၅)ကို ဖေဖော်ဝါရီ၂၇ ရက်မှ မတ် ၁ ရက်အထိ မန္တလေးမြို့တော်ခန်းမတွင်ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr.Gautan Mukho-padaphya တို့ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

အင်ဒီ-မြန်မာ ၂၀၁၅ကုန်စည်ပြပွဲတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စားသောက်ကုန်လုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ တူးဖော်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ အင်ဂျင်မီးစက်များ၊ ပုံလောင်းနှင့် အရည်ကြိုလုပ်ငန်းသုံးပစ္စည်းများ၊ ပန့်များ၊ ထွန်စက်များ၊ နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ၊ သံနှင့်စတီးပစ္စည်းများ၊ ကုန်တင်ယာဉ်များ၊ ဆေးဝါးထုတ်လုပ်ရေးစက်များ၊ ဘီစကွတ်၊ ခေါက်ဆွဲထုတ်စက်များ၊ အချိုရည်ထုတ်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်ဘီး၊ ဆိုင်ကယ်များ၊ စက်ပစ္စည်းများအား အိန္ဒိယကုမ္ပဏီ ၇၀ ကျော်မှ လာရောက်ပြသရောင်းချပေးခဲ့သည်။

ယင်းအပြင် အထက်မြန်မာပြည်ရှိ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အိန္ဒိယပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကိုလည်း အိန္ဒိယ အနောက်မြောက်ပြည်နယ် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းက မိတ်ဆက်ရှင်းလင်း ပြောကြားခဲ့သည်။

မြန်မာ-အိန္ဒိယနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် စာရင်းများအရ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂ ဒသမ ၁ ဘီလျံခန့်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ၃ ဘီလီယံ ကျော်ကုန်သွယ်ရန် မျှော်မှန်းထားသည်။

အိန္ဒိယနိုင်ငံသည်မြန်မာနိုင်ငံ၏ ပဥ္စမမြောက် ကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ပြီး မန္တလေး-အင်ဖာဘတ်စ်ကား ပြေးဆွဲနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ချောင်းဦးတွင်ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဘိုကာရှီမြေဆွေးပြုလုပ်နည်း လက်တွေ့ပြသ

**ချောင်းဦး မတ် ၃**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် တောင်သူပညာပေးသင်တန်း ဖွင့်လှစ်ခဲ့ပြီးနောက် ဘိုကာရှီ မြေဆွေးပုံများ လက်တွေ့ပြုလုပ်ပြသခြင်းကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီက ချောင်းဦးမြို့ စီမံခန့်ခွဲမှုကော်မတီ ရုံးဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်တွေ့ပြသခြင်းတွင် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှက ဘိုကာရှီမြေဆွေးပြုလုပ် သုံးစွဲနည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဘိုကာရှီမြေဆွေးပုံများ ပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသခဲ့သည်။

ဘိုကာရှီ မြေဆွေးပြုလုပ်ခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ရရှိနိုင်သောကြောင့် ဘိုကာရှီမြေဆွေးကို ပြုလုပ်သုံးစွဲမည်ဟု ဆုံးဖြတ်ထားကြောင်းနှင့် ကျေးရွာမှ တောင်သူများကိုလည်း ပြန်လည် ရှင်းလင်းပြောပြပြီး လက်တွေ့ ပြုလုပ်ပြသပေးမည်ဖြစ်ကြောင်း လက်တွေ့သရုပ်ပြပွဲသို့ တက်ရောက်ခဲ့သူ တောကျောင်းကြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဋ္ဌေးက ပြောသည်။

ယင်းလက်တွေ့သရုပ်ပြပွဲသို့ တက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**အိအိစိုး(ချောင်းဦး)**



**ပဲခူးမြို့တွင်းရှိ ဆိုင်ကယ်များမှာ စည်းကမ်းလိုက်နာခြင်းအားနည်းနေပြီး မီးပွိုင့်များ မီးနီနေလည်း ကြုံသလို ဖြတ်ဝင်၊ ဖြတ်ထွက် စည်းကမ်းမဲ့နေကြ၍ မကြာခဏ ယာဉ်တိုက်မှု ဖြစ်ပွားနေရသည်။ ကယ်ရီဆိုင်ကယ်များ၏ ပစ္စည်းတင်ဆောင်မှုမှာလည်း အဆမတန်တင်ဆောင်မှုများ ရှိနေကြသည်။ ပဲခူးမြို့သည် ဆိုင်ကယ် မြို့တော် ဖြစ်နေ၍ တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် စည်းကမ်းလိုက်နာလာအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဒေသခံများက ပြောသည်။** သတင်းနှင့်ဓာတ်ပုံ- ၅၈၇

# ငါန်းဇွန်မြို့၌အသိပညာပေးဟောပြောပွဲကျင်းပ

**ငါန်းဇွန် မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အတွင်း မှုခင်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းလျော့နည်းကျဆင်းရေးကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အသိပညာပေးခြင်းကို အမှတ်(၁၇) မူးယစ်တပ်ဖွဲ့စု၊ မန္တလေး (မြောက်ပိုင်း)မှ ရဲအုပ်ကျော်စိုးလင်းက လည်းကောင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့်ပတ်သက်၍ လက်တွေ့သရုပ်ဖော်အသိပညာပေးခြင်းကို အမှတ်(၁၁) ယာဉ်ထိန်း ဒုတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုရဲအုပ် စိုးမိုးကျော်ကလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးကို အမှတ်(၁၁) လူကုန်ကူးမှုတားဆီးကာကွယ်ရေး တပ်ဖွဲ့ခွဲ(မန္တလေး)မှ ဒုရဲအုပ် ထွန်းထွန်းနိုင်က လည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ NGO အဖွဲ့အစည်းများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ခဲ့ပြီး အမှတ်(၁၁) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ(မန္တလေး)က ဆိုင်ကယ်စီးဦးထုပ် အလုံး၂၀၊ လက်ကမ်းစာစောင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာများပေးချက်များ ပါဝင်သော ဗလာစာအုပ် ၂၅၀ တို့အား လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက်မတည်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**စလင်း မတ် ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စွန်ကွန်းညိုကျေးရွာအုပ်စု ကြယ်စုကျေးရွာတွင် မြစိမ်းရောင်(ငါးကဏ္ဍ) အရင်းမပျောက် မတည်ငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အရင်းမပျောက် မတည်ငွေများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့သို့ အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များနှင့် မြို့နယ်၊ ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ)ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**တင်ထွန်းဦး(မင်းဘူး)**




**အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းတွင် မီးအာမခံနှင့်အတူ ငလျင်အာမခံထားရှိသော စစ်ကိုင်းမြို့ ပိုးတန်းရပ်ရှိ ဦးအေးကြီး-ဒေါ်သိန်းသိန်းဝေတို့ပိုင်ဆိုင်သော အဆောက်အအုံသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ညနေ ၅ နာရီ ၄၇ မိနစ်က လှုပ်ခတ်သွားသော ပြင်းအား ရစ်ချက်စတာစကေး (၅) အဆင့်ရှိ ငလျင်ဒဏ်ကြောင့် အဆောက်အအုံနံရံများ အက်ကွဲပြီး မျက်နှာကြက်အချို့ ကွာကျမှုများဖြစ်ပွားခဲ့ရာ ပြန်လည်ပြင်ဆင်ရန် ကုန်ကျစရိတ်လျော်ကြေးငွေကျပ် ၈၀၇၃၀၀၀ ကို အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း မန္တလေးရုံးချုပ်တွင် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပေးအပ်ခဲ့ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - သီဟကိုကို(မန္တလေး)

အတွေးအမြင်

# “စိတ်သစ်များဖြင့်ရှင်သန်ပါ”

**ခ** သရက်တန်းစိုးရွှေ(စိတ်ပညာ)

လက်ထဲတွင်ရှိသော ငါးကင်သည် ရေထဲတွင်ရှိသော ငါးစိမ်းထက် တန်ဖိုးရှိသည်ဟူသော စကားတစ်ခွန်းရှိနေပေသည်။ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသော လူ့ဘဝတွင် မရေရာသော စိတ်ကူးယဉ်အိပ်မက်ထက် သေချာသော လက်တွေ့ဘက်သို့ အလေးပေးကြရမည်ဖြစ်ပေသည်။

မျှော်လင့်ခြင်းသည် ရှင်သန်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်ပင် ဖြစ်ပေသည်။ သို့သော် လက်တွေ့မဆန်သော မျှော်လင့်ခြင်းသက်သက်သည် ဘဝကိုဖျက်ဆီး၍ စိတ်ဓာတ်ကို သတ်ဖြတ်တတ်ကြမြဲပင်ဖြစ်ပေသည်။ လူသားတို့ ရှင်သန်နေထိုင်လာသော သမိုင်းကြောင်းနှင့်တကွ ဘဝ ရုန်းကန်မှုသမိုင်းတို့တွင် စိတ်ကူးယဉ်ဆန်စွာ လွယ်လွယ်နှင့်အောင်မြင်သူတို့ကား ရှားပါးလွန်းလှပါပေသည်။ သို့အတွက် ဘဝအတွက် စိတ်ကူးဖြင့်ကြံဆ၍ လက်တွေ့ဖြင့် ဖန်တီးပါ။ စိတ်ကူးယဉ်ဆန်စွာဖြင့် လေပေါ်တိုက်အိမ်ဆောက်ခြင်းကို ရှောင်ကွင်းကြရပေမည်။

‘အတုမြင် အတတ်သင်၍’ အချောင်ခိုတတ်သော စိတ်ဓာတ်သည် စာရိတ္တကို ရိုက်ချိုးပြတတ်ကြမြဲပင်ဖြစ်ပေသည်။ လွယ်လွယ်ရသမျှ လွယ်လွယ်ကုန်၍ ဘဝကိုစုန်နေသမျှ စိတ်ဓာတ်တို့ နိမ့်ကျသွားတတ်မြဲပင်ဖြစ်ပေသည်။ သို့အတွက် လှပသောဘဝကျောင်းတွင် ကိုယ့်စိတ်ကိုယ်မြှင့်တင်ခြင်း သင်ခန်းစာကိုကောင်းစွာသင်ကြားဖို့ လိုအပ်လှပါပေသည်။

ရခဲလှသောလူ့ဘဝတွင် မှန်ကန်သောအသိရှိဖို့ကလည်း ပိုမိုရခဲလွန်းလှပါပေသည်။ တစ်ထွာသော ဝမ်းကလေးအတွက် သောကတွေဖက်ကာ ဒေါသတွေထွက်နေပါက ရခဲလှသောကာလသည် အသုံးမကျသလိုဖြစ်သွားတတ်မြဲပင်ဖြစ်ပေသည်။ အန္တရာယ်တွေ များစွာလွှမ်းခြုံထားသောလောကအတွင်း၌ မိမိ၏အသိအား အဆိပ်မသင့်သွားရေးကို အလေးပေးဂရုပြုကြရမည် ဖြစ်ပေသည်။

‘လိုတိုင်းတ မရ’ ဆိုသောစကားအရ ဘဝသည် ကန့်သတ်ချက်ဖြင့် စီမံပြဋ္ဌာန်းထားတတ်ပေသည်။ ပေါက်ပေါက်ရှာရှာတွေးတောသူတစ်ဦး၏ စကားအရ မြောက်မြားစွာသောလူများ မျက်နှာပုံတွေမတူတာ အံ့သြစရာပါလားဟုပင် ဆိုရပေမည်။ ထို့အတူပင် ကွဲပြားခွဲခြားမှုများဖြင့်တည်ရှိနေသော လူ့ဘဝတွင် ကိုယ်တိုင်၏ ဖန်တီးရှင်သည် ကိုယ်သာပင်ဖြစ်တတ်ပေသည်။ သို့အတွက် ဘဝအတွင်း လူဖြစ်လာခြင်းအမြတ်ရရေးအတွက် စိတ်ဓာတ်လတ်ဆတ်ဖို့ လိုအပ်လှပါပေသည်။

လူတစ်ဦးအတွက် လောကသည် တာဝန်တစ်ရပ်စီပေးထားတတ်ကြပေသည်။ တာဝန်ကိုယ်စီနှင့် လူသားအတွက် ကိုယ်တိုင်စီရင်အပ်သောအရာမှာ ကိုယ်တိုင်ရေးသော သမိုင်းသာလျှင် ဖြစ်ပေသည်။ သမိုင်းကိုယ်စီရေးခွင့်ရသော လူသားများအကြား ရေးသားခြင်းခေါင်းစဉ်ကွဲများ ရှိနေတတ်ပေသည်။ ထိုခေါင်းစဉ်များအရ ဘဝသည် အရောင်ပြောင်းရင်းဖြင့် အမြင်၏ခံစားမှုများကို ခံစားသွားတတ်ကြမြဲပင်ဖြစ်ပေသည်။

အလှဆုံးသောပန်းများအား လိပ်ပြာများ သတိထားတတ်ကြပေသည်။ ပတ်ဝန်းကျင်၏ သင်ကြားမှုအထွေထွေကြား အမှားအမှန်ခွဲခြားတတ်ဖို့လည်း လိုအပ်လွန်းလှပေသည်။ စိတ်သည် မကောင်းမှု၌မွေ့လျော်သည်ဆိုသည့်တိုင်အောင် ကောင်းမှုဘက်သို့လည်း ဆွဲဆောင်ခေါ်ယူကြရမည်ဖြစ်ပေသည်။ အတက်ရှိသမျှ အကျရှိ၍ အစုန်ရှိသမျှ အဆန်ရှိထားခြင်းကြားမှာ စိတ်ထားကတော့ အလယ်အလတ်ကို သိကာ ဘဝကို သိသိသာသာ ပြုပြင်သင့်လှပါပေသည်။

လျှောက်လှမ်းခြင်း၏နောက်တွင် သွားလာခြင်းအမျိုးမျိုး ရှိနေတတ်ပေသည်။ အရှေ့၊ အနောက်နှင့်တကွ ကောင်းခြင်းဆီလား၊ ဆိုးခြင်းဆီလားဆိုသော အဓိပ္ပာယ်ကိုယ်စီဖြင့် သွားလာနေတတ်ကြပေသည်။ ခံယူတတ်ခြင်းလှပနေသမျှ ယနေ့သည် ကောင်းတာပြုလုပ်ရန် အချိန်ကောင်းပင်ဖြစ်ပေသည်။ ခံယူတတ်ခြင်းမြင့်မြတ်သမျှ ဒုက္ခသည် ဘဝအတွက် ချိုမြိန်သောဟင်းကောင်းတစ်ခွက်ပင် ဖြစ်နေပေသည်။

သက္ကရာဇ်တို့ ခရီးသွားနေဆဲပင်ဖြစ်ပေသည်။ ကာလတို့စီးဆင်းသွားမြဲပင် ဖြစ်ပေသည်။ လူသားတို့ မွေးကြ၊ သေကြဖြင့် သမိုင်းရေးနေကြပေသည်။ အရင်းစစ်သမျှ လုပ်ဆောင်မှုတိုင်းသည် စိတ်၏ခြေရာများသာဖြစ်နေသည့်အတွက် စိတ်ကို တည့်မတ်ပေးကြရမည်ဖြစ်ပေသည်။ ၂၄ နာရီဆိုသည့် ရထားအသွားမှာ အလိုက်သင့်စီးတတ်ဖို့သာ အလိုအပ်ဆုံးဖြစ်နေတတ်ပေသည်။

နေ့သစ်သည် နေ့စဉ်ကြုံတွေ့ခွင့်ရှိပေသည်။ စိတ်သစ်သည်လည်း နေ့စဉ်ပြုပြင်ခွင့်ရှိနေပေသည်။ အမုန်းသည် အရှုံးဆီဦးတည်၍ အပြုံးသည် အောင်မြင်အေးချမ်းခြင်းဆီသို့ ဦးတည်သွားတတ်ပေသည်။ ခန္ဓာသည် စိတ်ခြယ်လှယ်သော အရောင်ခြယ်ခံကိရိယာသာလျှင် ဖြစ်နေတတ်ပေသည်။

နေ့စွဲတိုင်းကို စိတ်ကောင်းဖြင့်သစ်အောင် ဖန်တီးကြရပေမည်။ ကာလများကို တက်ကြွမှုဖြင့် ရှင်သန်နိုးထစေကြရပေမည်။ ကိုယ်မနိုင်သောကိုယ့်စိတ်အား အသိဖြင့် ထိန်းချုပ်ပေးကြရပေမည်။ ကိုယ်မပိုင်သော အရာများစွာတို့၏ သက်ရောက်မှုအကြား နားလည်မှုများဖြည့်ဆည်းပေးကြရမည် ဖြစ်ပေသည်။ သို့အတွက် လှပသောစိတ်နှင့် သန့်ရှင်းသောဘဝရရှိရေးအတွက် မိမိကိုယ်ကို ပြုပြင်ထိန်းသိမ်းရင်း နေထိုင်သွားသင့်လှပါပေသည်။ ။

## ကျိုင်းတောင်းမြို့၌ မီးသတ်တပ်ဖွဲ့အကြို အခြေခံသင်တန်း(၁/၂၀၁၅)ဆင်း

**ကျိုင်းတောင်း မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ မီးသတ်တပ်ဖွဲ့အကြို အခြေခံသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်တိန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂျွန်စံက သင်တန်းဆင်းအမှာစကားပြောကြားပြီး မိုးနဲမြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဝင်းကြိုင်က သင်တန်း ဖွင့်လှစ်ပို့ချရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက်သင်တန်းသားများအား မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းသားများက အရေးပေါ်မီးငြိမ်းသတ်မှု သရုပ်ပြခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၂၀၁၅ ရွှေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဆင်းပွဲ ကျင်းပ

**မြစ်ကြီးနား မတ် ၃**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းယုနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးညွန့်ရွှေတို့က အမှာစကားများပြောကြားခဲ့သည်။

သင်တန်းသို့ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ ရဲအရာရှိများ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ထရန်စဖော်မာ တပ်ဆင်

**မော်လူး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ဟဲနုရပ်ကွက်တွင် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝသုံးစွဲနိုင်ရန် ထရန်စဖော်မာတပ်ဆင်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ အခုဆောင်ရွက်နေတာကတော့ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ခွင့်ပြုရန်ပုံငွေနဲ့ မော်လူးဒေသ ဟဲနုရပ်ကွက်အတွက် အရှည်ပေ ၁၅၀၀ ရှိ 11 KV လိုင်းနဲ့ 400 V ဓာတ်အားလိုင်း ပေ ၁၀၀ ကိုလည်း တိုးချဲ့သွယ်တန်းပါတယ်။ 11, 0.4 KV 200 KVA ထရန်စဖော်မာနဲ့ ခွဲရုံတစ်ရုံကို ဆောင်ရွက်နေတာပါ။ လျှပ်စစ်ဓာတ်အားသုံးစွဲကြသူတွေ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနဲ့ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် လျှပ်စစ်ဓာတ်ကြိုးနဲ့မလွတ်တဲ့ သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ယခင် သစ်သားတိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်း စတာတွေကို ဆောင်ရွက်ပေးနေပါတယ်” ဟု မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းက ပြောပြသည်။

မော်လူးအနီးရှိ ရပ်ကွက်များတွင် ထရန်စဖော်မာများတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ သုံးစွဲနေကြပြီဖြစ်ပြီး ယခုလည်း မော်လူးဒေသ ဟဲနုရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ပြီဖြစ်သည်။ **(၆၈၅)**

## ကျေးရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု ရွှေခဲအင်းကျေးရွာ ရွာလုံးကျွတ်ဆိုလာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၆ နာရီတွင် အဆိုပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က ဆိုလာလျှပ်စစ်မီး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီက ဆိုလာလျှပ်စစ်မီးလင်းရေး လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက ဆိုလာလျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်သည့် အချက်အလက်များအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လေးထံ



လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ဖြည့်စွက်ရန်ပုံငွေဖြင့် ရွာလုံးကျွတ်ဆိုလာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ အိမ်ထောင်စုတစ်ခုချင်းစီလျှင် 90W ဆိုလာတစ်ချပ်၊ 65 Ah ဘက်ထရီတစ်လုံး၊ 300W အင်ဗာတာတစ်လုံး၊ Ah Contraller တစ်ခု၊ ၅ မီတာ မီးကြိုးတစ်ချောင်း၊ 3W မီးသီးနှစ်လုံး၊ 20W မီးချောင်းတစ်ချောင်းတို့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျေးရွာလုံးကျွတ် တပ်ဆင်ပြီးစီး၍ ရွှေခဲအင်းကျေးရွာရှိ အိမ် ၄၃၅ လုံး မီးလင်းခဲ့သည်။

ယင်းနေ့က ဆိုလာလျှပ်စစ်မီးလင်းရေး အခမ်းအနားအား နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမှတ်ကြီး၊ ဦးခင်မောင်ဌေးနှင့် ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

**ထွန်းထွန်းဝင်း(ပျဉ်းမနား)**

ပြည်တွင်းရေးရာ

# ရေလည်းမရှား မီးလည်းလင်းလာပြီဖြစ်သည့် ဘော်ဆိုင်း

à ငွေးအောင်(ကြေးမုံ)



"ကျွန်တော့နာမည် ဦးအောင်သန်းပါ။ ၂၀၁၂ ခုနှစ် ၂ လပိုင်း ၁ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ကို စတင်ထမ်းဆောင်ခဲ့ပါတယ်။ တာဝန်ယူတဲ့အချိန်ကစပြီး အခုအချိန်ထိ ကျေးရွာအတွက် အဘက်ဘက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘော်ဆိုင်းမြို့ဆိုတာထက်ကို ဘော်ဆိုင်းကျေးရွာအုပ်စုပေါ့။ ကလောမြို့နယ်မှာ ပါဝင်ပါတယ်။ မြို့ပေါ်မှာ ရပ်ကွက် (၉) ရပ်ကွက်နဲ့ ကျေးရွာပေါင်း ၁၆ ရွာ အားလုံးပေါင်းတော့ ကျေးရွာပေါင်း ၂၅ ရွာရှိပါတယ်။ အိမ်ခြေပေါင်းက ၂၇၀၀ အိမ်ရှိပြီးတော့ လူဦးရေ ပေါင်း ၁၃၄၁၂ ဦးရှိပါတယ်။"

"ကျွန်တော်တို့ မြို့လေးထဲမှာ ဓနု တိုင်းရင်းသား ၈၅ ရာခိုင်နှုန်းနေထိုင်ကြပါတယ်။ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပါတယ်။ ကျွန်တော်တာဝန်ယူတဲ့အချိန်မှာ နိုင်ငံတော်နဲ့ သတ္တုကုမ္ပဏီနှစ်ခုရဲ့ ပံ့ပိုးမှုတွေနဲ့အတူ အခုဆိုရင် ကျွန်တော်တို့ကျေးရွာလေးက ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါတယ်။ ဘော်ဆိုင်းနဲ့ ဟဲဟိုး ၁၉ မိုင်အမြန်လမ်းကို ဖောက်လုပ်ပြီးစီးတဲ့အပြင် ကျောင်းများ၊ ဆေးရုံများလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌဦးအောင်ကိုဝင်းရဲ့ ပံ့ပိုးကူညီပေးမှုနဲ့အတူ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနကို ပညာရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သောက်သုံးရေနှင့် ပတ်သက်လို့ ဘော်ဆိုင်းနယ်မြေဟာ ရေအရင်းအမြစ်မရှိတဲ့ ဒေသတစ်ခုအဖြစ် ဘူမိဗေဒပညာရှင်များက သတ်မှတ်ထားခဲ့ပါတယ်။ ရေအရင်းအမြစ်နဲ့ပတ်သက်လာရင် ရာဇဝင်တွင်ရလောက်အောင် ဖြစ်ခဲ့ပါတယ်။ ရေအရမ်းရှားတဲ့အတွက် အနီးအနားက မြို့တွေက ဘော်ဆိုင်းကျေးရွာကို လူနေသင့်တဲ့အရပ် မဟုတ်ဘူးလို့ ဆိုကြတဲ့အတွက် ခံစားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သောက်သုံးရေရဖို့အတွက် ၁၉၉၉ ခုနှစ်တုန်းက UNDP စီမံချက်နဲ့ ဆည်မြောင်းတာတမံတွေ တည်ဆောက်ခြင်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

သို့ပေမယ့်လည်း ဒီအစီအစဉ်မှာက ရာသီဥတုကောင်းမွန်မှသာ မြို့ကို ရေသွယ်တန်းဖို့အတွက် အဆင်ပြေမှာပါ။ ဆည်တည်ဆောက်ပုံကလည်း အဆင်မပြေတဲ့အတွက် ဒီစီမံချက်ကလည်း ပြည်သူတွေ သောက်သုံးရေ ရရှိဖို့အတွက် အဆင်မပြေခဲ့တဲ့အတွက် အကျိုးမပြုဘဲ ပျက်စီးခဲ့ရပါတယ်။"

၂၀၁၁ ခုနှစ်မှာ မိုးရွာသွန်းမှု နည်းခဲ့တဲ့အတွက် ကန်ရေခန်းခြောက်သွားတဲ့လို့ ကျေးရွာအုပ်စုတွင်းရှိ ပြည်သူတွေမှာ ရေတစ်စည်ကို သုံးထောင်ကျော်အထိ ပေးဝယ်သောက်သုံးခဲ့ရပေမယ့် လိုသလောက် မရနိုင်တဲ့ အနေအထားကို ဆိုက်ရောက်ခဲ့ရပါတယ်။ ဒါကြောင့် ပင်းတယ၊ ဟဲဟိုး၊ အောင်ပန်းမှာရှိတဲ့ အလှူရှင်တွေက လာရောက်ရေပေးဝေရတဲ့အတိုင်းအတာတစ်ခုထိ ဖြစ်ခဲ့ရပါတယ်။ အဲဒီအချိန်မှာပဲ ဆရာဦးအောင်ကိုဝင်းက လတ်တလော အခက်အခဲဖြစ်နေတဲ့ အချိန် အသုံးပြုနိုင်ဖို့အတွက် ပင်းတယဇော်ဂျီချောင်းမှ ရေကိုတိုက်ပြီး ရေဘောက် စာကားနဲ့ တစ်နေ့ကို ကိုးခေါက် သယ်ယူဖြန့်ဖြူးခဲ့သော်လည်း ပြည်သူတွေ ရေ ၁၀ ဂါလန်ခန့် သာရခဲ့ပါတယ်။ အဲဒီနောက်မှာပဲ ဆရာဦးအောင်ကိုဝင်းက ဆက်လက်ပြီး ရွာမှာရှိတဲ့ မြေသားကန်ကြီးကို တူးဖော်ခိုင်းခဲ့ပါတယ်။ မြေသားကန်က နုန်းတွေပြည့် နေတဲ့အတွက် မိုးရေလှောင်ကန်ကို သိုသိုသိပ်သိပ်နဲ့ပဲသုံးစွဲခဲ့ရပါတယ်။ ဘော်ဆိုင်းမှာရှိတဲ့ ကျေးရွာအုပ်စုတွေမှာ အဝီစိတွင်းတွေကို ဦးအောင်ကိုဝင်းနဲ့ လှူဒါန်းငွေများနဲ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလက ကုန်းမြင့်သာယာပိုင်းတွေမှာ အဝီစိတွင်း တစ်တွင်း၊ ဘော်ဆိုင်းဘက်မှာ တစ်တွင်း၊ နှစ်တွင်းကို ရေအရင်းအမြစ်ရရှိရေးဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ပေးခဲ့တာအောင် မြင်ခဲ့ပါတယ်။ ကံဦး၊ ဈေးကုန်းကျေးရွာတွင်လည်း နည်းတူအောင်မြင်ခဲ့ပါတယ်။ သောက်ရေရရှိအောင် ရေရှားပါးတဲ့ဒေသတွေမှာ အဝီစိတွင်းတွေကို တူးဖော်ခဲ့ပါတယ်။ တချို့ရေရှားပါးတဲ့ ဒေသတွေမှာ ပေပေါင်း ၇၀၀၊ ၈၀၀ထိ တူးဖော်ခဲ့သော်ငြားလည်း တချို့ဒေသတွေမှာ ရေမရရှိဘဲ အခက်အခဲတွေ ရင်ဆိုင်ခဲ့ရပါတယ်။

အခုဆိုရင် ကျွန်တော်တို့ ဘော်ဆိုင်းကျေးရွာမှာ တွင်းပေါင်း ၂၃ တွင်း တူးဖော်ခဲ့ရာ ၁၄ တွင်း အောင်မြင်ခဲ့ပါတယ်။ ဒီနေ့ကာလမှာတော့ ဆရာဦးအောင်ကိုဝင်း လှူဒါန်းမှုနဲ့ ရေအရင်းမြစ်ဦးစီးဌာနရဲ့ ဆောင်ရွက်ပေးမှုကြောင့် တွင်းပေါင်း ၄၈ တွင်း တူးဖော်ခဲ့ရာ ၂၉ တွင်း အောင်မြင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဘော်ဆိုင်းကျေးရွာဟာ ဘူမိဗေဒပညာရှင်တွေပြောခဲ့တဲ့အတိုင်း ရေရရှိဖို့ အလွန်ခက်ခဲတဲ့နေရာမှန်ပေမယ့် ဒီနေ့တော့ အားလုံးရဲ့ ကူညီစောင်မပေးမှုကြောင့် သဘာဝကပေးတဲ့ သန့်ရှင်းတဲ့ သောက်သုံးရေအရင်းအမြစ်ကို မမျှော်လင့်ဘဲ ဖူလုံစွာ သောက်သုံးနေရပြီဖြစ်ပါတယ်" ဟု ကျေးရွာအတွက် ရေရရှိရေး ဆောင်ရွက်ခဲ့သည့် အကြောင်းများကိုဝမ်းသာစွာဖြင့် ရှင်းပြသွားသည်။

"လျှပ်စစ်မီး ရရှိဖို့အတွက် ကျေးရွာတိုင်း မီးလင်းရမယ်လို့ နိုင်ငံတော်က ချမှတ်ထားတဲ့အတွက် သတ္တုလုပ်ငန်းကုမ္ပဏီကြီးနှစ်ခုနှင့် အသေးစားကုမ္ပဏီ ၁၂ ခုတို့ကို ကျေးရွာမီးလင်းရေး ကူညီဆောင်ရွက်ပေးကြရန် အစည်းအဝေးခေါ် ဆွေးနွေးမှုကြောင့် ယခုဆိုရင် မြို့ပေါ် ကိုးရပ်ကွက်ရှိ အိမ်ခြေ ၄၁၂ အိမ် မီးရရှိပြီဖြစ်ပါတယ်" ဟု မီးရရှိရေး ဆောင်ရွက်ပုံကို ဆက်လက်ရှင်းပြသည်။

စာရေးသူ ဘော်ဆိုင်းဒေသကို ရောက်ရှိခိုက် ရပ်ကွက်များအတွင်း ရေရရှိရေး ဆောင်ရွက်ထားပုံများကို တောင်ကြီးခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက လိုက်လံပြသသဖြင့် မှတ်တမ်းဓာတ်ပုံရယူနိုင်ခဲ့သည်။ ရွာသူရွာသားတို့အတွက် အိမ်အနီးပတ်ဝန်းကျင်အထိ ရေသွယ်ပေးထားမှုကြောင့် ဝေးဝေးလံလံသွား၍ ရေသယ်စရာမလိုတော့ဘဲ ခြံရှေ့ထွက်ကာ ရေသယ်ယူနိုင်သဖြင့် များစွာပျော်ရွှင်နေကြသည်ကို မြင်တွေ့ခဲ့ရသည်။ ရေ၏အကျိုးကျေးဇူးကို ဘော်ဆိုင်းဒေသနေပြည်သူများ လက်တွေ့သိရှိခံစားနေရပြီး ယခုဆိုရင် မီးလည်းလင်း၊ ရေလဲမရှား၊ အလုပ်အကိုင်အခွင့်အလမ်း လဲပေါများ၊ လမ်းပန်းဆက်သွယ်ရေးလည်း အဆင်ပြေလာပြီဖြစ်သဖြင့် ဘော်ဆိုင်းဒေသသည် အေးချမ်းသာယာလှပပြီးဖွံ့ဖြိုးလာတော့မည်ဖြစ်ပါသည်။

## တောင်သူလယ်သမားနေ့ အထိမ်းအမှတ် လွှတ်တော်လမ်းနှင့် တံတားသစ်များ ဖွင့်လှစ်

**သထုံ မတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလား ကျေးရွာတွင် ၂၀၁၅ ခုနှစ် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် ကရင်စုရပ်၊ လွှတ်တော်လမ်းနှင့် တံတားတို့ကို မတ်လ ၂ ရက် နံနက် ၈ နာရီခွဲက ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဖွင့်လှစ်ခဲ့ကြသည်။ -

"ယခင်က လှည်းလမ်းကလေးပါ။ ကားသွားလို့မရဘူး။ ဒီလမ်းကို အိမ်ခြေ ၆၀ ကျော်လောက်ရှိတဲ့ ကရင်စုရပ်က ရွာသားတွေအပြင် အနီးဝန်းကျင် ရော်ဘာခြံက ခြံရှင်တွေနဲ့ အလုပ်သမားတွေလည်း အသုံးပြုကြမှာပါ။ နောက်ပြီးရော်ဘာခြံတွေက ထွက်တဲ့ရော်ဘာတွေ သယ်ဖို့အတွက်လည်း ဒီလမ်းကိုဘဲ သုံးရမှာဖြစ်လို့ ဒီဒေသအတွက် အရေးပါတဲ့ လမ်းပါ။" ဟု လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုံးသော်က ပြောသည်။ အဆိုပါလမ်းကို ၂၀၁၄ ခုနှစ် ဇွန်လမှစတင် ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲအမျိုးမျိုးတို့ကြောင့် ကြန့်ကြာနေခဲ့ရခြင်းဖြစ်သည်။ "လမ်းဖြစ်ဖို့အတွက် အခက်အခဲတွေ အများကြီး ရှိခဲ့ပါတယ်။ ဒီအခက်အခဲတွေကို ကျွန်တော်တို့ဆီက လွှတ်တော်ကိုယ်စားလှယ်ကြီးတွေက ကူညီဖြေရှင်းပေခဲ့လို့ အခုလိုလမ်းဖွင့်ပွဲပြုလုပ်နိုင်တာပါ။ ကိုယ်စားလှယ်ကြီးတွေကို ကျေးဇူးတင် ဂုဏ်ပြုတဲ့ အနေနဲ့ လမ်းရဲ့ အမည်ကိုလည်း လွှတ်တော်လမ်း လို့ပေးခဲ့တာပါ။" ဟု ဦးအုံးသော်က ဆက်လက်ပြောကြားသည်။

လမ်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဖေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုံးတို့ တက်ရောက် အမှာစကားပြော ဖွင့်လှစ်ပေးခဲ့ကြပြီး နောင်ကုလားကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ကရင်၊ ပအိုဝ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာယိမ်းအကများဖြင့် စည်ကားစွာ ဖျော်ဖြေခဲ့ကြသည်။ အဆိုပါလမ်းနှင့် တံတားတို့မှာ ဒေသခံပြည်သူများနှင့် အလှူရှင်များစုပေါင်း လှူဒါန်းမှုဖြင့် ကျေးရွာသားများကိုယ့်အားကိုယ်ကိုး ပြုလုပ်ခဲ့သည့် အရှည် ၄၂၀ ပေ၊ အကျယ် ၂၂ ပေရှိ မြေသားလမ်းနှင့် သံကူကွန်ကရစ်တံတားဖြစ်ပြီး လာမည့်နှစ်အတွင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းသွားမည်ဖြစ်ကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ **သက်ဦး(သထုံ)**

## ကျောက်တံခါးမြို့နယ်၌ ကိုယ့်အားကိုယ့်ကိုးစနစ်ဖြင့် ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းပြီ

**ကျောက်တံခါး မတ် ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ခင်တိုကျေးရွာ၊ နံ့ဇကျေးရွာအုပ်စု တလိုင်းခင်ကျေးရွာ၊ ဗောဓိကွင်းကျေးရွာအုပ်စု၊ ဖျံတလင်းကျေးရွာ၊ သုံးအိမ်စုကျေးရွာ၊ ရေလည်စုကျေးရွာ စုစုပေါင်း ကျေးရွာ ငါးရွာတွင် မတ် ၂ ရက်မှစ၍ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးများရရှိပြီဖြစ်ကြောင်း သိရသည်။

ယခင်က ကျွန်တော်တို့ ကျေးလက်ဒေသတောရွာတွေမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်မီးနဲ့ဘဲ နေထိုင်လာခဲ့ရပါတယ်။ ရွာတွေမှာ သာရေး၊ နာရေး၊ အလှူမင်္ဂလာပွဲတွေရှိရင် မီးစက်တွေနဲ့ အသုံးပြုရပါတယ် အခုတော့ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် နိုင်ငံတော်အကြီးများ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ မြို့နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြတောင်းခံမှုတွေကြောင့် မိမိတို့ ကျောက်တံခါးမြို့နယ်မှ ကျေးရွာအုပ်စုပေါင်း ၆၀၊ ကျေးရွာပေါင်း ၃၁၃ ရွာတို့တွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းနှင့် ကျောင်း၊ ဆေးခန်း၊ ဆေးရုံ၊ ရေရရှိရေး၊ ဆိုလာမီးများဖြင့် ရွာလုံးကျွတ်မီးလင်းနိုင်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ရွာသူ ရွာသားများစုပေါင်း၍ ဆောင်ရွက်ခဲ့ပြီး မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့ပြအင်ဂျင်နီယာနှင့်ဝန်ထမ်းများက လျှပ်စစ်မီးလိုင်း၊ မီးကြိုး၊ မီးတိုင်များ စိုက်ထူဆက်သွယ်ပေးခဲ့သည့်အတွက် ကျောက်တံခါးမြို့နယ်မှ ကျေးရွာပေါင်း ငါးရွာတွင် လျှပ်စစ်မီးထိန်ထိန်လင်းနေပြီဖြစ်၍ ရွာသူ ရွာသားများမှ အတိုင်းမသိဝမ်းသာပျော်ရွှင်နေကြကြောင်းဖျံတလင်းကျေးရွာနေ ဦးလှဦးက ပြောကြားသည်။ **ခင်ကို(ကျောက်တံခါး)**

## ကူတုတ်ကျေးရွာ၌လမ်းကူးရေနုတ်မြောင်း တည်ဆောက်လျက်ရှိ

**ရေစကြို မတ် ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ရေစကြိုမြို့နယ် ညောင်တောအုပ်စုကူတုတ်ကျေးရွာအရှေ့ဘက်၌ လမ်းကူးရေနုတ်မြောင်း ပေ၇၀၀ရှိသော မြေသားကျောက်စရစ်လမ်းခင်းရန်အတွက် ကျပ် သိန်းနှစ်ဆယ်ခုနစ်သိန်းရှစ်သောင်းချပေးပြီး အလျား၂၀ပေ အနံ၇ပေ၊ အနက်၃ပေရှိသောလမ်းကူးရေနုတ်မြောင်းတည် ဆောက်ပေးနေသည်ဟုသိရသည်။

အဆိုပါ လမ်းခင်းမှုနှင့်ရေနုတ်မြောင်းတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေသည်ဟု ကူတုတ်ကျေးရွာဥက္ကဋ္ဌထံမှ သိရသည်။ "အရင်တော့ကျွန်တော်တို့ရွာကရေဝင်ပိုင်းဆိုတော့ ရေဝင်ရင်ကူတုတ်ရေစကြိုလမ်းမကြီးကတစ်နှစ်တစ်ခါပြန်ပြင်ရတယ်။ ရေအားဖြင့်လမ်းပါတိုက်စားသွားတယ်ဒီနှစ်တော့ ရေနုတ်မြောင်းနှင့်ကျောက်စရစ်ခင်းပေးသည့်အတွက်နောက်နှစ်အတွက်ပြင်စရာမလိုတော့ပါဘူး"ဟု ကူတုတ်ကျေးရွာဥက္ကဋ္ဌ ဦးဝင်းနိုင်ထံမှသိရသည်။

**ရင်အောင်ဦး(ရေစကြို)**



## ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေးရှင်းလင်းပွဲကျင်းပ

**သန်လျင် မတ် ၃**

ရန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝန်ထမ်းမှိခိုသူမိသားစု၏ အင်အားစာရင်းကောက်ယူရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးထပ်ဆင့် ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်နံနက် ၉နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ရုံးခန်း၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ ရဲတပ်ဖွဲ့မှူးကြီးကြည်လွင် တက်ရောက်၍ တပ်ဖွဲ့ဝင်ဝန်ထမ်းမိသားစု၏ အင်အားစာရင်းကောက်ယူရေးနှင့် ပတ်သက်၍လည်းကောင်း၊ ရွေးကောက်ပွဲ ဆိုင်ရာလုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ရှင်းလင်းအမှာစကားပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲ့တပ်ဖွဲ့မှူးများ၊ ဒုရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြကြောင်းသိရသည်။

**တင်မောင်ဌေး(သန်လျင်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးတံတားတည်ဆောက်

**သန်လျင် မတ် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော သနပ်ပင်-အုတ်ဖိုစုကွန်ကရစ်ဘိုးပိုင်တံတား တည်ဆောက်ခြင်း (၁၁၀ ×၁၄) ပေ နှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၂/၁ မိုင်×၁၂ပေ× ၉လက်မ) အား APAZ Co.,Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ







## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၅ (စက်မှု)၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်အပိုင်း-၄၊ မြေကွက်အမှတ်-၁၂၂၊ ဧရိယာ(၂. ၀၃၅)ဧက နှစ်(၆၀) ဂရန်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် အပိုင်း(၄) ပန်းတည်းဝန် ဦးရွှေဘင်လမ်း၊ အမှတ်(၁၂၂)ဟု ခေါ်တွင်သော ဂိုဒေါင်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှိုင်ဟိန်းနှင့် ဒေါ်စံနှင်းခိုင်တို့ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ဦးစံဌေးအမည်ဖြင့် ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၀၇၄/၂၀၁၃ကို လက်ခံရယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းဌေး[၁၂/စခန(နိုင်)၀၄၆၉၂၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ထွန်း(စဉ်-၃၅၅၇)**
**B.A(Law),LL.B**

**ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)**
**B.A(Law),LL.B**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မစိုးရိမ်(၂)လမ်း၊ အိမ်အမှတ်(၁၂/၅၈)နေ ဒေါ်စန်းကြည်၏တူ၊ ဒေါ်သန်းတင့်၏သားဖြစ်သူ မောင်နိုင်မင်း(ခ) နေလင်းထွန်း[၉/ ပမန(နိုင်)၁၄၄၉၇၁] ကိုင်ဆောင်သူသည် မိခင်၊ အဒေါ်နှင့်မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိခင်၊ အဒေါ်တို့၏ ဆိုဆုံးမမှုတို့ကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိခင်-ဒေါ်သန်းတင့်၊အဒေါ်-ဒေါ်စန်းကြည်**

## ပြည့်ကျော် စာသင်ဝိုင်း

**ဆရာကြီး သချ်ာ ဦးအောင်သောင်းဦးစီးကြီးကြပ်သည်။**

အင်္ဂလိပ်စာ - ဦးရည်ထန်းမွန် (M.A)၊ ဓါတုဗေဒ - ပါမောက္ခ ဒေါက်တာနိုင်မေဦး (ငြိမ်း)၊
မြန်မာစာ - ဒေါက်တာဇော်လွင်၊ ရူပဗေဒ - တွဲဖက်ပါမောက္ခ ဒေါက်တာစင်လှိုင် (ငြိမ်း)
Bio - ဆရာကြီး Bio ဦးမြမော်၊ သချ်ာ - ဒေါ်မြလေးဦး၊ဒေါက်တာ ဆွေဆွေထိုက်

ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက် .....

**၉တန်း၊ ၁၀တန်း (၁၀) ယောက်သီးသီးသန့်သန့်စာသင်ဝိုင်း**

ကျောင်းသားစတင်လက်ခံပြီ။

မြေအမှတ် - ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၂၅၉ ၂၈၆၇၂၇၊ ၀၉ ၂၅၀၃၅၇၀၅၃

UE WAKITA

# CONGRATULATIONS

to

## UE-WAKITA JV EQUIPMENT CO., LTD.

on its

## Signing Ceremony

on 27th February, 2015 in Yangon

With Best Wishes from

# CONGRATULATIONS

to

## UNITED ENGINEERING CO., LTD.

on its

## 25TH ANNIVERSARY

With Best Wishes from

ကြော်ငြာ

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် ဘာဘာဝဓာတ်ငွေ့လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၄/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်သုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-166(14-15) | Maintenance/Requirement for Pipeline Centre (PLC) Daw Nyein | US$ |
| (၂) | IFB-167(14-15) | Spares for National Torque Converter(21)Items | US$ |
| (၃) | IFB-168(14-15) | Electrical Spares (14)Items for $D_3$ $T_2$ Rigs | US$ |
| (၄) | IFB-169(14-15) | 5"Drill Pipe (1000)M | US$ |
| (၅) | IFB-170(14-15) | Maintenance/Requirement for Ywama Gas Distribution Station(GDS) | US$ |
| (၆) | DMP/L-042(14-15) | UPS with Stabilizer (Online System,10KW) & Auto Start Electric Generator (20KVA) | Ks |
| (၇) | DMP/L-043(14-15) | Echosounder (1)Lot | Ks |
| (၈) | DMP/L-044(14-15) | Spares for F1600 Rig Pump (5)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၃-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆**

## AIESEC & MPDC Global Exchange Leadership Development

-ကမ္ဘာတစ်ဝန်းရှိ အရည်အချင်းရှိလူငယ်များဖြင့် ဖွဲ့စည်းထားသော AIESEC အဖွဲ့အစည်းနှင့် MPDC တို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ လူငယ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးကောင်းများ ရရှိနိုင်မည့် Leadership Program ကို MPDC တွင် ၂၀၁၅ခုနှစ်၊ မတ်လ ၁၀ ရက်တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

-သင်တန်းကာလမှာ (၄)လကြာမြင့်မည်ဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာတစ်ဦးမှ စာတွေ့၊ လက်တွေ့သင်ကြားပေးမည့်အပြင် နိုင်ငံတကာအတွေ့အကြုံရရှိနိုင်သော Internship Program လည်း ပါဝင်မည်ဖြစ်သည်။

သင်တန်းချိန်-Tuesday,Wednesday, Thursday:6:00-8:00PM, Saturday: 9:00- 5:00 PM

MPDC Campus: အဆောင်(၁၅)၊ မြေညီထပ်၊ မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Email:sandra@newklink.com

ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ ၀၉-၇၃၁၀၃၇၈၅၊ ၀၉-၄၂၀၁၁၄၅၀၁၊ ၀၉-၂၅၆၁၄၆၉၁၉။

Konica ချောရီ WEDDING DRESS PHOTO STUDIO
အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်း မီးသတ်ရှေ့၊ ကျောက်တံတားမြို့နယ်။
Tel:01 256251, 01 372292



မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
( ကျွန်တော်တို့ကြိုးပမ်းအားထုတ်နေတာ သင်လှဖို့ )

သင်္ကြန် အထူးခရီးစဉ်များ Royal Paramount Travels & Tours
ဥရောပ ခရီးစဉ် ၁၄ ရက် USD 5450
ဂျပန် ၉ ရက် USD 3200
ကိုရီးယား ၈ ရက် USD 2200
ဘန်ကောက်-ဖူးခက် ၆ ရက် USD 990
ဘန်ကောက်-ပတ္တရား ၆ ရက် USD 680
